
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်မိသွားရင်

ထင်ရဘူး နော်



DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၁၀၂၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၀၃၀၃၁၂

ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့ံပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
ဇူလိုင်လ။

အုပ်ရေ ● ၅၀၀ အုပ်

တန်ဖိုး ● ၁၀၀ ကျပ်

ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅·၈၃

ချစ်မျှားရှင်
ထင်ရဘူးနော်/ ချစ်မျှားရှင်။ - ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
၁၆၀ စာ၊ ၁၃ × ၂၀·၇ စင်တီ။
(၁) ထင်ရဘူးနော်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

'Telepathy ဆိုတာ မင်းသိလား'

သိန်းဝေရဲ့ အမေးကို ကျွန်တော် ခဏစဉ်းစားလိုက်တယ်။ ဒီကောင်က ဟိုစပ်စပ် ဒီစပ်စပ် ဗဟုသုတလေးတစ်လုံးစ နှစ်လုံးစကို ဒီလိုပဲ သယ်သယ်လာပြီး ပြဿနာရှာတတ်တာ။

'အင်း... တယ်လီပသီ... တယ်လီပသီ... ဟာ... သိတာပေါ့၊ တယ်လီဖုန်းနဲ့ လိုက်ဆက်ပြီး ပလီတာလေ၊ ပြောရမယ်ဆို ဖုန်းသရဲပေါ့ကွာ'

အဖြေစကားကို ကြားတယ်ဆိုရင်ပဲ... ငနဲက... မင်းအဆင့်ကို ငါသိပြီးသားပါကွာဆိုတဲ့ အကြည့်နဲ့ အထင်တသေး ကြည့်ပြီး... ခနဲ့ပြုံးကာ...

'မင်းကွာ... ဒါကြောင့်မလို့ ဗဟုသုတရှာပါဆိုတော့ ဖွန်ပတ်ကြောင်ဖို့လောက်တောင် စိတ်မဝင်စားတဲ့အကောင်... မှတ်ထား... Telepathy ဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းဆက်သွယ်တာ။ မသိရင်မှတ်ထား'

ဒီကောင့်ရဲ့ စကားကြားတော့ ကျွန်တော် ခွက်ခွက်လန် ရယ်ရင်းလောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… မင်းကွာ၊ မဖြစ်နိုင်တာ မင်းစိတ်ကို ငါမြင်ရတာ မဟုတ်သလို ငါ့စိတ်ကိုလည်း မင်းမမြင်ရဘဲ ဘယ်လိုဆက်သွယ်မှာလဲ၊ အင်း… ဆိတ်ချင်းဆက်သွယ်ချင်ရင်တော့ ကြိုးရှည်ရှည်တစ်ချောင်းရှာထားရလိမ့်မယ်၊ အဟဲ… ဒါကမှ ဖြစ်နိုင်ချေရှိသေးတာ'

လောင်တာကို မသိချင်ယောင်ဆောင်လို့ သူ့ဟန်အတိုင်း ဆရာဂိုက်ပေးရင်း ပခုံးတွန့်တယ်။

'မင်းက ဘယ်ယုံမှာလဲ၊ ကြုံမှမကြုံဖူးဘဲ၊ အနောက်နိုင်ငံတွေ အတော်များများက ဒီကိစ္စကို ယုံကြည်ကြတယ်၊ အဓိကကတော့ သေသူတွေရဲ့ ဝိဉာဉ်တွေကိုခေါ်ပြီး စိတ်ချင်းဆက်သွယ်ကြတာ၊ အေးလေ… မင်းက ဘယ်သိပါ့မလဲ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားကိုး၊ ဒီလိုအဆင့်မြင့်အတွေးအခေါ်တို့… အဆင့်မြင့်နည်းပညာတို့ဆို မင်းခေါင်းထဲမှာ ဘယ်ရှိပါ့မလဲ'

'ဘာကွ'

ကျွန်တော် နည်းနည်းတော့ တင်းသွားတယ်။ သူလည်း တကယ့်လက်တွေ့တိတိကျကျ သိတာမဟုတ်ဘဲ စာဖတ်ပြီး လာချွတ်နေလို့လေ။

'နေပါဦး၊ မင်းက ကြီးကြီးကျယ်ကျယ်တွေ ပြောရအောင် အဲဒီအနောက်နိုင်ငံတွေကို ဘယ်နှခါရောက်ပြီး သူတို့ဝိဉာဉ်ခေါ်ပွဲနဲ့ ဘယ်နှခါကြုံခဲ့လို့လဲ'

'အဲ… အဲဒါကတော့'

ခေါင်းကုတ်ရင်း ကကျိုးကကြောင်ဖြစ်နေမှ…

'မှတ်ထား၊ မင်း… ဘယ်သူ့ကိုမဆို ဆရာလုပ်လို့ရတယ်၊ ဒါပေမဲ့ ဆရာ မလုပ်ခင် ခြေခြေမြစ်မြစ်ကို အရင်သိအောင် လုပ်ရမယ်လေ၊ လေကြီး တရားနာလုပ်တာတော့ ဘယ်ကောင်းမှာလဲကွ'

'ဒါကတော့ မင်းကပဲပြောတာပဲ၊ ဒီမှာဝိဉာဉ်ခေါ်ပွဲမှ မရှိတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီကိစ္စကို တို့အရှေ့တိုင်းကလည်း လက်ခံကြတယ်ကွ၊ အဓိကက တော့ သရဲနဲ့ ဝိညာဉ်ဆိုတာ တကယ်ရှိနေတယ်လို့ လက်ခံကြလို့ပဲ'

'ဟုတ်ပါပြီ၊ မင်းပြောတဲ့ တယ်လီပသီဆိုတာကြီးကို မင်းကိုယ် တိုင်ရော စမ်းသပ်ခဲ့ဖူးလား'

'အင်'

ငနဲ နှင်သွားတယ်။ ပြောတော့သာ ဝိညာဉ်အကြောင်း။ သူ့လောက် သရဲကြောက်တတ်တာလည်း မရှိ။ ဒီတော့ ဒီကောင်လား ဝိညာဉ်တွေနဲ့ စိတ်ချင်းဆက်ရဲမှာ...

'ဟင်း... ဟင်း... မင်းဘာမှ မပြောနိုင်တော့ဘူး မဟုတ်လား၊ အေး... ငါကတော့ ကိုယ်တွေ့မှ မဟုတ်ရင်မယုံဘူး၊ သရဲဆိုတာ ရှိကိုမရှိ တာ၊ တကယ်လို့ ရှိခဲ့ရင်တောင် လူတွေက ကြောက်စရာမလိုဘူး'

'ဟာ... ဘာလို့မရှိရမှာလဲ၊ မင်းနဲ့ငါ ကိုယ်တွေ့ကိစ္စတစ်ခုကို မင်းမေ့နေပြီလား'

မေးတော့ ကျွန်တော် ခဏစဉ်းစားတယ်။ ဒီကောင်က စိတ်မရှည် တဲ့ လေသံနဲ့။

'မင်း... ငါ့ယောက္ခထီးကြီး နာရေးတုန်းက ဖဲလာရိုက်တယ်လေ၊ ဟိုကောင်... မြင့်မိုးက ဖဲရှုံးတော့ မူးမူးနဲ့ ငါ့ယောက္ခထီးကြီးအလောင်းဘေး သွားကပ်ပြီး...'

ဒီကောင့်စကားကို ကြားမှပဲ မှတ်မှတ်ရရညတစ်ညကို သတိရ သွားခဲ့တယ်။ တကယ်တော့ ကျွန်တော်နဲ့ သိန်းဝေလင်း၊ မြင့်မိုးဦးတို့ဟာ ဆိုး... ချွတ်တားလေးကတည်းကနေ အခုအိမ်ထောင်တွေကျတဲ့အထိ ကောင်းတူဆိုးတူ ပေါင်းလာခဲ့ကြတာ။ မကောင်းတဲ့ဘက်တော့ ခပ်ပါပါ ပေါ့။

မြင့်မိုးဦးက မူးလာရင် အမြဲပြဿနာရှာတဲ့ ငနဲ။ ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သိန်းဝေက တက္ကစီမောင်းပေမယ့် ဒီကောင်က ကားပွဲစားလုပ်တယ်။ မိဘတွေ အမွေပေးတဲ့ ပစ္စည်းတွေထဲက ကားတစ်ယောက်တစ်စီးစီကို အသုံးချခဲ့ကြတယ်။ ကျွန်တော်တို့နှစ်ယောက်က တက္ကစီဆွဲပေမယ့် သင်းက ကားတစ်စီးနဲ့ ပွဲစားလုညှ်နေတယ်။

ထားတော့… အခိက အကြောင်းကို ဆက်သွားရမယ်ဆိုရင်တော့ သိန်းဝေ ယောက္ခထီးကြီးရဲ့ နာရေး ဒုတိယညက စရမှာပဲ။

သူဌေးဂယောင်တွေချည်းပဲဆိုတော့ မြင့်မြင့်ပဲ ရှိုးဆော့ကြတယ်။ သိတဲ့အတိုင်း ဒီကစားနည်းက ပိုက်ဆံအတော်သုံးရတာ။ ညတွင်းချင်း သူဌေးဖြစ်နိုင်သလို ညတွင်းချင်း ဘာမှမကျန်အောင် တက်တက်ပြောင်သွားတတ်တာ။ ကျွန်တော်တို့သုံးဦးပေါင်းတစ်အိမ်၊ ကျန်အိမ်တွေက မြင့်မိုးဦးခေါ်လာတဲ့ သူဌေးနဲ့ ပွဲစားတွေ။

ဖြစ်ချင်တော့ ဖဲကံခေပြီး ည ၁၂ နာရီကျော်တော့ ပိုက်ဆံအားလုံးတက်တက်ပြောင်တဲ့အပြင် ကားသုံးစီးကို ပေါင်တဲ့ပိုက်ဆံကလည်း ပါးပါးပဲရှိတော့တယ်။ မူးမူးနဲ့ ရှုံးတော့ ပြေးသင့်မပြေးသင့် မစဉ်းစားဘဲ တင်းပြီးကိုးပူးနဲ့ လိုက်လိုလိုက် တစ်ကိုးကင်းနဲ့ ခေါ်လိုခေါ်နဲ့ ဆရာကြီး မြင့်မိုးဦးရှုံးမွန်မွန်နေတယ်။

တကယ်တော့ ဒီဝိုင်းမှာ အလုပ်ဇယားမပါပေမယ့် ကိုယ်တွေကလွှဲပြီး ဖဲကံကောင်းနေကြတယ်။

'ကဲ… ဘယ်လိုလဲ ငမိုး၊ မင်း အနေအထားက မလှပါလားကွ၊ ကုန်ပြီလား'

ဘစ်ယောက်က ခနဲ့တဲ့တဲ့ မေးတော့ မြင့်မိုးက နဖူးက ချွေးကိုသုတ်ပြီး ဖြခြောက်တယ်။

'ဒါလောက်တော့ ဘာဟုတ်သေးလဲ၊ ခင်ဗျားကြောက်နေပြီလား'

'ဟား… ဟား… အေးလေ၊ ဒါဖြင့်လည်းလုပ်ပါ၊ ဆက်ကြတာပေါ့၊ ဘယ်သူက သတ္တိရှိတယ်ဆိုတာ သိရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ခဏဗျာ၊ ကျုပ်တို့ပိုက်ဆံသွားယူလိုက်ဦးမယ်'

မြင့်မိုးက တစ်ဘက်လူရဲ့ ရှေ့က ပိုက်ဆံပုံကို ကြည့်ပြီး ကျွန်တော်နဲ့ သိန်းဝေကို အခန်းအပြင်ဆွဲခေါ်သွားတယ်။ ပြီးမှ…

'သိန်းဝေ မင်းမှာ ကျန်သေးလား'

'ပြောင်ပြီ၊ မိန်းမတော့ကောဦးမှာပဲ၊ မင်းကလည်း မှန်ပြီး အတင်းလုပ်နေတာကိုးကွ၊ ကားသော့ပါဆုံးပြီဆိုတော့ မိုးလင်းရင် မိန်းမကို ဘယ်လို ချက်နှာပြရမလဲ'

'မင်းကလည်း… ပြန်ရကို ရရမယ်၊ ညည်းလိုက်တာကွာ… မိုးလွင်… မင်းဆီမှာရော'

တစ်လက်စတည်း ကျွန်တော့်ကိုပါမေးတော့ ဘာမှမပြောတော့ဘူး။ ဟာမ်းဖုန်းကို ဒီကောင့်လက်ထဲထည့်ပေးလိုက်တယ်။ မြင့်မိုးက သူ့ဟာမ်းဖုန်းနဲ့အတူရောကိုင်ရင်း…

'ဒါလောက်ဆို ဖြစ်နိုင်တယ်၊ ကဲ… သိန်းဝေ မင်းယောက္ခထီးကြီး ဘာကြိုက်တတ်လဲ'

'ဘာကွ'

သိန်းဝေ မျက်လုံးပြူးနဲ့ ထအော်တော့မှ ငနဲကပြုံးရင်း ရှင်းပြတယ်။

'ငါ မေးတာက မင်းယောက္ခထီးကြီး ဘာကိုစွဲစွဲလမ်းလမ်း ကြိုက်သလဲ မေးတာ'

'ဟာ… မင်းကွာ… ဖဲရှုံးရတဲ့အထဲ လာနောက်နေတယ်၊ သူစားတော့ရော… မင်းဝယ်ကျွေးတယ်ပဲထား၊ မသာကြီးက ဘယ်လိုစားမလဲဟ'

'အေးလေ… မင်းဟာကလည်း'

ကျွန်တော်ကပါ အူကြောင်ကြောင်ပြောတော့ ငနဲက နှစ်ယောက်လုံးကို မျက်စောင်းထိုးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ဖဲနိုင်ချင်လား… ရှုံးချင်လား… ခါပဲပြော'

'ဟာ… နိုင်ချင်တာပေါ့ဗျာ'

ဆိုတော့… ငနဲက ဖြုံးတာ့ယ်။

'အေး… ဖဲနိုင်ဖို့အတွက် အဓိကသော့ချက်က မင်းယောက္ခထီး ကြီး ဘာကြိုက်တယ်ဆိုတာနဲ့ ဆိုင်နေလို့ မေးရတာကွ'

'ဟော'

နှစ်ယောက်သား ဖဲနိုင်တာနဲ့ ဒီမသာကြီး ဘာကြိုက်တာနဲ့ ဘာ ဆိုင်လဲပေါ့။ ပေပေလေးတွေ တွေးလို့ ကြောင်နေကြတော့ မြင့်မိုးက စိတ်မရှည်တဲ့ပုံနဲ့…

'ဟကောင် ပြောပါဟ၊ မြန်မြန်'

'နေပါဦး၊ မြင့်မိုး… မင်း… အတော်မူးနေပြီထင်တယ်'

သိန်းဝေက မြင့်မိုးကို အသေအချာကြည့်ပြောရင်း ကျွန်တော့် ဘက်လှည့်ကာ…

'မိုးလွင်… မင်းလည်း ကြားတယ်နော်၊ ငါတို့တောင် အမူးလွန်ပြီး ကြောင်ဝေါက်သွားပြီ'

မြင့်မိုး တင်းသွားတဲ့ ပုံစံနဲ့…။

'ဟေ့ကောင်တွေ တိတ်ကြပါဟ… ငါ မဝေါက်ဘူး… ငါ့ကို ယုံစမ်းပါကွာ၊ ကဲ… သိန်းဝေ ပြောပါဟ'

ကျွန်တော်က မြင့်မိုးကို အသေအချာကြည့်တယ်။ မူးပေမယ့် တစ်ညလုံး ထိုင်သောက်တာတောင်လဲမယ့်ပုံ မရှိ။ ဒါနဲ့ပဲ သိန်းဝေကို…

'ကဲ… ပြောလိုက်ပါကွာ၊ ဟုတ်ရင်ဟုတ်ပေါ့၊ မဟုတ်ရင်တော့ မနက်ဖြန်ကစပြီး ငါတို့သုံးယောက် မိန်းမတွေနှင်ချလို့ ခွက်လက်ခဲ့ပို့သာ ဖြင့်'

'ယုံစမ်းပါကွာ၊ ငါ့ကို… ဖြစ်ကိုဖြစ်စေရမယ်'



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုးက ပြောတော့ သိန်းဝေက မခံသာတဲ့အသံနဲ့ . .

'ဘာလဲ . . . သူတောင်းစားလား'

'ဟာ . . . ငါခွဲးမှပဲ၊ ပြော . . . မင်းတို့နဲ့ငါပေါင်းလာခဲ့တဲ့ သက်တမ်းမှာ ဘယ်နှုတ်ခါ ဝက်ဝက်ကွဲ ရှုံးဖူးလဲ'

'ဒီတစ်ခါလေ'

'ဟော့ကောင် . . . ပွဲပြီးမှ ဒီကိစ္စ ဆက်ပြော၊ လောလောဆယ်သော ဘာကြိုက်လဲသာပြော'

မတတ်သာတဲ့အဆုံး သက်ပြင်းကိုချတယ်။ ဒီအတိုင်းနေလည်း ထုန်ထားတဲ့ဟာတွေ ပြန်ရမှာမဟုတ်တော့။

'ကောင်းပြီ၊ ငါ့ယောက္ခထီးကြီးက ဘီယာနဲ့ဘဲကင်ကို နေ့တိုင်းစားတာကွ၊ ကြိုက်လည်း အရမ်းကြိုက်တာ'

'အိုကေ . . . ဖြစ်ပြီ'

မြင့်မိုး လင်ပန်းမှောက်တစ်ချက်တီးပြီး မျက်နှာချက်ချင်းပြုံးသွားတယ်။ သုံးယောက်သား မသာဘေး ကုပ်ဖေးဖေးလေးတွေ ဝိုင်းထိုင်လိုက်ကြတယ်။

ဖြူဆွတ်နေတဲ့ မသာမျက်နှာကို မြင့်မိုးက သူ့မိန်းမအလား တစ်မှိန်ကြည့်လို့ တတွတ်တွတ်နဲ့ ပြောတယ်။

'ဦးလေး . . . ဦးလေးမှ မကယ်ရင် ကျွန်တော်တို့ ဒီအသုဘကို ချော်ရှင်စွာနဲ့ ကျင်းပနိုင်မှာ မဟုတ်တော့ဘူး၊ ဒီတော့ . . .'

'ဟာ . . . ဟော့ကောင် မင်းယောက္ခမကြီးသေမှပဲ နာရေးကို ချော်တပါးကပြီးလုပ်၊ ဘယ်နှယ်ကွာ၊ အသုဘက သူ့ကျမှပဲ ဆိုင်းဝိုင်းပါ ညှိပေးရမလို ဖြစ်နေပြီ၊ ပျော်ပျော်ရွှင်ရွှင်ကျင်းပဦးမတဲ့'

သိန်းဝေက မခံမရပ်နိုင် ထပြောတော့မှ . .

'အဟဲ . . . မှားလို့ ဦးလေးရဲ့၊ အသုဘ စိတ်အေးအေးရှုပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျွန်တော်တို့ကို ကူညီပါဗျာ၊ အခုဆို သုံးယောက်စလုံးပေါင်းစရာ ဆိုလို့ မိန်းမတွေပဲ ရှိတော့တာ ဦးလေးရဲ့၊ ဦးလေးသမက်ဆို ပိုဆိုး'

'ငါ့နော်… ငါ'

ကျွန်တော်နဲ့ သိန်းဝေ ငနဲကို မျက်စောင်းပိုင်းထိုးကြတော့ သွားကို ဖြဲလို့…

'မင်းတို့ စိတ်မဆိုးကြပါနဲ့၊ အဟီး… ငါလည်း မသာသနား အောင် မျက်ရည်ခံထိုးနေတာ'

'ဟော'

နှစ်ယောက်သား မျက်လုံးပြူးလေးတွေနဲ့ ပါးစပ်ဟသွားကြတယ်။ တွေးကြည့်ကြပါဗျာ။ မသာ သနားတော့ရော ဘာများအကျိုးထူးမှာမို့လဲ။ ဒါပေမဲ့ ငနဲက…

'ဦးလေး ကျွန်တော်တို့ကို ကူညီလို့ နိုင်ခဲ့ရင် ဦးလေးကြိုက်တဲ့ ဘီယာနဲ့ ဘဲကင်ကို ရေဝေးရောက်တဲ့အထိ အဲလေ… တခြားဘဝရောက် ဟာ… မှားပြန်ပြီ ဒီလိုဗျာ နောက်ကျန်တဲ့ ငါးရက်လုံး ဝယ်ပေးမယ်လို့ ကတိခံပါတယ်ဗျာ၊ ကျွန်တော်တို့ကို ကူညီပါ'

'ဟင်… ဒီလိုကြီးလား'

'အေးဟ'

မသာကြီးကို သူတောင်းစားသံ ပတ်ချွဲနှပ်ချွဲနဲ့ အသနားခံအကူအညီ တောင်းတာကို ကြားပြီး နှစ်ယောက်သား ကြက်သီးပါ ဖြန်းဖြန်းထတယ်။ ငနဲကတော့ ရုပ်တည်နဲ့ ဖဲဝိုင်းကို သွားပြီး ဟမ်းဖုန်းတွေနဲ့ ပိုက်ဆံကို ခဏာလှည့်နေတယ်။

ဟိုလူတွေကလည်း နိုင်ထားတော့ တောင်းသလောက် ငွေပြ ဝိုင်းဆက်ကြတယ်။ သုံးယောက်သား ဝေတဲ့ ပထမဖဲချပ်ကို ကြည့်ပြီး ချွေးပျံနေကြတယ်။ ဒီတစ်ပွဲနိုင်မှ နောက်ပွဲတွေဆက်ဆော့ဖို့ရမယ်လေ



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုးက အနားကခွက်ထဲကို အရက်လောင်းထည့်လို့ ကောက်မော့လိုက်တယ်။ ပြီးမှ ဟိုသုံးယောက်ကို စေ့ကြည့်ပြီး ပြုံးသွားတယ်။

'ဟော… ရောက်လာပြီကွ၊ အဟဲ… နိုင်ကိုနိုင်ရမယ်'

'ဟင်… ဘယ်သူလဲ၊ ဘယ်သူလဲ'

မေးတော့…

'သိန်းဝေယောက္ခထီးကြီးပေါ့'

'ဟေ… မ… မတွေ့ပါဘူးကွာ'

ကျွန်တော်နဲ့ သိန်းဝေ ခေါင်းပါကြီးပြီး ပြူးပြဲနဲ့ လိုက်ရှာပေမယ့် ဘာမှမတွေ့ပါ။ ဒါပေမဲ့ မြင့်မိုးက တကယ်တွေ့နေတဲ့ ပုံနဲ့။

'ငါတွေ့တယ်ကွ၊ ကြည့်ထား နိုင်ကိုနိုင်ရမယ်'

ကျွန်တော်နဲ့ သိန်းဝေက မြင့်မိုး အမူးလွန်နေပြီထင်ပြီး ဖဲထဲပဲ အာရုံနှစ်လိုက်တယ်။

မှောက်ထားတဲ့ တစ်ချပ်ကို လှန်မကြည့်ဘဲ ဒုတိယဖဲကို စောင့်တယ်။ ကျလာတဲ့ ဒုတိယချပ်က ညင်းတစ် ကျန်သုံးအိမ်က ဂျက်၊ ကိုး၊ ဆယ်ဖဲ ဒီတော့ တစ်ဖဲက စခေါ်ရတယ်။

'ကဲ… နှစ်သိန်း'

'အိုကေ… ဒီလောက်နဲ့ မဖြစ်လောက်ပါဘူးကွာ၊ လိုက်တယ်'

ကျန်သုံးအိမ်က လိုက်ကြတယ်။ တတိယဖဲချပ်ကလည်း ဟတ်တစ်ပဲ။ ကျန်အိမ်တွေက တခြားဖဲတွေ။ ဒါနဲ့။

'ကဲ… တစ်ပူးပြီဆိုတော့ တန်အောင် ရော… သုံးသိန်း'

ခေါ်တော့ ကျန်အိမ်တွေက သူတို့ဖဲတွေကို ကြည့်ကြတယ်။ စီနီယာစဉ် ဟောက်စဉ်တွေချည်းပဲဆိုတော့ တစ်ပူးမှန်းသိသိကြီးနဲ့ လိုက်ကြတယ်။

ထပ်ဝေတော့ စတုတ္ထဖဲချပ်ကလည်း ဒိုင်းမွန်းတစ်ပဲ။ ဒီတော့မှ ကျွန်တော်တို့သုံးယောက် ပြုံးနိုင်ကြတယ်။ တစ်အိမ်က ကွင်းသုံးလုံး၊



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်က ဆယ်သုံးလုံး၊ တစ်အိမ်က စီနီယာစဉ်ဖြစ်နေတယ်။ လောလော ဆယ် စီနီယာသမားကလွဲလို့ ကျန်နှစ်အိမ်ကို အမြင်နဲ့တင် နိုင်နေပြီ။ ကိုယ်က တစ်သုံးလုံးမဟုတ်လား။

'ကဲ… ဟဲ… ဟဲ… ပြေးမယ်ဆို အချိန်မီသေးတယ်၊ အမြင်နဲ့တင် ပြေးသင့်ပြီ၊ ကဲ… ငါးသိန်း'

ခေါ်တော့… ကျန်သုံးအိမ် စဉ်းစားကြတယ်။ မြင့်မိုးက အကြား အမြင်ရနေတဲ့အလား တီးတိုးပြောတယ်။

'မင်းတို့ကြည့်နေ၊ ဟိုစီနီယာသမားက ကင်းလိုနေတယ်၊ ကျန် နှစ်အိမ်က ကွင်းဟောက်စ်နဲ့ ဆယ်လေးလုံးဖြစ်ဖို့များတယ်'

'ကဲ… လိုက်တယ်ကွာ'

'အေး… တစ်သုံးလုံးလောက်နဲ့ လှည့်တိုင်းပြေးမလား'

ဖွတ်လိုက်ကြတယ်ဆိုရင်ပဲ မြင့်မိုးက ပြုံးသွားတယ်။ ဒိုင်လုပ်သူက ငါးချပ်မြောက်ဖဲတွေကို ဝေချလိုက်တယ်။

'ဟင်'

စီနီယာသမားက ဖဲကို ပွတ်ကြည့်ရင်း မျက်နှာပျက်သွားတယ်။ တက်တစ်ချက်ခေါက်လို့ ဖဲကိုပစ်ချလိုက်တော့ ဂျက်ဖဲဖြစ်နေတယ်။ စီနီယာ ပျက်သွားတော့ ရှုံးပြီမဟုတ်လား။ ဂျက်ပူးပဲ ရှိတာကိုး။

'ဟား… အဟား'

ကွင်းစ်သုံးလုံးသမားက လှန်လိုက်တယ်။ ကွင်းသုံးလုံးနဲ့ ကင်းနှစ် လုံးဆိုတော့ ကွင်းဟောက်စ်မို့လေ။ ဒါပေမဲ့ ဆယ်သုံးလုံးသမားရဲ့ ဖဲကို ကြည့်ပြီး စိတ်ပျက်သွားတယ်။ ဆယ်လေးလုံးနဲ့ကိုးဖဲ။ ဟောက်ကိုလေးလုံးက နိုင်တာမို့လေ။

ကျွန်တော်နဲ့ သိန်းဝေ စိတ်ပျက်လက်ပျက်ဖြစ်သွားကြတယ်။ ငါး ချပ်မြောက်ဖဲက ကင်းဖဲလေ။ ဒီတော့ တစ်သုံးလုံး အမြင်ရှိပေမယ့် ဟောက်စ်



www.burmeseclassic.com

www.burmeseclassic.com



သမားကိုတောင် မနိုင်ပါ။ ဆယ်လေးလုံးသမားက ဗိုက်ဆံပုံကို လှမ်းဆွဲပေမယ့် မြင့်မိုးက လက်ကိုပြန်ဆွဲထားတယ်။

'ပွဲမပြီးသေးဘူး သူငယ်ချင်း'

ပြောတော့ ဆယ်လေးလုံးသမားက ဗြဲဆို ရယ်ချလိုက်ပြီး ပြောတယ်။

'ဟီး… ဟီး… မင်း တစ်သုံးလုံးနဲ့ ဘာလုပ်မှာလဲ၊ မှောက်ဖဲကတော့ ကြည့်စရာမလိုပါဘူးကွာ'

ပြောတော့ မြင့်မိုးက ပြုံးတယ်။ ကျန်တဲ့ဖဲပုံထဲက ဖဲရွက်တွေကို လိုက်ဖြန့်ကြည့်ရင်း…

'တွေ့လား၊ အပုံထဲမှာ စပိတ်တစ်ပျောက်နေတယ်၊ ဒီတော့ မင်း စိတ်လျှော့လိုက်ပါ'

'ဟင်'

ဆယ်လေးလုံးသမား မျက်နှာအပျက်ပျက်နဲ့ မြင့်မိုးရှေ့က မှောက်ထားတဲ့ ပထမဖဲကို လှန်လိုက်တော့ ဟုတ်ပါတယ်။ စပိတ်တစ်။

'ဟင်… တစ် လေးလုံး'

'ဟေး'

ကျွန်တော်နဲ့သိန်းဝေ ဝမ်းသာအားရ ထအော်လိုက်ကြတယ်။ ဆယ်လေးလုံးက တစ်လေးလုံးကို ဘယ်လိုမှ မနိုင်ပါ။

ဒါနဲ့ပဲ ဆက်ဆော့ လိုက်တာမိုးလည်းလင်းရော ဟိုလူတွေ တစ်ပြားတစ်ချပ်မှကို မကျန်တော့ဘဲ စိတ်ပျက်လက်ပျက်ပြန်သွားကြတယ်လေ။ မိုးလင်းတော့ အတော်အိပ်ချင်နေကြပြီ။ မသာကိုလည်းမေ့၊ ဖဲကိုလည်း မေ့သွားကြတယ်။

မျက်နှာအတော်ချိနေတဲ့ သိန်းဝေမိန်းမကို ပစ္စည်းတွေ ပိုက်ဆံတွေ အကုန်အပ်ပြီး သုံး ယောက်သား အိပ်ခန်းထဲ ကျိုးတော့တာ။ ဖဲနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



နှိုးရိုးတန်းတန်း ဖဲကံကောင်းလို့ နိုင်တာလား။ ဒါမှမဟုတ်။ မြင့်မိုးပြော သလိုရှား…

❖ ❖ ❖

ကျွန်တော်က အတွေးစကိုဖြတ်ပြီး သိန်းဝေကို ကြည့်လိုက်တယ်။ ဒီကောင်လည်း ဆေးလိပ်ကိုဖွာရင်း ပြန်စဉ်းစားနေပုံရတယ်။

ကိုယ့်ဘာသာ ဂိတ်လုပ်ထားတဲ့ ညောင်ပင်ကြီးအောက်က အအေး ဆိုင်မှာထိုင်ရင်း အပျင်း ပြေပြောနေကြတာ။ အားလုံးပေါင်း ကားက သုံးစီးတည်းပေမယ့် ဒီနေ့ ပါစင်ဂျာပါးတော့ ပျင်းနေကြတယ်။ ဒီအချိန်မှာပဲ မြင့်မိုးရဲ့ကားကလေး ထိုးရပ်ကာ ငနဲ့ အပြုံးနဲ့ ဆင်းလာပြီး ဝင်ထိုင်တယ်။

'ကြည့်ရတာ မင်းတို့နှစ်ကောင် တစ်ခုခုကို ငြင်းနေကြတယ်ထင် တယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ် မြင့်မိုးရ၊ ဒီကောင် မိုးလွင်က တယ်လီပသီကို မယုံဘူး၊ သရဲဆိုတာ တကယ်မရှိဘူးတဲ့'

သိန်းဝေက အကူလှည့်ခေါ်တော့ မြင့်မိုးက…

'မိုးလွင်… မင်း ဘာလို့မယုံတာလဲ'

'ဟ… လက်တွေ့မှ မကြုံတာ'

'မင်း ကြုံခဲ့ပါတယ်'

'ဘယ်တုန်းကလဲ'

'ဟ… သိန်းဝေယောက္ခထီး နာရေးရဲ့ တတိယညမှာလေ'

ဒါနဲ့ ပြန်စဉ်းစားလိုက်တော့ ဟုတ်သလိုလိုရှိပေမယ့် ကိုယ်တွေ အမူးလွန်တာလည်းဖြစ်နိုင်တာပဲ။ မသေချာပါ။

'ငါကတော့ ဒီကိစ္စဟာ အမူးလွန်တာပဲ ထင်တယ်'

'ဩော်… ကဲ… ခက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုးက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းရမ်းတယ်။

'တကယ်တော့ တလီပသီဆိုတာ ဂရိစကားလုံး Tele နဲ့ Pathy ကို စပ်ပြောထားတာ၊ Tele ဆိုတာ အကွာအဝေး၊ Pathy ဆိုတာ ခံစားတာပေါ့ကွာ၊ Telepathy ဆိုတာ အဝေးကနေ စိတ်ချင်းဆက်သွယ်တာ၊ မင်းတို့ကို ငါပြောခဲ့ပါတယ်၊ ဒုတိယည အိပ်ခါနီးတုန်းက မင်းတို့မမြင်ပေမယ့် ငါက သူနဲ့စိတ်ချင်းဆက်သွယ်ထားတော့ သိန်းဝေယောက္ခထီးကြီးက ဘယ်အိမ်မှာ ဘာဖဲလိုတာ၊ ဘာဖဲရှိတယ်ဆိုတာ ငါ့ကိုပြောပြတယ်၊ ပြီးတော့ အလယ်ချထားတဲ့ ဖဲထုပ်ကို သူဘာသာဖဲတွေကို ယူယူပြောင်းတာ၊ ဒီတော့ ငါနိုင်တာပေါ့၊ နောက် တတိယည ဝိုင်းအစောကြီးပြတ်သွားတာကြည့်'

ပြောတော့ သိန်းဝေက ဘေးဘီကိုဝေ့ကြည့်ရင်း ကျွန်တော့်နားတိုးလာတယ်။ သုံးယောက်သား တစ်ယောက်နဲ့တစ်ယောက်ကြည့်လို့ စိတ်က တတိယညဆီ ပြန်ရောက်သွားတယ်။

တတိယညရောက်တော့ ဟိုလူတွေ မကျေပွဲလာပြန်နွှဲကြတယ်။ ဒါပေမဲ့ ဒီည မြင့်မိုးအိမ်ကွင်းဟာ ဘာမှအပြစ်ပြောစရာမရှိအောင် ကောင်းလွန်းပြီး ည ၁၂ နာရီထိုးတော့ ဟိုလူတွေ တက်တက်ပြောင်ပြီး ပြန်သွားကြတယ်။

အနီးအနားက လူတွေပဲ ရှမ်းကိုးမီးဆက်ဆော့နေကြတယ်။ ကျွန်တော်တို့သုံးယောက်ကတော့ ခွဲစရာရှိတဲ့ ဝေစုကိုခွဲပြီး အိပ်ခန်းတစ်ခုထဲ ကျိုးဖို့ပြင်တယ်။ သုံးယောက်သား သောက်လက်စကို အကုန်ဖြတ်ပြီးတဲ့ အခါ အတော်မူးနေကြပြီ။

ခုတင်ပေါ်မှာ ပိုးလိုးပက်လက် အိပ်မယ်ကြံကာရှိသေး ခြေသံတဖျပ်ဖျပ်ကြားရတယ်။

'ဖျပ်... ဖျပ်... ဖျပ်... ဖျပ်'

'ဘယ်သူလဲကွ... ဟေ...'



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးက ဟာလာဟင်းလင်းဖွင့်ထားတော့ လှူဝင်တယ် မှတ်ပြီး ခေါင်းထောင်ကြည့်ကြပေမယ့် ဘာမှမတွေ့ကြပါ။ မြင့်မိုးက ဓောက်အိပ်နေတယ်။ ကျွန်တော်နဲ့ သိန်းဝေ တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ခေါင်းပါကြီးသွားကြတယ်။ ဘယ်သူမှမရှိပေမယ့် ခြေသံက ကြားရဆဲပဲ။

'မိုးလွင်… ကြောင်… ကြောင်လား မသိဘူးနော်'

ပြောတော့ မှေးနေတဲ့မျက်လုံးကို အတင်းဖြဲကြည့်လိုက်ကာ…

'ဟုတ်လို့လား၊ ငါကတော့ ဘာမှကို မတွေ့တာ အေ့၊ မူးနေလို့ လားတော့ သိဘူး'

'ဟော့ကောင်… ငါ… ငါ… ကြောက်လာပြီကွနော်'

'ဘုန်း… ဘုန်း… ဘုန်း'

'ဟင်'

'အံမယ်ကြီးဟဲ့'

သစ်သားနံရံကို တစ်ယောက်ယောက် လက်နဲ့ပုတ်နေသလို အသံ ကြားတော့ နှစ်ယောက်သား ပေပေလေးတွေ ထထိုင်ရင်း ပြူးကြည့်ကြ တယ်။ မြင့်မိုးကတော့ ကျိုးကောင်းနေတော့ မသိဘူး။

'အ… အပြင်ကနေ တစ်ယောက်ယောက် ပုတ်တာဖြစ်မှာပါကွာ အဟီး'

ကျွန်တော်က ဟန်ကိုယ့်ဖို့ သဘောနဲ့ သွားဖြဲပြီးပြောတော့ သိန်းဝေ က မာန်ဟောင်မမာန်နိုင်ဘဲ မျက်ပြူးလေးနဲ့ ကြောက်နေတယ်။

'မိုးလွင်… လာ… လာပါကွာ၊ ငါတော့ ကြောက်လာပြီ၊ ဝိုင်းဆီပဲ သွားနေတာ ကောင်းမယ်'

ပြောပြီး ခုတင်ပေါ်က ဆင်းမယ်ကြံကာရှိသေး အခန်းပေါ် လေတစ် ချက်တိုက်ပြီး ခြေသံတရှပ်ရှပ်ပေါ်လာတော့ ငနဲ မသွားရဲတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကရော သွားရဲလားဆို နိုးပဲ။ နှစ်ယောက်သား ကပ်ထိုင်ရင်း တုန်နေကြတယ်။ ကျွန်တော်က အခုမှ တစ်စုံတစ်ခုကို သတိရသွားလို့ ခေါင်းပါကြီးသွားတယ်။

'ဟာ… သိန်းဝေ… မင်း… ဟိုဟာကို သတိရသေးလား'

'ဘာ… ဘာလဲဟင်'

ငနဲက တုန်ကုပ်ကုပ်နဲ့ မေးတော့…

'မင်း… မင်း… ယောက္ခထီးကြီးကို… ဘီယာနဲ့ဘဲကင်'

'ဟာ'

ငနဲမျက်လုံး ဖီးကွက်အဖေခေါ်ရလောက်အောင် ပြူးပြီး ပါးစပ်က ရေမြင်းအဖေခေါ်ရလောက်အောင် ကျယ်သွားကာ ကြောက်ရွံ့တကြီးနဲ့…

'သွားပြီ၊ ဟုတ်တယ်၊ ဒါကို ငါမေ့နေတယ်၊ ဟိုကောင် မြင့်မိုး သူ့ဘာသာလုပ်ပြီး မဝယ်ပေးလို့ သတိလာပေးတာ ထင်တယ်'

'အေး… ငါလည်း မယုံတော့ မပြောမိဘူး'

'ဘာလဲ၊ အခု မင်းယုံသွားပြီလား'

မေးတော့… ကျွန်တော်က ခေါင်းကို အတင်းရမ်းရင်း အခန်းထဲ ပြူးပြဲကြည့်တယ်။

'ငါ… ငါတို့ အမှုးလွန်နေကြတာပဲ ဖြစ်မှာပါကွာ၊ တကယ်တော့ ဒါဟာ ယုတ္တိမရှိပါဘူး'

'အေး… ငါလည်း အမှုးလွန်တာဖြစ်ပါစေပဲ ဆုတောင်းရမှာပဲ၊ မဖြစ်ဘူး၊ မြင့်မိုးကို နှိုးမှပဲ'

ဒီတုန်းမှာပဲ ရေကျသံကြားရပြီး စားပွဲပေါ်တင်ထားတဲ့ ရေသန့်ဘူးထဲက ရေတွေဟာ သူ့ဘာသာခွက်ထဲကျနေကြတယ်။

'ဟိုက်'

'ဟာ… ဟော့ကောင်… မိုး… မိုးလွင် ငါ… ငါတို့ပြောတာ သေချာပါတယ်ကွနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဘာကိုလဲ'

'ဟိုမှာ… ရေတွေက ပိတ်ထားတာ ဘာလို့ သူ့ဘာသာကျနေတာလဲဟင်'

ကျွန်တော် အသေအချာပြူးပြဲကြည့်လိုက်တော့ ရေကျတာ ရပ်သွားတယ်။ ခေါင်းကို အတင်းရမ်းရင်း…

'ငါ… ငါတို့ အမူးလွန်နေကြတာပါကွာ၊ အဟဲ'

မရှိမဲ့ရှိမဲ့ သတ္တိလေးကို ရှိစုမဲ့စု မာန်လေးတင်းပြောတုန်းပဲ…

'ဖြန်း'

'အောင်မလေးဗျ'

'သ… သရဲ'

ကျွန်တော်တို့နှစ်ယောက် မျက်နှာတည့်တည့်ကို ရေနဲ့ပက်တာခံရပြီး အသားကုန်လန့်အော်လိုက်တာ မြင့်မိုးပါ လန့်နိုးပြီး…

'ဘာဖြစ်တာလဲ၊ ဘာလဲ'

'သရဲ… သရဲ… ငါတို့ကို ရေနဲ့ပက်တယ်'

'ဟင်… ဘယ်မလဲ'

'ဒီမှာ'

ရေစိုကွက်တွေကိုပြတော့ မြင့်မိုးက အခန်းထဲဝေ့ကြည့်တယ်။ ဒီအချိန်မှာပဲ… အခန်းဝမှာ သိန်းဝေမိန်းမကို တွေ့လိုက်ရတယ်။

'ဟာ… မင်းကွာ၊ မင်းမိန်းမပါဟ'

'ဟင်… ဟုတ်ပဲနဲ့'

ဒါနဲ့ နှစ်ယောက်သား မိတ်ထားတဲ့ မျက်လုံးတွေကို ပြူးကြည့်လိုက်တော့ သိန်းဝေမိန်းမ မြင့်သူကို တွေ့လိုက်ကြရတယ်။

'ဘာဖြစ်နေကြတာလဲ၊ ဆူညံနေတာပဲ၊ မူးနေရင်လည်း အိပ်ကြ၊ ဟွန်း'



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းကို ပယ်ပယ်နယ်နယ်ထိုးလို့ ဟောက်ပြီး ပြန်သွားတယ်။ မြင့်မိုးက ပြန်မှောက်အိပ်တော့ သိန်းဝေက ကျွန်တော့်ကို ပြုံးကြည့်ကာ...

'မိုးလွင်... ငါ... ငါတို့ကို ရေနဲ့ပက်တာ ငါ့မိန်းမလားဟင်၊ ဟော့ကောင် ဟုတ်လား'

မေးတော့ ကျွန်တော်ကလည်း ဇဝေဇဝါနဲ့...

'ငါ... ငါလည်း ဟုတ်မယ်ထင်တာပဲ၊ အဟင်း... ဟုတ်မှာပါ၊ ဟုတ်ပါတယ်'

'ဟော့ကောင်... မြင့်မိုး၊ မင်း... ငါ့ယောက္ခထီးကို ဘီယာနဲ့ဘဲကင် ဝယ်ပေးသေးလား'

'ဟင်... ဟုတ်သားပဲ၊ ကြည့်စမ်း၊ ဒါကို ငါမေ့နေတယ်၊ ရပါတယ်ကွာ၊ ဒီအချိန် ဘယ်ဘီယာဆိုင်က ဖွင့်မလဲ၊ မနက်ကျမှ ဘီယာနဲ့ဘဲကင်'

'ဝုန်း... ဂလွမ်'

'ဟိုက်'

'အောင်မလေး ပြေးပြီဗျ'

'ဟာ... ဟော့ကောင်တွေ စောင့်ပါဦး၊ အောင်မလေး ဦးလေးရဲ့ နောက်မှ ဝယ်ပေးပါ့မယ်ဗျ'

သူ့ဘာသာ စားပွဲပေါ် အကောင်းကြီးနေတဲ့ ရေဘူးကြီးဟာ ဘီယာနဲ့ ဘဲကင်အသံကြားတာနဲ့ဘဲ ကြမ်းပြင်ပေါ် အသားလွတ်ကျလာတာနဲ့။ ဘာပြောကောင်းမလဲ။ သိန်းဝေနဲ့ ကျွန်တော် ခွက်ခွက်လန်အောင် ပြေးကြတယ်။ မြင့်မိုးလည်း ခဏကြောင်နေပြီးမှ အတင်းပြောရင်း ပြေးလိုက်လာတယ်။ သုံးယောက်သား သတ္တိကောင်းပုံကတော့ အဲဒီညတစ်ညလုံး ငုတ်တုတ်မိုးလင်းခဲ့ရတယ်။ နောက်နေ့ ဘီယာဆိုင်တွေဖွင့်မှ

www.burmeseclassic.com



ဘီယာနဲ့ဘဲကင်ကို ဝယ်ပြီး မသာဆေးကပ်ထားလိုက်ရတော့တာလေ။ တကယ်ရှုပ်တဲ့ ကျွန်တော်တို့ပါ။

'တကယ်တော့ ငါတို့စောစောကတည်းက ဝယ်ပေးထားရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ သူက စိတ်ဆိုးပြီး တစ်နေကုန်စောင့်ရလို့ ငါတို့ကို သတိပေးတာ'

မြင့်မိုးကပြောတော့ သိန်းဝေကလည်း...

'ဟုတ်တယ်၊ ငါကတော့ Telepathy ကို ယုံတယ်၊ ကြုံခဲ့ရတာက ကျွတ်ဆင်ကြီး'

'ငါကတော့ အမူးလွန်တာပဲ ထင်တယ်၊ မယုံချင်ဘူး'

ကျွန်တော်ကတော့ ခွတ်ငြင်းတယ်။ ဒီလိုကိစ္စက တစ်ခါတလေမှ ကြုံရတော့ မယုံချင်ပေမယ့် ထူးဆန်းတာတော့ အမှန်ပဲ။

ပါစင်ဂျာနှစ်ယောက် ရောက်လာတော့ သိန်းဝေက ထသွားတယ်။ သူ့အလှည့်လေ။ ခဏကြာတော့ ဈေးတည့်သွားလို့ ကားမောင်းထွက်သွားတယ်။

'ကဲ... ငါလည်း ခဏလှည့်လာတာ၊ ကားတစ်စီးဈေးဆိုင်ထားတယ်၊ သွားဦးမယ်ကွာ၊ ပွဲဖြစ်ရင်တော့ တို့သုံးယောက် ထပ်ဆုံကြဦးမယ်'

'အိုကေ'

နှစ်ယောက်သား လက်ဝါးရိုက်လိုက်ကြတယ်။ မောင်းထွက်သွားတဲ့ မြင့်မိုးရဲ့ ကားနောက်ပိုင်းကို ကြည့်လို့ ကျွန်တော့်အတွေးထဲ ရှုပ်ကျန်ခဲ့တယ်။

'အင်း Telepathy ... Telepathy တယ်လည်းရှုပ်ပါလား'

ခေါင်းရမ်းလို့ သက်ပြင်းကို ချလိုက်တယ်။ တကယ်တော့ အရာရာဟာ ဆန်းကြယ်စွာ ရှိနေကြတာပါပဲလား။

❖ ❖ ❖

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

နာမည်က ငယ်ငယ်စိုးတဲ့။ နာမည်နဲ့လိုက်အောင် ငယ်ငယ်ကတည်းက မိဘတွေနဲ့မောင်နှမတွေပေါ်မှာ အတော်ဆိုးခဲ့တာ။ မိဘတွေ မောင်နှမတွေရဲ့ ကျိန်စာဟာ အခုယောက်ျားရမှပဲ စူးတော့တာ။

ယောကျ်ားက ဘက်စုံဆိုးတဲ့ လူတစ်ယောက်ဖြစ်နေလို့လေ။ ငယ်ငယ့်အနေနဲ့လည်း ဖဲရိုက်တာ၊ အရက်သောက်တာလောက်ကတော့ ကြည်ဖြူပြီးသား။ ကိုယ်ကချစ်တာမို့လေ။ ဒါပေမဲ့ ယောကျ်ားဖြစ်သူက ပြောစမှတ်ဖြစ်လောက်အောင်ကို မ,စန်းပွင့်လွန်းတယ်။

ငယ်ငယ်နဲ့ မိုးလွင်မင်းတို့က အိမ်ထောင်သာကျပေမယ့် ချစ်သူတွေ မဟုတ်ခဲ့ပါ။ မိဘချင်း သဘောတူလို့ပေးစားထားကြတာ။ မိုးလွင်က ဘယ်လိုလဲ မသိပေမယ့် ငယ်ငယ်စိုးကတော့ လူချင်းစတွေကကတည်းက ဘာကိုမှမစဉ်းစားဘဲ ခေါင်းညိတ်ခဲ့တယ်။

မိုးလွင် ကိုယ်တိုင်က မယူခင်မှာ သူဘယ်လောက်ပွေကြောင်း။ ရည်းစားများကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့သလို သူ့ရဲ့ မိဘတွေကလည်း အတင်းအကြပ် မပေးစားခဲ့ပါ။ သို့ပေမဲ့တစ်ခါမြင်တယ်ဆိုရုံနဲ့ ငယ်ငယ်စိုးက မိုးလွင်ကို ဟန်မဆောင်နိုင်လောက်အောင် ချစ်သွားခဲ့တယ်။

မောင်တွေ အစ်ကို၊ အစ်မတွေတားတဲ့ကြားကပဲ မိုးလွင်ကို ကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြူဖြူ ကျေကျေနပ်နပ် လက်ထပ်ခဲ့တယ်။ မိုးလွင်ကိုယ်တိုင်ကလည်း ငယ်ငယ်စိုးကို သနားပြီး ကောင်းကောင်းနေခဲ့တာပါပဲ။ ဒါပေမဲ့… ခဏပဲ။ ဒါက… မိုးလွင်အပြစ်တစ်ခုတည်းလည်း မဟုတ်ပါ။ တချို့ကောင်မလေးတွေက မိန်းမရှိမှန်း သိသိကြီးနဲ့ မိုးလွင်ကို ကလိကြတာလည်း ပါတယ်။ မိုးလွင်ကိုယ်တိုင်ကလည်း ဒီကိစ္စနဲ့ ပတ်သက်ရင် ဝါသနာက ခပ်ပါပါဆိုတော့…။ ဒါပေမဲ့… မိန်းမ မသိအောင်တော့ သိုသိပ်နေတတ်တယ်။

ငယ်ငယ်စိုးကိုယ်တိုင်ကလည်း သဝန်တိုပေမယ့် ချစ်တော့… တချို့ ကိစ္စလေးတွေမှာ မသိယောင်ဆောင်နေတတ်တယ်။ တစ်နေ့နေ့ပေါ့နော်။ ဪ… ငါ့မိန်းမခမျာ ငါ့အပေါ် တကယ်ချစ်ရှာပါလား။ အမြင်မှန်လေးရပြီး နားလည်ပေးမလား အတွေးလေးနဲ့ ရှူးနေခဲ့တာ ကြာပြီ။ ဒါပေမဲ့… မိုးလွင်တို့ကတော့ ဘာမှမပြောလေ ပွဲကောင်းလေပဲ။

အခုလည်း ညနေလေး စောင်းလာတော့ ခြံပေါက်ဝကနေ ယောကျ်ားပြန်အလာကို ထွက်မျှော်နေတယ်။ တကယ်တော့ ဒီတက္ကစီကို မမောင်းစေချင်ပါ။ တခြားစီးပွားရေးလုပ်စရာတွေ ရှိပါတယ်။ ဒါပေမဲ့ ယောကျ်ားဖြစ်သူက ပြောမရပါ။ ပိုက်ဆံရတာ လွယ်သလို ကိုယ်ပိုင်အလုပ်ဆိုတော့ မလုပ်ချင်လည်းထိုင်နေလို့ရတာပဲ ဆိုပြီးလေ။ ငယ်ငယ်စိုးမိဘတွေရဲ့ ကုမ္ပဏီမှာ ဝင်လုပ်လည်း ရသလို မိုးလွင် မိဘတွေရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာလည်း ဝင်လုပ်မယ်ဆို… ရပြီးသားပဲ။ ဒါပေမဲ့ သက်ပြင်းကိုချ၊ ခေါင်းကို ရမ်းရင်း လှမ်းမျှော်နေလိုက်တယ်။ အိမ်မှာက ငယ်ငယ်စိုးအဖော်ရအောင် ခေါ်ထားတဲ့ မိုးလွင်ညီမဝမ်းကွဲလေးတစ်ယောက်ပဲ ရှိတယ်။

တစ်နေ့တစ်နေ့ နေရတာပျင်းသလို မိုးလွင်က တစ်ခါတစ်ရံ ညဘက်ပါ ပြန်မလာတတ်ဘူး။ ချစ်တော့လည်း အခက်သားလား တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



'တီ… တီ…တီ'

ဒီအချိန်မှာပဲ လက်ထဲကိုင်ထားတဲ့ ဖုန်းကမြည်လာတယ်။ နံပါတ်ကို ကြည့်လိုက်တော့…

'ဟင်… မောင့်ဆီကပဲ၊ ဘာများဖြစ်လို့လဲ'

ဖုန်းကို အမြန်ဖွင့်ပြီး နားထောင်လိုက်တော့…

'ဟဲလို… အငယ်လား'

မိုးလွင်အသံက ညှုတုတုလေး ပေါ်လာတော့ အငယ် မဟုတ်ဘူး အကြီးဟဲ့လို့ မပြောက်တော့ဘဲ လိမ်လိမ်မာမာနဲ့ ရိုရိုသေသေလေး…

'ဟုတ်… မောင်၊ ဘာဖြစ်လို့လဲဟင်၊ မိုးချုပ်ခါနီးပြီ၊ ပြန်လာပြီ မဟုတ်လား'

ကိုယ်ဖြစ်ချင်တာကိုပဲ အတင်းပြောတော့ တစ်ဘက်က…

'ဟင်း… မောင် အခု အဲဒါကို ပြောမလို့ဘဲ၊ ဒီမှာကွာ၊ ကိုယ့်ဖောက်သည်တစ်ယောက် ပြည်ကို အရေးတကြီး ညတွင်းချင်း သွားစရာရှိလို့တဲ့၊ အဲဒါ ညပြန်ရောက်မှာမဟုတ်ဘူး၊ စိတ်ပူပြီး မျှော်နေမှာစိုးလို့'

'ဟင်'

ငယ်ငယ် စိတ်ပျက်သွားတယ်။ ဒါနဲ့…

'မောင်ရယ်… မနက်ဖြန် မောင်နဲ့အငယ် လက်ထပ်တာ တစ်နှစ်ပြည့်ပြီလေ၊ မသွားပါနဲ့ကွာ'

'ဩော်… ဟုတ်သားပဲ၊ ရပါတယ်ကွာ၊ မောင်အမီပြန်လာခဲ့မယ် စိတ်ချ၊ မင်းလိုပဲ မောင်လည်း အမှတ်တရ ရှိပါတယ်ကွ'

'ကျွတ်… ဒါနဲ့များကွာ'

'ဩော်… မိန်းမရယ်… မင်းကို ချစ်ပေမယ့် စီးပွားရေးက ရှိသေးတယ်'

ပြောတော့ ငယ်ငယ်စိုးမျက်နှာမဲ့သွားတယ်။ ယောကျ်ားဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို စီးပွားရေးအရလား၊ ဒါမှမဟုတ် နောက်တစ်မျိုးအတွက်လား။ တွေးပြီလေ။

'မောင်ရယ်… ကားမမောင်းလည်း မိဘလုပ်စာ ထိုင်စားလို့ ရတာပဲဟာ'

'အဲဒါပဲ၊ မောင်က မိဘတွေကို ခြေစုံကန်တာတော့ မဟုတ်ဘူး၊ ဒီအရွယ်ကြီးရောက်နေပြီ၊ သူတို့ကို အားကိုးနေရင် သူများပြောစရာ ဖြစ်မှာပေါ့၊ စိတ်ချပါကွာ၊ မောင် အမီပြန်လာခဲ့မယ်၊ မိန်းမကလည်း လွမ်းနေပြီ သိလား'

တခြားစကားတွေကို ယုံပေမယ့် နောက်ဆုံးစကားကိုကြားမှပဲ သက်မကင်းဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ သင်းတစ်ခုခုညာတော့ မယ်ဆို ဒီစကားက အမြဲသုံးနေကျမို့လေ။

'ဟုတ်ပဲနဲ့၊ မောင်… ပြည်ကို တကယ်သွားရမှာ ဟုတ်ပါတယ် နော်၊ မညာနဲ့'

မယုံသလိုမေးတော့ တစ်ဘက်က အသံတိတ်သွားတယ်။ ခဏ ကြာမှ…

'တကယ်ပါကွာ၊ မောင် မိန်းမကို ဘယ်နှယ်ခါညာခဲ့ဖူးလဲ ပြော၊ မင်းကို ချစ်လို့ ယူထားတာပဲကွာ၊ လွမ်းတာပေါ့'

ရှင်အမြဲတမ်း ဒီစကားနဲ့ ညာခဲ့တာပဲ မဟုတ်လားလို့ မမေးတော့ ပါ။ ဒီစကားလေးနဲ့ သာယာပြီး အမြဲတမ်း အညာမိခဲ့တာကိုလည်း အမှတ် မရှိပါ။

'ယုံလိုက်ပါ့မယ်၊ မိငယ်တို့က ချစ်တော့လည်း ညာသမျှခံပေါ့'

'ဟာကွာ၊ ချစ်ရာ ယုံပါ၊ မင်းနဲ့ရပြီးတဲ့နောက် မင်းမှမင်းပဲ အဘ'

'ကဲ… ထားပါ၊ မောင် ကားကို သတိထားမောင်းနော်၊ ငယ် စိတ်ပူတယ်'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချ၊ မောင်က အိတ်စပတ်စ်ပါကွ၊ ဒါပဲနော်၊ အမီပြန်လာခဲ့မယ်၊ ဝွတ်နိုက်'

မိုးလွင် ဖုန်းကို အမြန်ပိတ်လိုက်တယ်။ မဟုတ်ရင် မိန်းမဖြစ်သူက သင်္ကာမကင်းမေးနေဦးမယ်လေ။ နောက်ခန်းက သူ့ဇယားကောင်မလေးကို ပြုံးပြလိုက်တယ်။

တကယ်တော့ မိုးလွင်မင်းက ဒီလိုပဲ ညာနေကျ။ ဘယ်ကိုမှ သွားမှာမဟုတ်။ သူပိုင်တဲ့ တိုက်ခန်းဆီကို သွားနေတာလေ။ အခုချိန်မှာ ဒီဟာလေးနဲ့ ကြူဖို့ကလွဲပြီး စိတ်ထဲမရှိပါ။ စိတ်မကောင်းပါဘူး မိန်းမရာ။ မင်းက အမြဲ ငါ့မိန်းမပဲ။ ဒါပေမဲ့... လို့... တွေးရင်း ပြုံးလိုက်တော့...

'ဘယ်လိုလဲ ကိုကြီးရဲ့ ပြုံးလှချည်လား၊ မဒီကြီးပွမ်နေလို့တော့ မဟုတ်ပါဘူးနော် အဟင်း'

ညုတုတုလေးပြောတော့ ပါးစပ်ကြီးကို ထပ်ဖြဲလိုက်ပြီး ပါးလေးကို လှမ်းညှစ်လိုက်ကာ...

'ပိုင်ပါတယ်ကွ၊ သိတယ် မဟုတ်လား၊ ကိုကြီးတစ်ခွန်းပဲ၊ နှစ်ခွန်းမပြောရဘူး အဟဲ'

ဒါနဲ့ပဲ နှစ်ယောက်သား ပြုံးလိုက်ကြတယ်။ မုသားမပါရင် လင်္ကာချောမချောတော့မသိဘူး။ ပြောရဆိုရတာကောင်းတယ်။ အဲ... ဘုရားက မုသာဝါဒကံကို ဟောခဲ့ပေလို့ပဲ။ နို့မို့ဆို လောကမှာ မိုးလွင်မင်းလိုကောင်တွေ ဘယ်လောက်များနေမလဲ မသိ။

ခြံဝန်းတံခါးကို သော့ခတ်လို့ စိတ်ပျက်တဲ့ ပုံစံနဲ့ အိမ်ရှေ့လှေကားထစ်မှာ ထိုင်လိုက်တယ်။ သင်းညာတဲ့အကျင့်က ပျောက်ဖို့ကောင်းပြီ။ ဩော်... သူ ငါ့ကို မချစ်ဘူးနဲ့တူတယ်တွေးလို့ အားငယ်သွားတယ်။ ကိုယ့်ကို ပြန်ငုံ့ကြည့်တယ်။ မျက်နှာကိုလည်း လက်နဲ့ပွတ်ရင်း ငါ ရုပ်ဆိုးနေလို့လား ပြန်ဆန်းစစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျောင်းတက်တုန်းက အတန်းထဲမှာ အလှဆုံး မိန်းကလေးပါ။ ဒါပေမဲ့ အခုတော့ ယောကျ်ားဖြစ်သူရဲ့ ပစ်ပယ်ခြင်း ဥပေက္ခာပြုခြင်းကို ခဏခဏခံခဲ့ရတဲ့ မိန်းမပဲလို့တွေးရင်း မျက်ရည်ပါဝိုင်း လာတယ်။ ဒီတုန်းမှာပဲ…

'မမငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်'

ယောက်မ ဝမ်းကွဲလေး မိငြိမ်းရဲ့ အမေးကို ဟန်ဆောင်ယန်ဆောင် ညာဖယ်ကြဲပြီးခါမှ ပုခုံးကိုမှီပြီး ငိုနေတော့တာ။ ငြိမ်းငြိမ်းက မျက်လုံးပြူးနဲ့ မေးတယ်။ ဒီကောင်မလေးက ဆယ်နှစ်နှစ်လောက်ပဲ ရှိသေးတာလေ။ ကလေးကို အမှန်အတိုင်းပြောရင်း ရင်ဖွင့်လိုက်တယ်။ ဒါမှ သက်သာမှာ မို့လား။

'ဘာဖြစ်ရမှာလဲ၊ မင်းကိုကိုပေါ့ မမကို ညာပြီး ဘယ်ကောင်မနဲ့ ဘယ်ကိုသွားပလူးပြန်လဲ မသိဘူး၊ အီးဟီး… လူညာကြီး'

'ဟုတ်လို့လား မမရယ်၊ ဘာပြောလို့လဲ'

'ညတွင်းချင်း ပြည်ကိုသွားမယ်တဲ့၊ ငါကတော့ မထင်ဘူး၊ သူ… သူကလည်တာ၊ မမ ဘာလုပ်ရမလဲ ညီမလေးရယ်'

'တကယ်သွားတာရော မဖြစ်နိုင်ဘူးလားဟင်'

မေးတော့ ခေါင်းကိုအတင်းရမ်းရင်း ခါးခါးသီးသီး ငြင်းတယ်။

'မဖြစ်နိုင်ဘူး၊ သူတစ်ခုခုညာတော့မယ်ဆို အပြောအရမ်းချိုတာ၊ မမ ကြိုသိနေတယ်၊ အီးဟီး… သေချင်တာပဲ'

ငိုနေတာကို ကြည့်ပြီး ငြိမ်းငြိမ်း သနားသွားတာ။ ကိုယ့်အစ်ကို အကြောင်းလည်း သိနေပေါ့။

'မမရယ်… ကိုယ့်ပေါ်မှာ မကောင်းတာ ကွာပစ်ပါလား၊ မမ ဒါလောက်လှတာ ယောကျ်ားမရှားပါဘူး'

'ဟင့်အင်း… ကွာပါဘူး၊ ငါက သူ့ကိုဆုံးရှုံးသွားမှာပေါ့ဟဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မခွဲနိုင်ဘူး၊ ဒါပေမဲ့ သူ ဒီလိုလုပ်နေတာကိုလည်း ငါ မခံနိုင်တော့ဘူး၊ ငါ ဘာလုပ်ရမလဲဟင်'

ကလေးဆီက အကြံသွားတောင်းတော့ ဟိုက ခေါင်းကုတ်ရင်း ရှုံ့မဲ့သွားတယ်။ ယောက်မဖြစ်သူကို ငုံကြည့်ရင်း သနားနေတော့တာ။ ပြီးမှ အားရဝမ်းသာပြောတယ်။

'ဟယ်… ဟုတ်ပြီ၊ ဒါကောင်းတယ်၊ အဲလိုပဲ လုပ်ရမယ်'

'ဘာလဲဟင်… ညီမလေး'

မေးတော့ ငြိမ်းငြိမ်းက ပြုံးလိုက်ပြီး…

'မမ… ဦးလေးဆီဖုန်းဆက်လိုက်၊ ကိုကိုက ဦးလေးကို အသေကြောက်ရတာ'

'ဟင်… ဘယ်ကဦးလေးလဲ'

'ဟယ်… မမယောက္ခထီး၊ ကိုကို့အဖေ၊ ကျွန်မဦးလေးကိုပြောတာ'

'ငါ… ငါက ဖုန်းဆက်ပြီး ဘာလုပ်ရမှာလဲ'

မေးတော့… မိငြိမ်းက အရန်ကောဆိုတဲ့ အကြည့်နဲ့ ကြည့်တယ်။

'လုပ်ပါ ညီမရယ်၊ မမလည်း ထူပူနေပြီ'

'ကိုကို အိမ်ပြန်မအိပ်တာ သုံးလေးညရှိပြီ၊ ဘာညာဖြီးဖြန်းလိုက်ပေါ့၊ ဦးလေးက ကိုကို့ကို အသေနိုင်တာ၊ ဒါပေမဲ့ ကိုကိုတကယ်ပြည်ကို သွားတာဆိုရင်တော့…'

စကားကိုရပ်ရင်း ငယ်ငယ့်ကို ကြည့်တယ်။ ပြဿနာတက်ရင် ကြံရာပါ ဖြစ်မှာစိုးလို့လေ၊ ငယ်ငယ်က အံကြိတ်လိုက်တယ်။ ဖြစ်ချင်ရာ ဖြစ်သဘောနဲ့ နောက်ဆုံးမျှော်လင့်ချက်လေးကို အမိအရ ဆုပ်ကိုင်လိုက်တယ်။ ဖုန်းကို ထုတ်ပြီး ယောက္ခမဖြစ်သူ ဖုန်းနံပါတ်ကို ဆက်လိုက်တယ်။

ဖုန်းဝင်သွားပြီ။ ယောက္ခမအသံ ကြားတာနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'အဖေ့သားပေါ့၊ ပြည်သွားမယ်ဆိုပြီး သမီးကို ညာသွားတာ၊ အိမ်ပြန်မအိပ်တာ သုံးလေးညရှိပြီ၊ အဲဒါ ဘယ်ကောင်မနဲ့.........
.....................'

❖ ❖ ❖

'သူနဲ့ ကွာလိုက်ပါလားဟင်၊ သူများ ကိုကြီးနဲ့ မခွဲချင်ဘူး၊ ပြီးတော့ ဒီလိုနိုးကြောင်နိုးဗုက်...'

'စိတ်ချပါကွာ၊ ခဏပါပဲ၊ ကြာရင် စိတ်ပျက်ပြီး သူ့ဘာသာ ကွာသွားလိမ့်မယ်၊ အဟဲ... ပြီးတော့ ကိုကြီးက မင်းကိုပဲ ချစ်တာ'

'အဟင်း... ဟုတ်လို့လား'

'တကယ်... အဟဲ... မင်းကို ကိုကြီးချစ်တာ အခုလက်တွေ့ သိရမယ်'

ကျွန်တော့်ကို လာချုပ်နေတာနဲ့ သူ့ကိုတစ်ခါပြန်ချုပ်ရပြန်တယ်။ တကယ်တော့ ကျွန်တော့်မိန်းမကို မချစ်ပေမယ့် ကွာဖို့မစဉ်းစားသေးပါ။ ဒါပေမဲ့ မုသားပါမှ လင်္ကာက ချောပေမပေါ့။

ပခုံးကို လှမ်းဖက်လိုက်ပြီး နှုတ်ခမ်းချင်း ကပ်မယ်ကြံတုန်း ဖုန်းက မြည်လာတယ်။

'တီ... တီ... တီ'

'ဟာကွာ၊ ဒီဖုန်းကလည်း'

'ပြောပါတယ်၊ ပိတ်ထားပါဆို'

အရေးကောင်းမှ ဖုန်းကဖျက်တော့ စိတ်ဆိုးပြီး နံပါတ်တွေဘာတွေ ကြည့်မနေဘဲ ဆောင့်အောင့်ပြီး...

'ဟဲလို'

'ဟဲလို... မေမီး၊ ငါ မင်းအဖေ မင်းလွင်ကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

တစ်ဘက် မာမာထန်ထန် အသံက ပိုတောင်ကြောက်ဖို့ကောင်းတာနဲ့ မျက်လုံးပါ ပြူးသွားတယ်။ လေသံကို ပြင်ရင်း…

'အဲဖေလား၊ အဟဲ… သားပါဗျ၊ ဘာဖြစ်လို့လဲဟင်'

လေသံကို တမင်နှိမ့်ပြောတော့ ဘေးကဇယားလေးက အနှုးကပ်ရင်း စပ်စုတယ်။

'ဘယ်သူလဲဟင်'

'ဟာ'

ဒီအသံ အဖေကြားသွားလို့မဖြစ်တာနဲ့ လက်နဲ့ပိတ်ရင်း တိတ်တိတ်နေဖို့ အချက်ပြတယ်။ စိုးရိမ်စိတ်နဲ့ ပျာနေတုန်းမှာပဲ…

'ဘာမှမဟုတ်ဘူး၊ ငါ သတိရလို့ ဆက်လိုက်တာ၊ ဒါနဲ့ မင်းအခု ဘယ်မှာလဲ'

'ကျွန်တော့်အခန်း… ဟင်… မဟုတ်… အဲ'

ပျာယာခတ်လို့ ပီပီသသကြီး ထွက်သွားပြီးမှ ညာလို့မဖြစ်တာနဲ့ အ,နေတယ်။

'ဩော်… မင်းက အိမ်မပြန်ဘဲ အဲဒီတိုက်ခန်းမှာ ဘာလုပ်နေလဲကွဟေ… မင်းတစ်ယောက်တည်းလား'

မတတ်နိုင်တော့။

'ဟုတ်ကဲ့၊ အိမ်ပြန်မှာပါ၊ အခန်းခဏဝင်ရင်း သူခိုးများဖောက်လား၊ ဝင်ကြည့်တာပါ'

အညာတစ်ဝက်နဲ့ပြောတော့ ဖအေဖြစ်သူက ခနဲ့တဲ့တဲ့ရယ်တယ်။

'ဟင်း… ဟင်း… မင်းက ငါမွေးလို့ကြီးလာတာပါကွာ၊ အခုင်ဝင်စစ်တာ ဘယ်ကောင်မနဲ့လဲကွ'

'အာ… သားတစ်ယောက်တည်းပါဗျ၊ အဖော်ပါ… ရှုပ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… တိတ်စမ်း၊ မင်းဘေးနားက ကောင်မအသံ ငါ ကြားလိုက်တယ်၊ မင်းကြောင့် ငါ မျက်နှာပျက်ရပေါင်းများပြီ၊ နေပါဦး မင်းကို ငါမေးပါဦးမယ်၊ သူက မင်းမိန်းမထက် တစ်ခုအပိုပါနေလို့လား ကွ ဟေ'

'ဗျာ… ဘာ… ဘာလဲဟင်'

'ဟော့ကောင်… မျက်နှာကိုပြောတာ၊ ဒီမှာ မင်းမိန်းမက မယ်ရွေး ပွဲဝင်လို့ရတယ်၊ ဒါတောင် မင်းက အောက်မီးလင်းနေတယ်၊ အေး… မင်း ပြန်မလား၊ အဲဒီကို ငါ မင်းမိန်းမ ခေါ်ပြီးလိုက်လာရမလား၊ ဒါပဲ ပြော'

'ဟင်… နာပြီ'

အနေအထားကတော့ ဘယ်လိုမှ မလှတော့။

'မင်း အခုပြန်ပါ၊ နောက် ဆယ်မိနစ်အတွင်း မင်းအိမ်ကို ငါ ဖုန်းလှမ်းဆက်လိုက်မယ်၊ ဒါမှမရောက်သေးရင် ငါ့အဆိုးမဆိုနဲ့'

'ဟုတ်ကဲ့ပါ၊ ကျွန်တော် အခုပဲ ပြန်ပါ့မယ်'

'ဟော့ကောင်… အခုဆို အခုပဲနော်'

ပြောပြီး ဖုန်းပိတ်သွားတာနဲ့ ကျွန်တော်လည်း ရှေ့ကဟာလေးကို ကြည့်ပြီး နှမြောသွားတယ်။ ဒီလိုဖြစ်ဖို့ အတော်ကြိုးစားခဲ့ရတာ။

'ဘာတဲ့လဲဟင် ကိုကြီး'

'မင်းကို အားနာလိုက်တာကွာ၊ အခုပဲ အိမ်ရှင်တွေ ပြန်လာတော့ မယ်တဲ့'

'ဟင်… ကိုကြီးပြောတော့ အပိုင်ဆို'

'အဟဲ… မင်း မလိုက်မှာစိုးလို့ ညာပြောတာ'

'ကြည့်စမ်း'

ကောင်မလေးက နှုတ်ခမ်းကြီးထော်ပြီး သူ့အိတ်ကို ကောက်လွယ် တယ်။ မျက်စောင်းကို ဆင့်ဆင့်ထိုးပြီး အခန်းထဲက ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြည့်ပြီး ကြိတ်မနိုင်ခဲမရ ဖြစ်သွားတယ်။ ဘာမှ မတတ်နိုင်ဘဲ အခန်းတံခါးကို သော့ခတ်ပြီး ပြန်ဆင်းလာခဲ့ရတယ်။ စိတ်ထဲ ဘယ်သူ့ရယ် သတ်သတ်မှတ်မှတ်မရှိဘဲ တင်းသွားတယ်။ အောက်ရောက်တော့ ဟိုကောင်မလေးရဲ့ အရိပ်တောင် မတွေ့ရတော့ပါ။

နာရီကို တစ်ချက်ကြည့်ပြီး ကားထဲဝင်လိုက်တယ်။ ဒါ ငယ်ငယ်လက်ချက်ပဲဆိုတာ သိလိုက်ပြီလေ။ ဒါပေမဲ့… ကျွန်တော်… ဘာများ တတ်နိုင်မှာတဲ့လဲ။

❖ ❖ ❖

အိမ်ရှေ့ရောက်တယ်ဆိုရင်ပဲ ခြံတံခါးလာဖွင့်ပေးတဲ့ ငြိမ်းငြိမ်းကို ကြည့်လိုက်တော့ ရုပ်ကပြုံးစိစိ။ သေချာတာကတော့ သင်းရဲ့ ပယောဂ မကင်းဘူးဆိုတာပဲ။ ကျွန်တော် ကားပေါ်ကနေ ဆောင့်အောင့်ဆင်းလိုက်တယ်။ မျက်နှာတော်တော်မာနေမယ် ထင်တာပဲ။

'မိငြိမ်း ခဏနေဦး'

'ဘာလဲ ကိုကို'

အိမ်ထဲဝင်ဟန်ပြင်နေတဲ့ မိငြိမ်းကို လှမ်းခေါ်တော့ ရုပ်တည်နဲ့ အနားကပ်လာတယ်။

'အိမ်ကို အဖေ လာသေးလား'

'မလာပါဘူး၊ အဟီ… ဘာဖြစ်လို့လဲ'

ကျွန်တော့်မျက်နှာကိုကြည့်ပြီး မိငြိမ်း မတည်နိုင်ဖြစ်နေတော့ သင်း ပယောဂမကင်းတာ ပိုသိသာသွားတယ်။

'ညည်း… မညာနဲ့'

'ဟယ်… ကိုကို့ကို ဘာကိစ္စညာရမှာလဲ'

ဒါနဲ့ပဲ စိတ်ကိုလျှော့လိုက်တယ်။ ဒီကောင်မလေးဆီက ဘာမှ သိရမှာ မဟုတ်ပါ။ ဒါပေမဲ့…



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မလာရင်လည်း ပြီးတာပဲ၊ ညည်း မမရော အဖေ့ဆီ ဖုန်းဆက်သံကြားလား'

'အဲ… ဟိုလေ'

ခေါင်းကုတ်ရင်း ယောင်နနဖြစ်နေတာကို ကြည့်ပြီးသဘောပေါက်လိုက်တယ်။ မိငြိမ်းကလည်း ညာမပြောတတ်တော့ ပြောင်ပဲ…

'ဟုတ်တယ်၊ မမက ငိုနေတာလေ၊ ကိုကို ညာတာကို သိတယ်၊ အဲဒါနဲ့ ညီမက ဦးလေးဆီ ဖုန်းဆက်ခိုင်းလိုက်တာ၊ မကောင်းဘူးလား၊ အဟဲ'

'ဘာ… လက်စသတ်တော့ ငါ့ကိုချောက်ချတာ နင်ကိုး'

မျက်နှာမဲနဲ့ ပြောတော့ ပေတူးတူးနဲ့ မော့ကြည့်ပြီး…

'ဟုတ်တယ်လေ၊ ကိုကို လုပ်ရပ်က မှန်မှမမှန်ဘဲ'

'ငါ့ဘာသာ မှန်မှန်မှားမှား နင့်အပူလား၊ ကိုယ့်ဘာသာ မနေဘဲ နေရာတကာ ဝင်ပါချင်တယ်ပေါ့၊ ငါ…'

မြွက်ထူပြီး ဒေါသက သူ့အပေါ် ပုံကျသွားတယ်။ လက်တစ်ရွယ်ရွယ်နဲ့ ကြိမ်းတော့ မျက်နှာငယ်လေးနဲ့ ကြည့်နေတယ်။ ဒီအချိန်မှာပဲ…

'ဘာမှမဆိုင်တဲ့ ကလေးကို အနိုင်မကျင့်နဲ့၊ အဖေ့ဆီ ဖုန်းဆက်တာ ကျွန်မပဲ'

အိမ်ထဲကနေ ယယ်ယယ်စိုးက ရုပ်တည်နဲ့ ဆင်းလာပြီး မိငြိမ်းရှေ့ ဝင်ရပ်တယ်။ ဒါနဲ့ပဲ ကျွန်တော် အမ်းတမ်းတမ်းဖြစ်သွားတယ်။ ဟုတ်တယ်လေ။ ကိုယ်က မဟုတ်တာ လုပ်ပြီး ဟုတ်တာလုပ်တဲ့သူတွေကို အပြစ်ရှာတာဆိုတော့ ငိုင်သွားတယ်။

'တီ… တီ… တီ'

ဖုန်းက မြည်လာလို့ ကြည့်လိုက်တော့ အဖေ့ဆီက ဖြစ်နေလို့ လေသံကို လျှော့ကာ…



www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို… အဖေလား၊ ကျွန်တော် အိမ်ပြန်ရောက်နေပြီ'

'ဟော့ကောင်… မယုံဘူး၊ ငါ့သမီးကို ဖုန်းပေးလိုက်'

အဖေ့အသံမာမာကို ကြားရတော့ ကျွန်တော်က မိန်းမကို တစ်ချက်ကြည့်ပြီး ရွဲ့ပြောတယ်။

'ကျွန်တော်က အဖေ့သားလေ၊ အဖေ့သမီးမှ မရှိတာ'

'ဟော့ကောင်… မင်းမိန်းမ ငါ့ချွေးမကို ဖုန်းပေးခိုင်းတာ'

'ဩော်… သူ့ကို ဖုံးပေးစရာမလိုပါဘူး အဖေရဲ့၊ အဝတ်တွေ လုံလုံခြုံခြုံ ဝတ်ထားပါတယ်'

'ဟော့ကောင်… တိတ်စမ်း ခွေးမသား၊ စကားပြောတဲ့ဖုန်းကို ပြောတာ၊ ကျွန်တော်တာ သူ့ဘာသာ ဘာဖြစ်ဖြစ် မင်းနဲ့ပဲ ဆိုင်တာ၊ သူ့အသံကြားမှ မင်းကို ယုံမယ်'

'အဟဲ… ဒီလိုရှင်းရှင်းပြော'

တစ်လက်စတည်း ကျွန်တော်က မိန်းမကို ဖုန်းလှမ်းပေးလိုက်တော့ ယူနားထောင်ရင်း…

'ဟုတ်ကဲ့၊ ရောက်ပါပြီ၊ အင်း… သမီး မေးလိုက်ပါ့မယ်'

သားအဖနှစ်ယောက် ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ ပြောနေတာကို ကျွန်တော်က မနာလိုစွာ ကြည့်နေတုန်း…

'မောင့်ကို ဖေဖေက မေးနေတယ်၊ ပြည်ကိုမသွားတော့တာ ဘာလို့လဲတဲ့၊ ခစ်… ခစ်'

'ဘာ'

ကျွန်တော် စိတ်ဆိုးတာနဲ့ ရှက်တာရောပြီး မျက်နှာကြီး ထူသွားတယ်။ ဘာပြောလို့ ပြောရမယ်မသိ ဖြစ်သွားတယ်လေ။ အကြောင်းသိသိကြီးနဲ့ ကလိနေတော့ ခံရတော့ အခက်သားလား။

'အဟိ… ဩော်… အဖေ့သားက ခရီးဝေးလို့ လိုက်မသွားတာပါတဲ့၊ ဟုတ်ကဲ့ အဖေ၊ သူ့ကို ဖုန်းပြန်ပေးလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ဖုန်းက ကျွန်တော့်ဆီ ပြန်ရောက်လာပြန်တယ်။

'မင်း မနက်ဖြန် ငါမလာမချင်း ဘယ်မှမသွားနဲ့၊ မင်းကို ပွဲလွှန်းလို့ မိန်းမပေးစားတာ၊ အခု ငါ အလုပ်ရှုပ်တယ်၊ ဒီတော့ ငါစတဲ့ဇာတ် ငါပဲ ဆုံးပေးရမယ်'

'ဟာ… အဖေရာ… ငယ်ပါသေးတယ်၊ နေပါဦး'

'ဘာကွ၊ ငါက ဘာလို့သေရမှာလဲ၊ မင်းတို့ကို မနက်ဖြန်လာကွာ ရှင်းခိုင်းဖို့ကွ၊ ငါ ရှေ့နေပါ ခေါ်လာမယ်၊ ဇာတ်လမ်းဖြတ်ပေးရမယ်၊ ဒါပဲ'

'ဗျာ… ဟဲလို၊ အဖေ… ဟာဗျာ'

သူ့ဘာသာပြောချင်ရာပြောပြီး ဖုန်းပိတ်သွားတော့ ကျွန်တော် စိတ်ပျက်သွားတယ်။ ပေးစားတုန်းကလည်း သူတို့ပဲ အခုကျတော့ ခွဲဦးမယ်တဲ့။ တွေးသာကြည့်။ ဘယ်လောက်ရှုပ်လဲဆိုတာ။ မိန်းမနဲ့ မကွဲချင်ပါ။ မျက်နှာငယ်နဲ့ ကြည့်နေတဲ့ ကျွန်တော့်မိန်းမကို တစ်ချက်ကြည့်ရင်း ညကျမှ မကွာပေးအောင် စည်းရုံးရမယ်တွေးပြီး ပြုံးပြလိုက်တယ်။

အနားသွားကပ်ရမှာ ကိုယ့်ဘာသာမလုံတာနဲ့ အိမ်ထဲဝင်လိုက်တော့ နှစ်ယောက်သား ကုပ်ဖေးဖေးလေးတွေ ပါလာကြတယ်။ ကျွန်တော်က လေသံကို လျှော့ကာ…

'မိန်းမ ညစာစားပြီးပြီလား'

'ဟင့်အင်း… မောင့်ကိုစောင့်နေတာ'

'ဒါဆို ပြင်ထားလေ၊ မောင် ရေချိုးလိုက်ဦးမယ်၊ ဘာမှမစားရသေးဘူးကွ၊ အဟဲ… မိန်းမလက်ရာ စားလိုက်ဦးမယ်'

ကျွန်တော်က အခန်းထဲဝင်လိုက်ပြီး တံခါးအကွယ်ကနေ အသာချောင်းလိုက်တော့ မိငြိမ်းက သူ့အခန်းထဲသူဝင်သွားသလို၊ ကျွန်တော့်မိန်းမက အပြုံးလေးနဲ့ ထမင်းစားခန်းဘက်သွားတာ တွေ့လိုက်တယ်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်သွားတယ်လေ။ ကျွန်တော့်အပေါ် ဘယ်အခါမဆို အမြဲ ခွင့်လွှတ်ပြီး အပြစ်လည်းမမြင်တတ်ပါ။ ဒီလိုသဘောထား မြင့်မြတ်တဲ့ မိန်းမမျိုးရှိခဲ့တယ်။ ဒီကရှေ့ ကောင်းအောင်နေမယ်လို့ ဆုံးဖြတ်လိုက်တော့တာ။

❖ ❖ ❖

ကျွန်တော် ဝရံတာမှာ ထွက်ရပ်ရင်း အတွေးကြွယ်နေမိတယ်။ မိန်းမကတော့ စားသောက်ထားတဲ့ ပန်းကန်တွေကို သိမ်းဆည်းလို့ ကျန်ခဲ့တယ်။ တကယ်တော့ ဒီကောင်မလေးနဲ့ရတာ ကံကောင်းတယ်။ ကျွန်တော့်ရဲ့ စရိုက်မျိုးနဲ့က တခြားမိန်းမနဲ့သာဆို ဆယ်ခါပြန်ကွဲပြီးပြီ။

ကိုယ့်အကျင့်ကိုလည်း တစ်ခါတလေ ရှံမိတာ အမှန်ပဲ။ ဇာတာကို က အဆိုးဘက်ကကြည့်ရင် ကောင်းပြီး၊ အကောင်းဘက်ကကြည့်ရင် ဆိုးနေတယ်။ ကျွန်တော့်မိန်းမခမျာမှာလည်း ဘာမှမပြောရှာပါ။ ပြန်စဉ်းစား ရင် သူ့ကို ကျွန်တော်တကယ်ချစ်လို့ ယူခဲ့တာလား။ ဒါကမသေချာပါ။ သူ့အရင် ကောင်မလေးတွေကိုလည်း ချစ်ခဲ့တာပါပဲ။

သူကတော့ ကျွန်တော့်ကို တကယ်ချစ်ရှာပါတယ်။

ကျွန်တော် အိမ်ကပ်တာနည်းတော့ တခြားမိန်းကလေးသာဆို အပြင်ထွက်ပြီး လမ်းသလားနေမှာ။ ဘာဖြစ်လဲ။ သူယောကျ်ားလေးတောင် ပွေသေးတာ။ ငါက မိန်းကလေးပဲ။ မျက်စတစ်ချက်ပစ်ပြလိုက်တာနဲ့…။ တွေးပြီး အပြင်မှာချည်းပဲနေမှာ။

ဒီကောင်မလေးက ဒီလိုမဟုတ်ပါ။ အိမ်ထဲကအလုပ်တွေကို တကုပ်ကုပ်လုပ်နေတတ်တာ။ ဒါကို ငြိမ်းငြိမ်းပြောပြလို့ သိရှာသလို။ ကိုယ့်စိတ်နဲ့ နှိုင်းပြီး နှစ်ရက်တစ်ခါလောက် ကိုယ့်မိန်းမကိုပြန်ချောင်းဖူး

www.burmeseclassic.com



တယ်။ ဘယ်ကောင်တွေနဲ့ ပလူးပလဲနေလဲပေါ့။ ဒါပေမဲ့ လုံးဝကို အပြစ်ကင်းနေတယ်။

သက်ပြင်းကို ချလိုက်တယ်။ ကြာလေ ရှက်ဖို့ကောင်းလေမဟုတ်လား။ ဒီတုန်းမှာပဲ ခြေသံကြားလိုက်ရတယ်။ ကျွန်တော့်မိန်းမကလွဲလို့ တခြားမဖြစ်နိုင်ပါ။ နောက်ကနေ သက်ပြင်းချသံယဲ့ယဲ့ကြားရပြီး ခါးကိုလာဖက်တယ်။

'မောင်… ကျွန်မကို စိတ်ဆိုးနေလားဟင်'

ကျွန်တော် ဘာပြန်ပြောရမယ် မသိပါ။ ကိုယ်က မှားပြီး ကိုယ်ကပဲ စိတ်ဆိုးရမှာလား။

'မောင် လုပ်ပုံလည်း ဟုတ်မှမဟုတ်တာ၊ တခြားသာရမယ်၊ ဒါမျိုးဆို တိုတယ်ရှင့်'

ကျွန်တော် တော်တော်ရှက်သွားပါတယ်။ ဘာစကားမှ မပြောရဲသလို လှည့်လည်းမကြည့်ရဲပါ။ ဒါကိုပဲ မိန်းမက ကောက်တယ်ထင်ပြီး အတင်းချော့နေတယ်။

'ကျွန်မ တောင်းပန်ပါတယ် မောင်ရယ်၊ နောက်တစ်ခါ မပြောတော့ပါဘူး၊ စကားမပြောဘဲတော့ မနေပါနဲ့ရှင်၊ ရှင်က ကျွန်မကို ပြတ်နိုင်ပေမယ့် ကျွန်မက မပြတ်နိုင်ဘူး'

ကျွန်တော် ဝမ်းသာသွားတယ်။ မနက်ဖြန် အဖေ ကွာရှင်းခိုင်းရင် မကွဲရအောင် စည်းရုံးရမယ် မှတ်တာ။ ဒီအတိုင်းဆို မလိုတော့ပါ။ ကျွန်တော့်ဆီက ဘာစကားမှ မကြားရတာနဲ့ သူမဟာ သူမ စိတ်ပျက်လက်ပျက် သက်ပြင်းချပြီး ခုတင်မှာ သွားပြန်ထိုင်နေတယ်။ ပြီးမှ စိတ်ပျက်သံလေးနဲ့ သနားစရာ ပြောတယ်။

'အေးလေ… ကျွန်မက ရှင့်ကောင်မလေးတွေလောက်မှ မလှတာပဲ၊ ကျွန်မကို စိတ်ကုန်ရင် ရှင်ကွာလိုက်ပါ၊ ကျွန်မ လက်ခံတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… မကွာပါဘူး၊ ဘာလို့ကွာရမှာလဲ'

ကျွန်တော့်ရဲ့ အထိတ်တလန့် အသံကိုကြားတော့ ပျော်သွားပုံရတယ်။ ကျွန်တော်က ပြုံးရင်း…

'မင်းက လှလည်းလှတယ်၊ သဘောထားလည်း ပြည့်တယ်၊ မင်းကို ငါ ကွာလိုက်ရင် ငါ့လောက်မိုက်တဲ့ကောင် ရှိပါဦးမလား'

'ဟုတ်လို့လား၊ ရှင် ညာတာမဟုတ်လား၊ ကျွန်မ တကယ်လှလို့လား'

'သြော်… ကဲ… ခက်ပြီ'

မယုံတဲ့ ပုံစံလေးနဲ့ မတ်တပ်လေးရပ်ရင်းမေးတော့ ကျွန်တော်က သူ့အနားကပ်သွားတယ်။ ညဝတ်အင်္ကျီ ကပိုကရိုနဲ့ အရမ်းကို လှနေတယ်။ သူ့ပခုံးကို ကိုင်ရင်း ကျွန်တော်က ရွှန်းရွှန်းစားစား ကြည့်တော့ ကျေနပ်ပြုံးလေးပြုံးနေတယ်။

'မင်းက ဒီအတိုင်းကြည့်လည်း လှတာပဲ၊ အဟဲ… ဒီထက်ပိုလှသွားအောင်'

ကျွန်တော်က သူ့အင်္ကျီကို ချွတ်မလို့ပြင်လိုက်တော့ ရှက်ပြီး မျက်နှာလေး အရောင်ပြောင်းသွားတယ်။ ဒါပေမဲ့ အဲဒီအမူအရာလေးက ကျွန်တော့် နှလုံးထဲမှာ တကယ်လှသွားတယ်လေ။

သူက တဟဲဟဲရယ်နေတဲ့ ကျွန်တော့်ကို ရှက်ပြီး ရင်ခွင်ထဲ ခေါင်းတိုးလိုက်လေရဲ့။ ပြီး… ပြောသေးတာ။

'ဟွန်း… ရယ်နေပုံကြီးကိုက…'

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ဦးမင်းလွင်က လက်နှစ်ဘက်နောက်ပစ်ရင်း လမ်းလျှောက်နေပြီး မျက်နှာက တည်နေတယ်။ တစ်ခုခုကို အလေးအနက် တွေးနေတယ်ဆိုတာ အသိသာကြီးပဲ။ ယယ်ယယ်စိုးက ယောက္ခမဖြစ်သူကို ထိုင်လျက်ကနေ မျက်နှာငယ်နဲ့ လိုက်ကြည့်နေတယ်။

ခေါင်းကို ဘယ်စောင်းလိုက် ညာစောင်းလိုက်နဲ့ ဘာများပြောမလဲ ပေါ့။ နားစွင့်ထားတယ်။ ဒါပေမဲ့ နားက ယန်းလိုဖူးရာကပွင့်၊ ပွင့်ရာက စွင့်လာတာ မဟုတ်ဘဲ မွေးကတည်းက စွင့်စွင့်လေးဆိုတော့ ဦးမင်းလွင်က နားစွင့်နေမှန်း ဘယ်သိပါ့မလဲ။

သူ့ဘာသာ လမ်းသလားနေတာကို ကြည့်ပြီး စိတ်ရှုပ်သွားတော့ တာ။ အတော်ကြာတဲ့အထိ မရပ်သေးတာနဲ့…

'အဖေ… ဘာတွေစဉ်းစားနေတာလဲဟင်'

ချွေးမဖြစ်သူကို တစ်ချက်ငဲ့ကြည့်ပြီး သက်ပြင်းကို ချလို့ ခေါင်းခါ တယ်။ ပြီးမှ ဆက်လျှောက်နေတာနဲ့…

'ထိုင်ပြောလည်း ရပါတယ် အဖေရဲ့'

'ဟင်… ဟုတ်သား'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ဆိုဖာရှေ့ရပ်ရင်း ပြုံးလိုက်ကာ…

'သမီးတို့ကိစ္စ ရှုပ်တာနဲ့ မနက်က လမ်းလျှောက်မထွက်ရတာကို သတိရပြီး လျှောက်နေတာကွဲ့'

'ရှင်… သမီးတို့ကိုပြောဖို့ စဉ်းစားနေတာ ဟုတ်ဘူးလားဟင်'

'ဟယ်… ဘယ်ကလာ၊ ငါ့အလုပ်အကြောင်း ငါတွေးနေတာ'

'ရှင်'

ဒုတိယအကြိမ် အံ့ဩသွားတော့မှ ရပ်ကြီးကို ပြန်တည်ပြီး ချွေးမဖြစ်သူကို စာနာသလို ကြည့်ကာ…

'သမီးကို အဖေ ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ်၊ သမီး သားကို ပေါင်းချင်သေးလား'

'အို… အဖေကလည်း'

ချွေးမဖြစ်သူ ရှက်သွားတယ်ဆိုရင်ပဲ စကားလောသွားတယ်ဆိုတာကို သတိရပြီး…

'အဟဲ… အဖေ စကားလောသွားတယ်၊ ဒီလိုကွဲ့၊ အဖေနဲ့ သမီးရဲ့ အဖေဟာ ငယ်ပေါင်းတွေ၊ အခု သားလုပ်ပုံနဲ့ သမီးအဖေကို ဘယ်လိုမျက်နှာပြရမလဲ၊ ဒီတော့ သမီးစိတ်ထဲမှာ ဘာဖြစ်ချင်လဲ၊ ဟိုကောင်နဲ့ ဆက်ပေါင်းမလား၊ ဒါမှမဟုတ် ကွာချင်တယ်ဆိုရင်လည်း အဖေ့ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ ဒီကောင့်အကျင့်က ဘယ်လိုမှ ပြင်မှာမဟုတ်ဘူး၊ ခွေးမြီးကောက် ကျော်ပိုက်စွပ်ထားသလို ခဏပဲဖြောင့်မှာ'

'အဖေ… အမြီးကို ကျည်တောက်စွပ်တာ ဟုတ်ဘူးလား'

'ခုချိန်မှာ ကျည်တောက်က ရှားသွားပြီလေ၊ ပေါတဲ့လွယ်တဲ့ဟာ ကျော်ပိုက်စွပ်လည်း ဖြစ်တာပဲ'

သူပြောတာလည်း ရှင်းနေတာပဲ မဟုတ်လား။ ချွေးမဖြစ်သူက ခေါင်းလေးအောက်ငုံ့ပြီး စဉ်းစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းလွင်က ချွေးမဖြစ်သူကို ကြည့်ရင်း သနားနေတယ်။ ခမျာ မိဘစကားကို နားထောင်တဲ့ သမီးလိမ္မာလေးပဲ။ အခုတော့ ယောက်ျားဖြစ်သူ က ငပွေ။ ယောက်ျားရဲ့ အနိုင်ကျင့်ခြင်းကို ခံနေရတော့ သူ့ခမျာ သည်းခံပြီး ပေါင်းနေရတာမဟုတ်လား။ ဒါပေမဲ့ ချွေးမဖြစ်သူက နှုတ်ခမ်းကို ကိုက် ပြီး…

'သမီး… သမီး သူနဲ့မခွဲနိုင်ဘူး၊ ကွာလည်းမကွာနိုင်ဘူး၊ ဘာပဲ ဖြစ်ဖြစ် ပေါင်းမှာပဲ'

'ဟေ'

အတွေးနဲ့လက်တွေ့ တခြားစီဖြစ်သွားလို့ အံ့ဩသွားတယ်။

'သမီးရယ် ကိုယ့်အပေါ်မှာ မကောင်းတာ ဘာလို့ပေါင်းမှာလဲ၊ ဘာလဲ၊ သမီး မိဘတွေကို ကြောက်လို့လား၊ အဖေ လိုက်ပြောပေးမှာ မကြောက်နဲ့'

'ဟင့်အင်း… မကြောက်ပါဘူး'

ခေါင်းတခါခါနဲ့ ငြင်းတယ်။ ပြောခဲ့သလိုပေါ့။ မိဘဆိုတာ သူ့ အတွက် အနိုင်ကျင့်စရာလေ။ ဒါနဲ့…

'ဩော်… သိပြီ၊ ဟိုကောင်က သမီးကို ဘာနဲ့ခြိမ်းခြောက်ထား လဲ၊ ပြော… သမီး၊ အားမငယ်နဲ့၊ ဒီကောင့်ကို အဖေက အသေနိုင်တာ၊ သမီး သူ့ကို ကြောက်စရာမလိုဘူး၊ သမီး သူ့ကိုကွာရင် ဘာလုပ်မယ်၊ ညာလုပ်မယ် ခြိမ်းခြောက်ထားတယ်မဟုတ်လား၊ ဒီကောင့်အကြောင်း မသိ ရင် ခက်မယ်'

အတင်းအစ်အောက်မေးတော့ ချွေးမဖြစ်သူက မျက်နှာငယ်လေး နဲ့…

'သမီးအမှန်အတိုင်းပြောရမလား'

'အဲလိုလုပ်စမ်းပါ၊ ဟင်း… ဟင်း… အမှန်အတိုင်းသာပြော ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူထင်တာ မှန်တယ်တွက်ပြီး အပိုင်ပြောတယ်။ ဒါပေမဲ့ ခွက်ခွက်လန်လွဲသွားတယ်လေ။

'အမှန်အတိုင်းပြောရရင် သမီးက မိဘတွေကြောင့်လည်း မဟုတ်သလို၊ မောင့်ကို ကြောက်လို့လည်း မဟုတ်ပါဘူး၊ သမီးကိုယ်တိုင်ကိုက သူ့ကို မကွာနိုင်တာ'

'ဟော'

ပါးစပ်ကြီး ဟသွားတော့ ချွေးမဖြစ်သူက ရှက်ပြုံးလေးနဲ့…

'ဟုတ်တယ်၊ သမီးက သူ့ကို အရမ်းချစ်လို့ပါ၊ သူနဲ့ခွဲရရင် သမီးဘဝက အဓိပ္ပာယ်မဲ့သွားမှာပေါ့'

'ဩော်'

ဒီစကားကို ကြားတယ်ဆိုရင်ပဲ မျက်နှာကြီးမဲ့သွားတယ်။ စိတ်ထဲမှာလည်း သားဖြစ်သူဟာ သူ့မိန်းမကို ဘယ်လိုများ စည်းရုံးထားပါလိမ့်တွေးနေတယ်။ ချွေးမဖြစ်သူက မျက်နှာသေလေးနဲ့…

'ဒီနေ့ သမီးတို့အိမ်ထောင်သက် တစ်နှစ်ပြည့်ပြီလေ၊ ကွဲကြောင်းကွာကြောင်းတွေ သိပ်မပြောပါနဲ့လား အဖေရယ်၊ စကားနောက် တရားပါနေပါ့မယ်'

'ကောင်းရောကွာ'

ဦးမင်းလွင် နဖူးလက်အုပ်သွားတယ်။ ဩော်… ကိုယ့်မှာတော့ ချွေးမဘက်က မခံမရပ်နိုင်ဖြစ်လိုက်ရတာ။ အခုတော့ သူတို့က ဘယ်လိုများ ပြေလည်နေကြပါလိမ့်ပေါ့။ တတ်လည်းတတ်နိုင်ပါ့လို့ တွေးနေတယ်။

တော်ပါပြီ။ နောက်တစ်ခါ သူတို့ကြားမဝင်တော့ဘူး ဆုံးဖြတ်လိုက်တယ်။

'ကဲ… ဒါဆိုလည်း ပြီးရော၊ ဟိုကောင်ရော'

'အဟင်း… အဖေ့ကို တွေ့ရမှာစိုးလို့ အိပ်ချင်ယောင်ဆောင်နေတယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းကွာ'

'သွားနှိုးပေးရမလားဟင်'

ဘာများပြောစရာရှိတော့လို့လဲ။ ပြောစရာလည်းလိုမှ မလိုတော့ဘဲ။

'ရပါပြီ သမီးရယ်၊ နှိုးမနေပါနဲ့၊ ဒီနေ့တော့ ရှိစေတော့၊ သမီးတို့ ဘုရားသွားမယ် မဟုတ်လား၊ နောက်နေ့ကျရင် ဒီကောင့်ကို အဖေ့ရုံးခန်း ခဏလွှတ်လိုက်ပါ၊ သေချာမှာထားတယ်လို့'

'ဟုတ်'

ဦးမင်းလွင် ခေါင်းတရမ်းရမ်းနဲ့ အိမ်ထဲက ထွက်ပြီး ကားထဲဝင် လိုက်တယ်။ ကားစက်ကိုနှိုးပြီး ချွေးမဖြစ်သူကို ပြုံးပြလို့ မောင်းထွက်လိုက် တယ်။ ငယ်ငယ်စိုး အပြုံးလေးနဲ့ ကျန်ခဲ့တယ်။ ပြီးမှ ယောကျ်ားဖြစ်သူကို ပြောပြဖို့ အိပ်ခန်းဘက်ဆီ ပြေးသွားတော့တာ။

❖ ❖ ❖

'ဒါဆို မင်းတို့မနေ့က လျှောက်လိမ့်ကြတာပေါ့၊ ငါက မလာလို့ နေများမကောင်းဘူးမှတ်တာ'

'အေးကွာ၊ ငါလည်း ဖုန်းဆက်ရမှာ ပျင်းလို့ကွ၊ ငါ့မိန်းမလေး သနားပါတယ်ကွာ၊ သူက ငါနဲ့အဲလိုလျှောက်သွားချင်တာကွ၊ ပျော်နေတာ များ ကလေးလေးကျနေတာပဲ၊ ငါကိုယ်ငါ သူနဲ့မတန်သလို ခံစားရတယ်'

ကျွန်တော့်စကားကြားတော့ သိန်းဝေ ငိုင်သွားတယ်။

'ဟုတ်တယ် မိုးလွင်၊ မင်း သူ့အပေါ် မကောင်းတာ များပြီ မင်းအကျင့်ကို ပြင်သင့်ပြီ'

'ဟ... ငါလည်း ပြင်တာပဲ၊ ဒါပေမဲ့ ငါ့ဇယားတွေနဲ့ တွေ့ပြီ တော့ မင်းသိတဲ့အတိုင်း ရှောင်မရဘူးကွ'



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ငနဲက ထုံးစံအတိုင်း ဆရာလုပ်တယ်။

'မင်းတို့ ကလေးမယူကြသေးဘူးလား၊ ဘာပဲဖြစ်ဖြစ် ဒီနှောင်ကြိုး လေးရှိလာရင် မင်းလည်း ဆင်ခြင်တတ်လာမှာပဲ မဟုတ်ဘူးလား'

ပြောတော့ ကျွန်တော်က သက်ပြင်းကို ချရင်း...

'ဟင်း... ငါပြောပါတယ်၊ ကလေးယူရအောင်ပေါ့၊ ငါ့အမေဆို လည်း မြေးချီချင်ပြီ၊ ခဏခဏပြောတယ်၊ ခက်တာက ငယ်ငယ်၊ သူက မယူချင်ဘူးတဲ့'

'ဘာလို့လဲ၊ ကလေးမွေးရမှာစိုးလို့လား'

'မဟုတ်ဘူး ဟကောင်ရ၊ ငါ့ကြောင့်တဲ့ကွ၊ သူပြောတာကလည်း သူ့ဘက်ကကြည့်ရင် ဟုတ်တာပဲ'

'သူက ဘာပြောလဲ'

'အခု သူ ပြင်ပြင်ဆင်ဆင်နဲ့ လုပ်နေတာတောင် ငါက သူ့အနား မရှိတာတဲ့၊ ကလေးတစ်ယောက်အမေဖြစ်သွားရင် ငါပစ်သွားမှာစိုးလို့တဲ့ ကွာ၊ အဟဲ... ရယ်တော့ရယ်ရသားကွ၊ ငါက အဲလိုကောင်စားမျိုးလား'

'အဲဒီထက်ဆိုးမယ့်ရုပ်'

'ဘာကွ'

ကျွန်တော် စိတ်ဆိုးသွားပေမယ့် ဒီကောင်က...

'မိုးလွင်... မင်းပွေတာကို လျှော့သင့်ပြီ၊ ကြာရင် မင်း ဒုက္ခ ရောက်မယ်'

'အံမယ်... ငါ့ကိုတော့ ပြောတယ်၊ မင်းကျတော့ရော'

ငနဲ ကိုယ့်စကားနဲ့ကိုယ် မဲ့သွားတယ်။ ဒီကောင်ကျတော့ တမင် သွားတာ မဟုတ်။ ကြုံလို့ဖြစ်သွားတတ်တာ။ လူတွေက ပြောပြောနေကြတာ ထားသမားမှန်ရင် မိန်းမကိစ္စနဲ့ သိပ်မကင်းဘူးတဲ့။ အနည်းနဲ့အများပဲ ဘာတဲ့။ ဒါက အသေအချာမသိလို့ပါ။ လက်ခုပ်ဆိုတာ တစ်ဖက် တည်းတီးလို့မှ မမြည်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက တစ်ဘက်တည်း မတွေးဖို့ပါ။ ကျွန်တော် သိန်းဝေ ကြုံခဲ့ရတဲ့ ကိစ္စတစ်ခုကို ပြောကြည့်မယ်။ တစ်နေ့ပေါ့။ သိန်းဝေ ယုဇန ဥယျာဉ်မြို့တော်ကနေ ခရီးသည်ပို့ပြီး ခါလီပြန်လာတယ်။ မြို့အထွက်မှာပဲ အမျိုးသမီး ပါစင်ဂျာတစ်ယောက်ကို ရလိုက်တယ်။

ခရီးကလည်းဝေး၊ ပျင်းကလည်းပျင်းတော့ ကစားတွေ ဖောင်လာကြတယ်။ အဲ… မြို့ထဲပြန်ရောက်မှပဲ ပြဿနာက စတော့တာ။

'ကဲ… ရောက်ပြီ၊ ဆင်းတော့ဗျာ'

ပြောတော့ ငနဲမက ပြုံးစစနဲ့ ကြည့်ရင်း…

'ကျွန်မမှာ ကားခပေးစရာတစ်ပြားမှ မရှိဘူး၊ ရှင်ခေါ်ချင်တဲ့ဆီသာ ခေါ်သွားတော့'

'ဗျာ'

သိန်းဝေ ပါးစပ်ကြီး ဟသွားတယ်။ ဒီခရီးက အတော်ဝေးတော့ Taxi ခကများတယ်လေ။ သဘောထားကြီးကြီးနဲ့ စာနာပြီး…။

'ရပါတယ်ဗျာ၊ နောက်ကြုံတော့ပေးပေါ့'

'ဟင့်အင်း… ကျွန်မ မသွားဘူး'

'ဟာ'

သိန်းဝေက အဲဒီတုန်းက မောင်းစဆိုတော့ ကားသမားပါး မဝ တတ်သေး။ ဘယ်လိုပြောပြော မဆင်းတာနဲ့ ဂိတ်ကို မ,ချလာတယ်။ ကျွန်တော့်ကို အကြောင်းစုံ ခင်းပြတယ်။ တစ်ချက်ရှိုးလိုက်တော့ ငတိမက လန်းတယ်။

ဒါနဲ့ ကျွန်တော်က ကျွန်တော့်တိုက်ခန်းသော့ကိုပေးရင်း မြှောက် ပေးတယ်။

'ဒါများကွာ… ရော့၊ ဒါ ငါ့အခန်းသော့ပဲ၊ ဟော့ကောင် တန်ပါ တယ်ကွာ၊ မဆိုးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဖြစ်ပါ့မလားကွာ'

'မင်း သောက်ပေါလား၊ မင်းကွာ၊ ယုန်က မတိုး ပိုက်ကတိုးတာ တောင်'

ဒီကောင်က အံကြီးကြိတ်ပြီး ဖယားမကို ကြည့်တယ်။ ကြည့်ရင်း မျက်နှာကြီးနီကာ…

'အေးကွာ၊ မရတော့ ရတာပဲ'

ဒါနဲ့ပဲ ဒီကောင် တစ်နေကုန်သွားတယ်။ နောက်တော့ ဒီကောင် ပါးသွားတယ်။ ကောင်မလေးတွေဆို အနေအထားကိုကြည့်ပြီး လန်းမှတင် တယ်။ စောစောကလို ကိစ္စမျိုး ပေါ်လာခဲ့ရင်လည်း ကျွန်တော့်အခန်းက ဒီကောင့်နန်းဖြစ်ဖြစ်သွားတတ်တယ်။ ဒါက တမင်လုပ်တာ မဟုတ်ပေမယ့် ကြုံတတ်လို့ လုပ်တာလေ။

ဒါပေမဲ့ အခုနောက်ပိုင်း ဒီကောင် ငြိမ်သွားတယ်။ ဘယ်လိုကြုံ ကြုံ သူ မလုပ်တော့ဘူး။ အကြောင်းက ဒီလိုဗျ။ အဲ့လိုပေါ့။ ဖယားတစ် ခွေကို သူဆွဲလာပြန်တယ်။ ကျွန်တော့်အခန်းမှာ တစ်နေကုန်ပေါ့။ ညနေ စောင်းတော့ ငနဲ ပျာပျာ ပျာပျာနဲ့ မျက်နှာပျက်ပြီး ရောက်ချလာတယ်။ ကျွန်တော်က…

'ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား'

မေးတော့ ငနဲက ရှုံ့မဲ့လို့…

'အဆင်တော့ ပြေပါတယ်ကွာ၊ ဒါပေမဲ့ ငါ့ဖုန်းနဲ့ပိုက်ဆံတွေ ပါအိပ်နေတုန်း နောမ သုတ်သွားပြီကွာ၊ သွားပါပြီ၊ ဟမ်းဆက်ကငါးသိန်း ကျွ၊ ဒီတစ်ခါတော့ မတန်ဘူးကွ၊ မတန်ဘူး'

အဲလိုပေါ့။ ကိုယ်ထက်လည်တဲ့သူနဲ့တွေ့ပြီး နောက်ပိုင်း ဒီကောင် လုပ်တော့တာ ခုချိန်ထိပဲ။

ကျွန်တော် အတွေးကောင်းနေတုန်း…



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ်ကွာ၊ ငါကတော့ ကားမမောင်းတော့ဘဲ ငါ့ယောက္ခမ စီးပွားရေးပဲ ဦးစီးတော့မယ်၊ ယောက္ခထီးမရှိတော့ဘူးဆိုတော့ ငါ့တာဝန်ပဲ'

'ဟင်… မင်း တကယ်ပြောတာလား'

'အင်း… ဒီကားမောင်းနေရင် ဒီကိစ္စတွေနဲ့ မလွတ်ဘူး၊ ငါ… ငါ ဆင်ခြင်ရတော့မယ်၊ ဘာလို့လဲဆိုတော့ မိသူမှာ အခု ကိုယ်ဝန်ရှိနေပြီလေ'

'ဟင်… တကယ်'

ကျွန်တော်က အံ့သြတကြီးမေးတော့ ဇော်က ခေါင်းညိတ်တယ်။

'ဒီထက်သေချာတာက အထဲက မိန်းကလေးဖြစ်နေတယ်လေ၊ ငါ့ရဲ့ အမည်းစက်တွေဟာ သမီးလေးကို အရိပ်မထင်စေချင်ဘူး၊ ဒီတော့ မကြာခင်မှာ ငါတို့ ခွဲကြရမယ်'

တစ်သက်လုံးပေါင်းလာတဲ့ကောင်တွေ စီးပွားရေးအရ ဝေးရတော့ မယ်လေ။

'မင်းလည်း ဖြစ်နိုင်ရင် တခြားစီးပွားရေးလုပ်စေချင်တယ်၊ မင်းရဲ့ မျိုးဆက်အတွက်ပေါ့'

ကျွန်တော် ငိုင်သွားတယ်။ ဟိုကောင် မြင့်မိုးက အသောက် အစားရှိတာကလွဲလို့ တရားသမား။ ဆိုလိုတာက အရမ်းတရားရှိတာတော့ မဟုတ်။ ဒါပေမဲ့ ဒီကောင်က သမထလို့ခေါ်တဲ့ တရားထိုင်ခြင်းကို တစ်နေ့ နှစ်ကြိမ်လုပ်တယ်။ ဒီကောင့်အတွက်က မပူရပါ။

'အေးကွာ၊ ငါလည်း အဖေ့ဆီမှာ လုပ်မှထင်တယ်၊ မင်းမရှိရင် ငါလည်းပျင်းတယ်၊ ဟုတ်တယ်၊ ငါ ဆင်ခြင်သင့်ပြီ၊ ဪ… ငါ့ ဒီနေ့ အဖေက သူ့ရုံးခန်းကို ခေါ်ထားတယ်ကွ၊ ဘာကိစ္စလဲ မသိဘူး သွားတော့ သွားရဦးမယ်'

'ဘာပဲဖြစ်ဖြစ် မိဘစကားနားထောင်တာ မမှားဘူးကွ၊ အဟဲ… ငါ့ကိုပဲကြည့်လေ'



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ဆရာလုပ်တာနဲ့ပဲ ကျွန်တော်က မျက်စောင်းထိုးတော့ ငနဲက သွားဖြဲပြတယ်လေ။

❖ ❖ ❖

ကျွန်တော် အဖေ့ရှေ့ရောက်တယ်ဆိုရင်ပဲ ရုပ်တည်နဲ့ မော့ကြည့်လို့ ပြုံးပြလိုက်တော့ မျက်နှာကြီးမဲ့သွားတယ်။ ကိုယ့်အဖေရုံးခန်းဆိုတော့ သူမထိုင်နိုင်းဘဲ ကိုယ့်ဘာသာဝင်ထိုင်လိုက်ရင်း ဘေးဘီကို ဝေ့ကြည့်တာ။

'အဟဲ… အဖေ့စာရေးမတွေကဲ အလန်းလေးတွေချည်းပဲနော်'

ပြောတော့ အဖေက စွေကြည့်တယ်။ စိတ်အတော်ကုန်နေတဲ့ပုံစံနဲ့ ကျွန်တော့်ကို ကြည့်တာ…

'မင်း အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ'

'တစ်နှစ်ပါ'

'မင်း တက္ကသိုလ်ဆင်းတာရော'

'တစ်နှစ်ပါ'

'ဟုတ်ပြီ၊ မင်း အခု ဘယ်လိုရှေ့ဆက်မယ် စဉ်းစားလဲ'

'အဟဲ… ဘယ်လိုပြောရမလဲပေါ့နော်၊ သမီးက… အဲလေ… ဆောင်လို့၊ ဟာဗျာ အဖေမေးတာ အင်တာဗျူးဖြေနေရတဲ့ အတိုင်းပဲ'

'ငါလည်း ဒီလိုဗျူးရတာကို အကျင့်ပါနေတာ၊ ကဲ… ပြောပါဦး၊ မင်း ဒီပုံစံနဲ့ ဘယ်လိုရှေ့ဆက်မလဲ'

သူ့မေးခွန်းက ဘယ်ကိုဦးတည်နေတာလဲ မသိတော့ ကျွန်တော် ခေါင်းကုတ်နေမိတယ်။

'ဟွန်း… မင်း မဖြေနိုင်တော့ဘူး မဟုတ်လား၊ သားတစ်ယောက်ဟာ မိဘကို ဒုက္ခပေးမယ့်အကောင်ဖြစ်နေတယ်၊ မိန်းမပေးစားပြန်တော့ ငြိမ်တဲ့အပြင် ပိုတောင်ဆိုးနေသေးတယ်။ မင်းလိုကောင်မျိုး ငါ့အမျိုးထဲ မှာ ဘူးကွ၊ မရှိဘူး၊ မင်းကြောင့် နာမည်ပျက်တယ်'

www.burmeseclassic.com



အဖေက ဒေါ်နဲ့မောနဲ့ ပြောနေပေမယ့် ကျွန်တော်က အပြုံးမပျက်ပါ။

'ဝုဏ်တောင်ယူရဦးမှာ'

'ဘာကွ'

'ဟုတ်တယ်လေ၊ ကျွန်တော် တစ်ယောက်ပဲ ထွန်းပေါက်တာဆိုတော့ အဖေ ဝုဏ်ယူလိုက်စမ်းပါ'

ကျွန်တော့်အဖေ ဒေါသထွက်နေတုန်း အတွင်းရေးမှူးမလေး ရောက်လာတယ်။ ကျွန်တော်လည်းငေးတာပေါ့။

'ဆရာ… မန္တလေးက ဖုန်းလာတယ်'

'မအားသေးဘူး၊ သမီးပဲ ကြည့်ပြောလိုက်ကွာ'

'ဟုတ်'

ဆို… စက်ကပ်ကျေး(ဆက်ခစ်ထရီ)လေးက ကျွန်တော့်ကို မျက်စိလှန်ကြည့်ရင်း ကော့ပက်ကော့ပက်နဲ့ ပြန်ထွက်သွားတယ်။

'အဟဲ… လှတယ်နော်၊ ကျွန်တော်တောင် ဒီမှာ အလုပ်လုပ်ချင်လာပြီ'

'ဟေ့ကောင်… တိတ်စမ်း၊ အဲဒါ ငါ့… အဲလေ ငါ့အလုပ်သမားကွ၊ မင်း ဒီလိုပုံစံမျိုးနဲ့ဆို ကြာရင် မဖြစ်တော့ဘူး၊ မင်း အချိုးပြင်မလား၊ ပြင်မလားနဲ့ စောင့်ကြည့်နေတာ၊ မပြင်ဘူး၊ ဒီတော့ မင်းကိုငါ နောက်ဆုံး ပြောမယ်'

'ဟုတ်ကဲ့'

ကျွန်တော်က နောက်ဆုံးစကားကိုပဲ ကြားချင်နေတာ။ ဒါမှ နားညည်းသက်သာမယ်မဟုတ်လား။

'အေး… မင်း တက္ကစီဆက်မောင်းမလား၊ တခြားအလုပ်လုပ် မလား၊ တက္ကစီဆက်မောင်းရင် မင်းကို အမွေဖြတ်မယ်၊ ဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ… ဘာမှလည်း မဆိုင်ဘူး'

'ဆိုင်တယ်ကွ၊ မင်းကို ဒီအတိုင်းလွှတ်ထားရင် သိုးပေတေနေမှာ၊ မင်းတို့အိမ်ထောင်ရေးသာယာမှာ မဟုတ်သလို ငါလည်း စိတ်ဆင်းရဲရတယ်၊ မင်းစိနက်ကြောင့် ငါ့ချွေးမလေးလည်း ကလေးမယူရဲဘူး၊ ဒီတော့ မင်းတို့ရဲ့ အိမ်ထောင်ရေးဟာ ရှေ့လျှောက် သာယာပါ့မလား'

ကျွန်တော် ငိုင်သွားတယ်။ မွေတာကတော့ တခြားလုပ်လည်း ကိုယ်စိတ်ပါရင်ဖြစ်တာပဲ။ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်ကလည်း မသိုနဲ့ မသန့်ခံစားရတယ်။

'မင်းကို တစ်လအချိန်ပေးမယ်၊ ငါ့စကား နားထောင်ရင် ငါ့ လက်အောက်မှာ လုပ်ရမယ်'

'အဟီး… ဒီကောင်မလေးတွေနဲ့လား၊ ဟိုး… ဟိုး… လုပ် လိုက်သမှ ဟိုဘက်တောင်လွန်သေး'

အဖေက ဘာမှမပြောဘဲ ပြုံးနေတယ်။ ဒီရုံးခန်းထိုင်ရမယ့် အလုပ် ကြီးကျတော့ အပျင်းသား။

'ကျွန်တော့်မိန်းမနဲ့ တိုင်ပင်လိုက်ဦးမယ်ဗျာ'

'ဘာဖြစ်လို့လဲကွ'

'ဟာ… အဖေ့အလုပ်က တစ်လရမှ တစ်သိန်းအပြင် မပိုဘူး၊ ကျွန်တော့် ကားမောင်းတာက တစ်နေ့ သုံးသောင်းဆိုလည်းဟုတ်၊ ငါးသောင်းဆိုလည်းဟုတ်၊ ဒီတော့ ပြန်တိုင်ပင်ဦးမယ်ဗျာ'

အဖေက မျက်နှာကြီးပြန်မာသွားတယ်။

'အေး… မင်း ငါ့အကြောင်းသိပါတယ်၊ ငါကတစ်ခွန်းပဲ'

ပြောပြီး သူ့ရှေ့က ဖိုင်တွဲတွေကို ဟိုဒီလှန်ရင်း လက်မှတ်လိုက်ထိုး နေတာနဲ့ ကျွန်တော်လည်း ပြန်ထွက်လာခဲ့တယ်။ အပြင်ရောက်မှပဲ စိတ်ထဲ လွတ်လပ်သလို ဖြစ်သွားလေရဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… အမေ လာလည်တယ်'

ငယ်ငယ်စိုးက ကားသံကြားလို့ အိမ်ထဲက ထွက်လိုက်တော့ ယောက္ခမဖြစ်သူ ဒေါ်မိုးမိုးကို တွေ့ပြီး အံ့ဩဝမ်းသာသွားတယ်။

'အေး… သမီးက နေနိုင်တာကိုး၊ ဒီတော့ အမေ လိုက်လာရတာပေါ့၊ အောင်မလေး ငါ့သမီးလေးက ပိုလှလာသလိုပဲ'

ယောက္ခမဖြစ်သူက ချွေးမရဲ့ လက်ကိုဆွဲပြီး အိမ်ထဲဝင်လာတယ်။ ဆိုဖာမှာ ဝင်ထိုင်ကြရင်း…

'အိမ်ထဲတကုပ်ကုပ်နဲ့ဘာလုပ်နေကြတာလဲ'

'ညီမလေးကို ဟင်းချက်သင်ပေးနေတာလေ၊ ဩော်… အမေ ခဏနော်'

ပြောပြီး အိမ်ထဲပြေးဝင်သွားတော့ ယောက္ခမဖြစ်သူ ပြုံးရင်းကြည့်နေတယ်။ သားဖြစ်သူအကြောင်းတွေးပြီး ချွေးမဖြစ်သူကို သနားနေတယ်။ ဒါပေမဲ့ ချွေးမရဲ့ ကံကောင်းတယ်လို့ စဉ်းစားမိပြီး ကျေနပ်နေတယ်။

'အမေ… အမေ့ပြေသောက်လိုက်ဦး'

'အေးကွယ်၊ သမီးက လိမ္မာတာပဲ'

ပေးတဲ့အအေးခွက်ကို ယောက္ခမဖြစ်သူက ယူရင်း တစ်ငုံစာ သောက်ပြီး စားပွဲပေါ်တင်လိုက်တယ်။ ပြီးမှ…

'ညည်းနှယ်… နေနိုင်လိုက်တာ၊ အိမ်တောင်လာဖော်မဘူး'

'သမီးလည်း လာမလို့ပါပဲ၊ မလာအားသေးလို့'

ယောက္ခမဖြစ်သူက တွေးတွေးဆဆနဲ့ ပြုံးရင်း…

'အင်း… သမီးကို ရှေ့မျက်နှာနောက်ထားပြီး ပြောရမှာပဲ၊ အမေ့ သားအတွက် တောင်းပန်ပါတယ်ကွယ်'

'အိုး… ရပါတယ်၊ အမေ မတောင်းပန်ပါနဲ့၊ သမီး ငရဲကြီးနေပါ့ မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကြီးခါမှကြီးရော၊ ဒီကောင်လေး လုပ်ရပ်တွေက မဟုတ်တော့ သမီးကို အားနာတယ်၊ အင်း… ဒီအတိုင်းဆိုရင်တော့ ကြာရင်မလွယ်ဘူး၊ သမီး ကလေးယူပါလား၊ ဒါဆိုရင်တော့ ဒီကောင်လေး အိမ်မြဲမယ်ထင်တယ်'

ပြောတော့ ချွေးမဖြစ်သူက ရှက်သွားတယ်။

'ရှက်မနေပါနဲ့ သမီးရယ်၊ အမေလည်း မြေးချီချင်ပြီ၊ ညည်းတို့နဲ့ အတူ အိမ်ထောင်ကျတဲ့သူတွေ ကလေးရကုန်ပြီလေ'

'အမေရယ်… အဲဒါမှ ကလေးတစ်ယောက်အမေကြီးဆို အမေ့သား စိတ်ကုန်ပြီး ပစ်သွားမှာ'

ပြောတော့ ယောက္ခမဖြစ်သူက ပြုံးတယ်။

'ဩော်… သမီးရယ် ညည်းထင်လို့ပါ၊ ဘယ်ယောက်ျားမှ ကိုယ့်ရင်သွေးကို မပစ်ဘူး၊ အဟင်း… သမီးက စိုးရိမ်တတ်လိုက်တာ၊ ဩော်… ဟိုနေ့က ပြည်သွားမယ်လို့ သမီးကို ညာပြီး ကောင်မတစ်ယောက်နဲ့ တွေ့နေတယ်ဆို၊ ရှက်ဖို့ကောင်းလိုက်တာ'

ပြောတော့ အတင်းလိုက်ကာတယ်။

'ဟိုလေ၊ တွေ့တာ မဟုတ်ပါဘူး၊ သမီးအထင်ပြောတာပါ၊ အဟင်း… သူ အဲလောက်မဆိုးပါဘူး'

ပြောတော့ ယောက္ခမဖြစ်သူက မျက်စောင်းထိုးတယ်။ မလုံမလဲဖြစ်နေတဲ့ ချွေးမကို…

'ဘာမဟုတ်ရမှာလဲ၊ ငါ့ကို ညည်းအဖေ အကုန်ပြောပြီးသား၊ ဘာလို့ သူ့ဘက်က လိုက်ပေးရတာလဲ၊ ညည်းအပေါ် ဒီလောက်ဆိုးနေတာ'

'ဟိုလေ၊ သမီးက လိုက်ပြောတာ မဟုတ်ပါဘူး၊ သူက သမီးအပေါ် ကောင်းပါတယ်'

'ဟွန်း… ညည်း အဲလိုကြပ်ကြပ်လုပ်လေ ဟိုကောင်က ရောင့်



www.burmeseclassic.com

www.burmeseclassic.com



တက်လေပဲ၊ သမီး ဒီကောင့်ကို ပျော့စိစိမျက်ရည်ခံထိုးလို့ကတော့ တက်နင်းသွားလိမ့်မယ်၊ ဒီကောင့်ကို အကြမ်းနည်းသုံးမှ ရမှာ'

မြှောက်ပေးတော့ မျက်နှာပေလေးနဲ့ စဉ်းစားတယ်။

အတွေးထဲမှာ ယောကျ်ားဖြစ်သူကို ကြိုးနဲ့တုပ် နင်ပွေဦးဟယ် ရှုပ်ဦးဟယ်ဆို မျက်နှာမာကြီးနဲ့တဖုန်းဖုန်းရိုက်၊ နာနကို ပြောပါတယ်။ လည်ပင်းကိုညှစ်၊ လျှာတစောင်းကိုက်ပြီး ဆန့်ငင်ငင်ဖြစ်နေမှာကို တွေးလို့ သနားသွားတယ်လေ။

'အမေရယ်… ချစ်လို့ယူထားပါတယ်ဆိုမှ သမီးက သူ့ကို ဘယ်လိုလုပ်ကြမ်းရက်မှာလဲလို့'

'ညံ့ပါ့အေ'

ယောက္ခမဖြစ်သူက ချွေးမကို ပေါတာမလေးလို ကြည့်ကာ…

'သူမဟုတ်တာလုပ်ရင် ညည်းက မခံနဲ့လေ၊ မိန်းကလေးပဲ နှုတ်သီးကောင်းပြီးသား၊ ပိုးစိုးပက်စက်ပြောပစ်လိုက်ပေါ့၊ ဘယ်တော့မှ မျက်နှာသာမပေးမှ ညည်းကိုကြောက်တော့မပေါ့၊ အခုတော့ ညည်းက သူ့ကို ငိုပဲပြနေတာကို၊ ဒီတော့ ဒီမိန်းမ ဘာကြောက်စရာရှိတာမှတ်လို့ဆို လည်ပင်းပါတက်နင်းပြီး အငယ်ပါအိမ်ပေါ်ခေါ်တင်လာလိမ့်မယ်'

'ဟင်… အဲလိုကြီးတော့ သူ မလုပ်လောက်ပါဘူး'

ချက်ချင်း မျက်နှာငယ်လေးနဲ့ ပြောတော့…

'ဟွန်း… ဒီပုံအတိုင်းဆို ဒီလိုပဲ ဖြစ်တော့မှာ'

'အမေကလည်း'

'ဘာ အမေကလည်းလဲ၊ နေရာတကာ ပျော့လို့မရဘူး၊ ကြမ်းသင့် ကြမ်းရတယ်၊ ငါ့ယောကျ်ားဆို ကိုမင်းလွင်ရေဆို ရေပါခပ်ပြီးသား၊ ယောကျ်ားကို စည်းရုံးတယ်ဆိုတာ လျှော့ပေးတိုင်း မကောင်းသလို တင်းတိုင်းလည်း မကောင်းဘူးနော့၊ မလျှော့မတင်းပုံမှန်မှ သင်းတို့က ပုံစံကျတာ'



www.burmeseclassic.com

www.burmeseclassic.com



ချွေးမဖြစ်သူက ခေါင်းကိုတဖျင်းဖျင်းကုတ်တယ်။ ငြိမ်ငြိမ်လေး အခန်းဝကနေ ခိုးနားထောင်နေတယ်။

'ညည်းအဖေ ငယ်ငယ်ကဆို သူ့သားလိုပဲ အရမ်းဝွေချွင်တာ၊ အမေက အညှာကို ကိုင်ထားလို့ ဟွန်း'

'ရှင်… ဘယ်… ဘယ်လို'

'ဩော်… ညည်းနှယ် ညံ့ပ့ါ၊ သူ ဗွေဖောက်ချင်လာပြီဆို ငါက ဟုတ်ဟုတ်မဟုတ်ဟုတ် ယောက်စားလုပ်ပစ်လိုက်တာ၊ အညှာဆိုတာ ဘာလဲ သိလား၊ အေး… မသိရင် မှတ်ထား၊ ………………'

ညနေစောင်းမှပဲ ယောက္ခမဖြစ်သူ ပြန်သွားတယ်။ အဲ… ဘယ်လို ရယ် ဘာရယ် လောလောဆယ် မသိပေမယ့် နားတော့အတော်ကို အူကျန် ခဲ့တယ်လေ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တကယ်တော့ တရားသဘောနဲ့ ကြည့်တတ်ရင် ရုပ်ဝတ္ထုပစ္စည်းတွေဟာ အခွံသက်သက်ပါ။ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာကြီးဟာလည်း အနိုက်အတန့်ပဲ။ တိုက်တို့ကားတို့ဆိုတာလည်း သာမန်တွေပါပဲ။

ဒါပေမဲ့ ဒီအဖိုနဲ့အမကြားက ပြဿနာကိုတော့ တွေးရတာ အတော်ခေါင်းခြောက်ဖို့ ကောင်းပါတယ်။ အဖိုဆိုတာရှိလို့ အမဆိုတာ ဖြစ်လာတာပဲထား။ ဒီအဖိုက အမမရှိဘဲ ဘယ်ကနေလာလဲ။

ကြက်မနဲ့ ကြက်ဥ ဘယ်ဟာက အရင်ဖြစ်တာလဲဆိုသလိုပေါ့။ ထားပါတော့။ ကျွန်တော် အောင်မင်္ဂလာ ကားဝန်းထဲ ခရီးသည်လိုက်ပို့ပြီး ပြန်ထွက်လာတော့ ဒီအကြောင်းတွေးနေမိတာ။

တရားသဘောနဲ့ ကြည့်ရင် ဒါတွေဟာ အင်မတန်မှ စက်ဆုပ်ဖွယ် ရွံရှာဖွယ်ရာ ကိစ္စတွေပါ။ သေသေချာချာစဉ်းစားကြည့်ရင် အလှအပဆိုတာ အရေပြားတစ်ထောက်ပဲ မက်စရာရှိပေမယ့် ဒါတွေကိုသာ အရင်လူတွေကျင့်သုံးပြီး ရှောင်ခဲ့မယ်ဆို ကျွန်တော်တို့ကို မွေးပါတော့မလား။

အနိစ္စသဘောနဲ့ ကြည့်ရင်တော့ အတော့်ကို ဆိုးဝါးပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကောင်မလေးတွေကို တရားသဘောနဲ့…။



www.burmeseclassic.com

www.burmeseclassic.com



ဩော်… အပုပ်ကောင်က ရုပ်ဆောင်နေတာပါလားဆို ကြည့်ဖူးတယ်။ အဟဲ… ဒါပေမဲ့ ကြည့်လေ။ အဲ… အပုပ်ကောင်တွေကို ဗိုခင်တွယ်လေပဲ။ လှတာကိုးဗျ။'

ဩော်… ဒါကြောင့် ခေတ်အဆက်ဆက်က ပုရိသတွေ မရှောင်နိုင်ကြတာပါလား တွေးလို့ ပြုံးလိုက်တယ်။

ကားဝန်းထဲက အထွက်မှာပဲ အတော်နိုတ်တဲ့ မိန်းမတစ်ယောက်တားတာနဲ့ ဝမ်းသာအားရ လမ်းဘေးချရပ်လိုက်တယ်။

'အဟဲ… အနီစွသဘောနဲ့ အနိုတ်ကလေးကို စလိုက်ဦးမှ၊ အံမယ်အတော်လန်းတာပဲ'

ကြောင်ဖို့ရာ အရင်တွေးပြီး မျက်နှာကို ပြုံးလိုက်ကာ…

'ဘယ်လဲ ညီမလေး'

'မြောက်ဥက္ကလာ ဘယ်လောက်လဲဟင်'

ဈေးကို ပြောလိုက်တော့ မျက်နှာလေးမဲ့သွားတယ်။ လက်ကောက်တွေအများကြီးနဲ့ ဟမ်းဖုန်းကိုမှ အားမနာ ဈေးဆစ်တော့တာ။

'များတယ်ရှင်၊ လျှော့ဦး၊ ကျွန်မက သွားနေကျ'

'မများပါဘူးဗျာ၊ ကျွန်တော်ကလည်း မောင်းနေကျ'

မိန်းကလေးပီပီ ဈေးကိုမရရအောင် ဆစ်တယ်။ နောက်ဆုံး ငါးရာကို အတင်းလျှော့ခိုင်းတာနဲ့ ကိုယ်က နဂိုဈေးတင်ပြီးသားဆိုပေမယ့် မလျှော့ချင် လျှော့ချင်လျှော့ပေးလိုက်ရတဲ့ ပုံစံလုပ်လိုက်တယ်။

ဒီတော့မှ ငတိမက ကျေနပ်သွားတဲ့ ပုံစံနဲ့ ကားထဲဝင်ထိုင်တယ်။

ကားကိုမောင်းထွက်လိုက်ရင်း အနေအထားကို ဘက်မှန်ထဲက တစ်ချက်ကြည့်လိုက်တော့ အဆင်ချောမယ့်ပုံရှိတာနဲ့ ကျွန်တော် ပြုံးလိုက်တယ်။ လမ်းမကြီးပေါ်ရောက်တာနဲ့…

'တကယ်တော့ ညီမရယ်၊ ကားတွေကများ၊ ဆီဈေးတွေကမြင့်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အဟဲ… ညီမလို ဈေးဆစ်တတ်တဲ့သူနဲ့ကျတော့ အစ်ကိုက အားနာတတ်တယ်လေ၊ ဒီတော့ ညီမလိုလူမျိုး ဆယ်ယောက်လောက်သာဆို အစ်ကို ဆီဖိုးတောင်ရမှာမဟုတ်ဘူး၊ တကယ် ညီမက တော်တာကိုး'

'အဟင်း… ဟုတ်လို့လား၊ ကျွန်မက ဈေးမဆစ်တတ်ပါဘူး'

ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ကို မြှောက်ပြောလို့ကတော့ သဘောကျပြီးသားပဲ။ ဒါနဲ့ မြှောက်သွားပြီးပြီဆိုရင်…

'ဟုတ်တယ်၊ ညီမက မိန်းကလေးဆိုတော့ ဈေးဆစ်တာထား၊ တချို့ယောကျ်ားကြီးတန်မဲ့ ဆစ်သေးတာဗျာ၊ အစ်ကိုက မမောင်းချင်ပါဘူး၊ အလုပ်ကလည်း မရှိတော့ ရရာပဲ လုပ်ရတာလေ၊ ငှားမောင်းတာဆိုတော့ အုံနာခနှုတ်လိုက်ရင် ဘာမှ မကျန်ဘူးကွ၊ ဟင်း… မင်းတို့ပဲ အေးတယ်၊ မင်းကြည့်ရတာ ချမ်းသာပုံရတယ်၊ ဟုတ်တယ်မဟုတ်လား'

သနားအောင်ပြောရင်း ထပ်မြှောက်လိုက်တော့ သဘောခွေ့သွားပုံရတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဟမ်းဖုန်းကို တွေ့သွားပြီး…

'ဟင်… ရှင်ပြောတော့ အငှားမောင်းတာဆို၊ ဒီဖုန်းက ရှင့်ဥစ္စာမဟုတ်လား'

'အဟဲ… ဒါက လူ့အထင်ကြီးအောင် ငှားကိုင်တာပါကွာ၊ တစ်နေ့မှ တစ်ထောင်ကစ်လမှ သုံးသောင်းတည်းရယ်၊ ကိုင်ပျော်ပါတယ်ကွာ'

'ရှင်… အဲလိုကြီး'

'အဲလိုကြီးပဲ၊ ဒါနဲ့ မင်းက ဘယ်ကလာတာလဲ'

'ပဲခူးကပါ'

'ဩော်… ဒါကြောင့် လှပါတယ် မှတ်တာ၊ ထင်တဲ့အတိုင်းပဲ အဟဲ… ပဲခူးသူပဲ'

'ဘာမှလည်း မဆိုင်ဘူး၊ ပဲခူးသူမှ လှမှာလား'

'ဩော်… ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့မျက်လုံးထဲမှာ မင်းက လှဆုံးဖြစ်နေလို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ရှက်သွားပုံရတယ်။ ဒါပေမဲ့ 'အ'ပုံတော့မရဘူး။ ချက်ချင်းနှုတ်လှန်ထိုးတယ်။

'တော်ပါ၊ ရှင်တို့ရန်ကုန်သားတွေက အပြောကတော့ အတော်ကောင်းကြတာ၊ ဒါနဲ့ရှင်တက္ကစီမောင်းရတာ ကိုက်ရောကိုက်ရဲ့လား'

'အင်း… ခေါင်းတော့အတော်ကိုက်တယ်'

'ရှင်… ကျွန်မပြောတာ ငွေရေးကြေးရေးလေ'

'အဲဒါကိုပဲ ပြောတာကွ၊ မင်းမသိလို့၊ ငါက အရမ်းဆင်းရဲတာ၊ ဒီကြားထဲ လေဖြတ်နေတဲ့ အရက်သမား အဖေကြီးကိုလည်း ကြည့်ရသေးတာ၊ တစ်နေ့တစ်နေ့ အုံနှာခနဲ့ ဆေးဖိုးကို အသည်းအသန်ပြုံးပြရှာနေရတာနဲ့ ခေါင်းပါကိုက်တယ်'

'ဩော်… ဖြစ်ရလေ'

မျက်နှာလေးက စိတ်မကောင်းဟန် ဖြစ်သွားတယ်။ အဟဲ… မိန်းကလေးတွေနဲ့ စကားပြောရင် သနားအောင်သာပြော။ ကိုယ့်ဘက် တစ်ဝက်တော့ ပါပြီးသားပဲ။ အခုလည်း…

'စိတ်မကောင်းလိုက်တာရှင်၊ ကျွန်မက ဆရာဝန်ပေါက်စပါ၊ ကျွန်မ အဖေက ဆေးခန်းဖွင့်ထားတယ်၊ သူလည်း ဆရာဝန်ပဲ၊ အခုဆေးလာဝယ်တာ၊ ရှင့်အိမ်ကို လိုက်ခဲ့ကြည့်မယ်လေ၊ ရှင့်အဖေရဲ့ အခြေအနေ'

'ဟင်'

ကျွန်တော် ပါးစပ်ပြဲသွားတယ်။ ဘာမှမဖြစ်တဲ့ ကျွန်တော့်အဖေ သာကြားလို့ကတော့ အပြေးကောင်းတာတောင် အနည်းလေးသုံးချက်ပဲ။ ဆက်မြန်တာပြောပါတယ်။ သူလိုက်ကြည့်ရင် အလိမ်ပေါ်မှာလေ။

'ရပါတယ်ဗျာ၊ မလိုက်ပါနဲ့၊ ကျွန်တော့်အိမ်က တအားစုတ်တဲ့ အားနာတယ်၊ ကျေးဇူးတော့တင်ပါတယ်'

'ဩော်'



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဩော်သွားပြီး ကျွန်တော့်ကို အသေအချာကြည့်နေတယ်လေ။

'ဒါနဲ့ ရှင် အိမ်ထောင်ရော ကျပြီလား'

'ဟာ… ပေါက်ပေါက်ရှာရှာ၊ ကျွန်တော့်လို ငမွဲကို ဘယ်သူက ယူမလဲ၊ မိန်းမယူပြီး ကန်တော့ပါရဲ့၊ ကျွေးစရာမရှိလို့ ကောက်ရိုးပုံချည် ထားမှရမယ်'

'ဟင်း… ဟင်း… ဟုတ်ပါ့မလား၊ ရှင့်ရုပ်နဲ့ ရည်းစားတော့ ရှိမှာပေါ့'

'မင်းက အထင်ကြီးနေပြန်ပြီ၊ ငါ့မှာ ရန်းရကန်ရတာနဲ့ ရည်းစားဆို တာ ဘာမှန်းတောင် မသိဘူး'

ယုံသွားပုံရတာနဲ့ ကျွန်တော်လည်း ဆက်ကျောင်းတယ်။

'မင်းနဲ့ငါ ခင်မင်မှုအနေနဲ့ မင်းနာမည်ပြောပြပါလားဟင်'

'ရပါတယ်၊ နှုယန်ဝေပါ'

'ကြည့်စမ်း၊ နာမည်ကလည်း လှလိုပဲ လှတယ်၊ ဖုန်းနံပါတ်က ရောဟင်'

'ရှင် ဒါတော့ လွန်ပြီထင်တယ်'

စိတ်ဆိုးဟန်ပြတာနဲ့ ကျွန်တော်က မျက်နှာကို ငယ်လိုက်ကာ…

'မင်းမပြောချင်လည်းနေပါ၊ ငါ့နာမည် မိုးလွင်၊ ဖုန်းနံပါတ်က တော့ ………၊ မင်းသွားစရာ လာစရာရှိရင် ဆက်လိုက်၊ ငါ ဘယ် နေရာရောက်ရောက် ပြေးလာခဲ့မယ်'

ငတိမက နှုတ်ခမ်းလေးကိုက်လို့ စဉ်းစားဟန်ပြုတယ်။ အတော် ကြာမှ သက်ပြင်းကိုချရင်း ကျွန်တော့်ဖုန်းနံပါတ်ကို သူ့ဖုန်းထဲ ရိုက်ထည့် တယ်။ သူ့ဖုန်းနံပါတ်ကိုလည်း ပြောပြတာနဲ့ ကျွန်တော်လည်း မှတ်ထား လိုက်တယ်။

'ရှင့်စကားနဲ့ ရှင်ပဲနော်၊ ကျွန်မ သွားစရာရှိလို့ ခေါ်ရင် ငြင်းတာ တို့ ဘာတို့ မလိုချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… စိတ်သာချ'

ကျွန်တော်က မသိမသာ မှန်ထဲက ခိုးကြည့်တော့ ငတိမက နှုတ်ခမ်းကိုက်ရင်း မျက်စောင်းထိုးတယ်။ သေချာတာကတော့ ကျွန်တော့်ရဲ့ ပစ်မှတ်ထဲက သားကောင်ဖြစ်ပြီလေ။

❖ ❖ ❖

'မမ… ဘယ်လိုလဲ'

'ဟဲ့… ငါက ဘာကိုဘယ်လိုရမှာလဲ'

ငယ်ငယ်စိုးက အူကြောင်ကြောင်မေးတော့ မိငြိမ်းက မျက်စောင်းထိုးတယ်။

'မမယောက်ျမ ပြောသွားတဲ့ အကြမ်းနည်းလေ'

'မဖြစ်ပါဘူးဟယ်၊ တော်တော်ကြာ ငါ့ကိုပစ်သွားမှ ဒူးနဲ့မျက်ရည်သုတ်နေရမယ်'

ဒါနဲ့ပဲ မိငြိမ်းမျက်နှာလေး မဲ့သွားတယ်။ ယောက်မဖြစ်သူကိုလည်း အားမလို အားမရဖြစ်နေတယ်။ ဖြစ်ဆို အစ်ကိုဖြစ်သူကို ကြည့်မရဘာကြာပြီ။ တစ်ခါတလေလေးများ အစ်ကိုဖြစ်သူကို ခေါင်းကွဲနဖူးပြဲခြင်ချင်နေတာ။ အစ်ကို့အပေါ် မေတ္တာထားတာ ပြောပါတယ်။

ဒါပေမဲ့ ယောက်မကတော့ မိန်းမတွေရဲ့မူပိုင်လက်နက်ဖြစ်တဲ့ မျက်ရည်ကိုပဲ ဖောဖောသီသီ သုံးလို့။ နှုတ်သီးက မိဘတွေမောင်နှမတွေ ခေါ်မှာပဲ ကောင်းပုံရပြီး ယောက်ျားနဲ့ကျတော့ အလိုက်တာမှ လွန်ရော။

'မမရာ… အဲလိုသာဖြစ်နေလို့ကတော့ မမကျန်ခဲ့မှာ အသေအချာပဲ တိုယ့်ယောက်ျားပဲဟာ၊ နိုင်ကွက်လေးတော့ ရှာထားမှပေါ့'

ပြောတော့ မျက်နှာပေနဲ့ မျက်စောင်းထိုးကာ…

'ဟယ်… ငါချစ်လို့ ယူထားတာလေ၊ သူ့ကိုနိုင်အောင်ရော ဘာ

www.burmeseclassic.com



ဖြစ်မှာလဲ၊ ဒီအတိုင်းနေတာကမှ ငါ့မိန်းမလေး ငါ့အပေါ် ကောင်းရှာသားပဲ ဆို ချစ်ဦးမယ်၊ ဟိုလိုကြီးသာဆို ကဲ… ထားပါတော့၊ ငါက မျက်နှာမာနဲ့ တုတ်ကြီးကိုင်ပြီး အဥ္စာဝကလေသံနဲ့ ဟဲ့အကောင် လာစမ်း နင်တော့လား ဆို ကြမ်းပြုကြည့်ပါလား၊ တစ်ခါတည်းနဲ့ မိန်းမဆိုးကြီး ဘီလူးမကြီးဆို ငါ့ကို ပစ်သွားမှာပေါ့ဟဲ့၊ လာပြီးတော့ ကလေးအတွေးနဲ့ ကြပ်မနေနဲ့'

'ဟွန်း… မမ အဲလို အညာလှယ်လို့ ကိုကိုက ခဏခဏ ညာနေတာ၊ ကောင်းတယ်၊ ဒီလိုပဲနေ၊ ကြာရင် ယောက်မ နှစ်ယောက် သုံးယောက်ရမှာ၊ အင်းလေ… ဒါလည်း ကောင်းတာပဲ၊ လူများတော့ ပျော်စရာကြီးပေါ့'

'ဘာ… ကဲ'

'ဠပ်… ဠပ်'

မိငြိမ်းရွှေပြောတယ်ဆိုရင်ပဲ ယောက်မဖြစ်သူက မျက်နှာမာကြီးနဲ့ ခေါင်းခေါက်တော့ နာပေမယ့် ပေခံတယ်။ လင်မယားကြား အတို့အထောင် ဝင်လုပ်ချင်တာလေ။ အဲဒီတော့… ခံပေါ့။ ဒါပေမဲ့…

'မမကတော့ ညီမကိုပဲ နိုင်မှာပေါ့၊ ဟွန်း… ယောကျ်ားကျတော့ အသေကြောက်တာ'

'ဟဲ့… ငါက ကြောက်တာမဟုတ်ဘူး၊ ချစ်တာ၊ ချစ်တာ၊ ယောကျ်ားယူတာ နှိပ်စက်ဖို့မှမဟုတ်ဘဲ'

'မမကို နှိပ်စက်ခိုင်းတာမှ မဟုတ်တာ၊ အခုပဲကြည့်လေ၊ မမက တော့ အိမ်မှာ ထမင်းချက် ဟင်းချက် လျှော်ဖွတ် ဖွပ်ဟယ်နဲ့၊ မမယောကျ်ား ဘာလုပ်နေလဲ သိလို့လား'

'သူ ကားမောင်းနေမှာပေါ့ဟဲ့'

'သြော်… မမက ယုံတယ်ပေါ့၊ ဟွန်း… ကောင်းပါပြီ၊ [illegible] မျက်ရည်လေးတစမ်းစမ်းနဲ့ မိငြိမ်းရယ် ဘာညာဆိုလို့ကတော့ [illegible] တစ်ခါ သနားမယ်မထင်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာနေတာအကောင်း သူပြောမှပဲ ယောက်ျားဖြစ်သူကို သတိရသွားတယ်။ အခုချိန် ကားပဲမောင်းနေမလား။ ဒါမှမဟုတ် ဘယ်ကောင်မနဲ့များ ဘယ်တည်းခိုခန်း…။ တွေးရင်း စိတ်မချမ်းဖြစ်လာတယ်။ နာရီ ကြည့်တော့ ည ကိုးနာရီ ထိုးတော့မယ်။

ဖုန်းဆက်လို့လည်း မရဆိုတော့ အခုမှပဲ ပိုပြီး ပျာယာခတ်လာတော့တာ။

'ဟယ်… ညည်းပြောမှပဲ ငါ စိတ်တောင်မချတော့ဘူး၊ ဒုက္ခပဲ၊ ပြန်မလာသေးဘူး'

'ဟွန်း… သူပဲ'

မိငြိမ်းက ပျာယာခတ်နေတဲ့ ယောက်မကို ကြည့်ပြီး မဲ့ရွဲ့လိုက်ပြန်တယ်။

'အဲဒါကြောင့် ပြောတာ၊ မမယောက်ျားကို ပိုင်ထားရင် တစ်ခွန်းပဲ၊ ဒီမှာ ရှင် ညခုနစ်နာရီမကျော်ခင် ပြန်လာ၊ ပြန်မလာရင် ကျုပ်နဲ့အတွေ့ပဲ၊ အဲလိုအပြတ်ပြောလို့ရတယ်၊ အခုတော့ အဲသမှာစောင့်ပေါ့၊ မျက်နှာငယ်လေးနဲ့ သူ့ဘာသာလုပ်ချင်တာ လုပ်ပြီး ပြန်လာတာကို မျက်လုံးလေးအဝိုင်းသားနဲ့ စောင့်နေရတာ၊ ကျွတ်… ကျွတ်… ငါ့ယောက်မလေး သနားပါတယ် ဟဲ… ဟဲ'

မခံချင်အောင် စနေတာနဲ့ပဲ ငယ်ငယ်စိုး မျက်နှာငယ်လေးနဲ့ ငိုချင်နေပြီ။

'နင်ဟယ်… ငါ့ကို မစပါနဲ့၊ ငါတကယ်ငိုချင်လာပြီ၊ နင် ပြောသလိုကြီးလည်း သူက လုပ်မယ်မထင်ပါဘူး၊ သူလည်း ငါ့ကိုချစ်မှာပါ၊ ငါနဲ့ပေါင်းလာတာပဲ တစ်နှစ်ကျော်နေပြီ'

'ဘာရယ်… ဟီး… ဟီး… ရယ်ရတယ်တော်၊ အောင်လေး အရပ်ကတို့ရေ… ကိုယ်နဲ့ပေါင်းလာတာ တစ်နှစ်ကျော်ပြီးလဲ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com


ယောကျ်ားဖြစ်တဲ့သူ ချစ်လားမချစ်လား ခုချိန်ထိ မသိသေးဘူးတဲ့တော်၊ ကြားလို့မှ ကောင်းကြသေးရဲ့လား၊ အောင်မလေး အဟိ… ရယ်ရတာ ဗိုက်တောင်နာလာပြီ အဟီး'

ငယ်ငယ်စိုးက လှောင်ရယ်နေတာကိုကြည့်ပြီး ကျွဲမြီးတိုသွားတော့တာ။

'ဟယ်… တိတ်စမ်း၊ ဒီမှာ ပြန်မရောက်သေးလို့ စိတ်ပူရတဲ့အထဲ၊ သင်းကတစ်မျိုး၊ တော်ပြီ ငါ့ဘာသာအိမ်ရှေ့ကပဲ သွားစောင့်တော့မယ်'

'အဟီး… သွား… သွား၊ ဒါနဲ့ပဲ ကျန်ခဲ့မှာ'

မိငြိမ်းရဲ့ စကားတွေကို မကြားယောင်ဆောင်လို့ အိမ်လှေကား ထစ်လေးမှာ သွားထိုင်ရင်း ခြံဝကို မျှော်ကြည့်နေတော့တာလေ။ စိတ်ထဲမှာ တော့ အခုချိန် ကားပဲမောင်းတုန်းလား။ ဒါမှမဟုတ် ကောင်မတစ်ကောင် ကောင်နဲ့….။

တွေးရင်း သဝန်တိုလာတယ်။ ဖုန်းဆက်မရလို့ Massage ပို့တော့ လည်း ဘာအကြောင်းမှမပြန်။

ဒါနဲ့ပဲ ကောင်မလေးတွေနဲ့ ပလူးနေတာကို တွေးပြီး မတိုနိုင်ဘဲ ကားနဲ့လူများတစ်ခုခုဖြစ်လို့လားပေါ့။ တွေးပြီး စိတ်ပူနေတယ်။ တစ်ခါ လမ်းလျှောက်ရင်း ဖုန်းခေါ်ကြည့်ပေမယ့် ဘာမှမထူးပါ။ လူကြီးမင်းနဲ့ ညားပြီး သကာလ စိတ်ပျက်နေလေရဲ့။

❖ ❖ ❖

ကျွန်တော်တို့သုံးယောက် ညနေခြောက်နာရီလောက်ကတည်းက ဘီယာဆိုင်ရောက်နေကြပြီ။ တက္ကူစီဆိုတဲ့ ဆိုင်းဘုတ်လေးကိုဖြုတ်ပြီး ဒက်ရှ် ဘုတ်ထဲ ထည့်လိုက်တာနဲ့တင် ကိုယ်ပိုင်ကားဖြစ်သွားတာပေါ့။


www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုးရဲ့ အောင်ပွဲဟာ ကျွန်တော်တို့ရဲ့ သောက်ပွဲပဲလေ။ ဒီလိုပါပဲ။ တစ်ယောက်မဟုတ် တစ်ယောက်က အမြဲတမ်း အောင်ပွဲတစ်ခုခုကို ယူလာစမြဲ။ ဒါမှ သောက်ကောင်းမှာမဟုတ်လား။ ဘာအကြောင်းမှမရှိဘဲ ဆိုပါဆို့ဗျာ။ အောင်မြင်ခြင်း အထိမ်းအမှတ် ဒါမှမဟုတ် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပေါ့။ အဲလိုအကြောင်းတစ်စုံတစ်ရာ မပါရင် သောက်ရတာ ပေါ့ပျက်ပျက်နိုင်နေရောပဲ။

ဟော... အခု အောင်မြင်ခြင်း အထိမ်းအမှတ်လေးတွေပါတော့ သောက်ကောင်းနေလိုက်ကြတာ။ ည ၁၁ နာရီကျော်တဲ့အထိဆိုတော့ သောက်တာ နည်းပြီး စကားပဲ များများပြောကြတယ်။ သိန်းဝေက ရေချိန် ကျော်သံနဲ့...

'မင်းတို့တော့ မသိဘူး၊ မနေ့က ငါတို့ physic ဆရာမနဲ့ တွေ့တယ်၊ ခေါ်ကြုံကြုံအေးလေကွာ၊ ငါ့ကားကို တားတာနဲ့ ရပ်ပေးပြီးတော့မှ ကျွန်တော့်ကား မအားသေးဘူး ဆရာမ၊ ဖုန်းဆက်ခေါ်ထားတာရှိလို့ပါ၊ နောက်ကားတားစီးလိုက်ပါနော်လို့ ပြောပြီး မောင်းပြေးလိုက်တယ်၊ ငါတို့ စာမရတုန်းကဆို အသေဆော်တာလေ၊ အခုတော့ ငါ ပညာပြန်ပြလိုက်တာ ဆဲ့'

'ဟား... ဟား... ကောင်းလိုက်တာ'

ကျွန်တော်နဲ့ မြင့်မိုးကလည်း အားရဝမ်းသာထောက်ခံကြတယ်။ တွေးကြပါလိမ့်မယ်။ ကိုယ့်ကို ပညာသင်ပေးတဲ့ ဆရာမကို ပြန်လောင်ဘာ ရိုင်းတယ်ပေါ့။ မဟုတ်ဘူးခင်ဗျ။ သူက ကျွန်တော်တို့ ဆယ်တန်း အတ်တုန်းကဆို အသေဆော်တာ။ စာရရ မရရ။ မရရင် ငါးချက်အဆွဲ ရှသလို ရခဲ့ရင်လည်း အံမယ် နောလေး တော်လှချေလား။ ကဲ... ကို့ဆို ခေါင်းကိုပေတံစောင်းနဲ့ တစ်ချက်လောက်တော့ တွယ်လိုက်မှ။

တွေးသာကြည့်ကြပါ။ သူက ချစ်လို့ ရိုက်တာပိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့က အမြဲခံရတော့ မျက်မှန်းကို ကျိုးနေရော။ ကျွန်တော်က မြင့်မိုးကို ကြည့်ပြီး…

'ငါ မှတ်မိနေသေးတယ်၊ မြင့်မိုးတို့ အတန်းထဲ လပတ်ဖြေရင် အမြဲအမှတ်ပြည့်ရတယ်၊ ငါးဆယ်ဖိုးကို တစ်မှတ်မှကို မလျှော့တာ၊ ငါက ပြောပါတယ်၊ ဟော့ကောင် မြင့်မိုး လျှော့ဖြေပါ၊ မင်းအမှတ်က ပြည့်လွန်းတော့ ခိုးချတယ်ဆိုတာ အသိသာကြီး၊ ရိပ်မိကုန်မယ်၊ ပြောလည်း မပြောပဲ'

'အေး… ငါလည်း လျှော့ဖြေတာပဲ၊ ဒါပေမဲ့ လောဘက သတ် မရဘူးကွ၊ ငါတို့အတန်းပိုင်ဆရာမက အဟား… ရိပ်မိတယ်ကွ၊ အမှတ် စာရင်းဖတ်ပြရင် မျက်နှာကြီးမဲ့ပြီး ဟင်း… ဟင်း… မြင့်မိုး နင် ငါမသိ ဘူးမထင်နဲ့နော်၊ ဟင်း… ဆိုအမြဲကြိမ်းတာ'

'ဘာလုပ်မှာလဲကွာ၊ မကျရင်တော်ပြီ၊ လပတ်ပဲဟာ'

သိန်းဝေရဲ့ စကားအဆုံးမှာပဲ အားလုံးပြုံးလိုက်ကြတယ်။ ဆယ် တန်းတုန်းက လပတ်ဖြေရင် ဆရာမတွေက ကျွန်တော်တို့ဘေး အမြဲကပ် တယ်။ အဲ… ချစ်လွန်းလို့တော့ မထင်လေနဲ့။ ခိုးချလို့လေ။ ဒါပေမဲ့ သူတို့တစ်ခါမှ မမိဖူးပါ။ ဒါက ကျွန်တော်တို့ ခိုးတာကောင်းလို့။ ဘယ်လို ခိုးချလဲတော့ မပြောချင်တော့ပါ။

ဒါပေမဲ့ physic ဆရာမကတော့ ကျွန်တော်တို့ကို တစ်ခါမိဖူး တယ်။ ဘာပြောကောင်းမလဲ။ ဆော်ချက်ကတော့ ခြေသလုံးအရိုးရာထပ် ပြီး အိမ်ကိုမနည်းပြန်ရတယ်။ သူ့ဘာသာဆို မိဖို့ဆိုတာ မဖြစ်နိုင်။ ဒါပေမဲ့ သိန်းဝေကြောင့်ပဲ။ နောက ကူးချတာ မြန်တော့ အစောကြီးပြီးနေတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာပဲ ဆရာမက ဖြတ်အလာ ကြွားပြီးအဖြေလွှာ အစောကြီးအပ်ချင်လို့ ထလိုက်တာ အဲမှာ ပြဿနာကစရော…။

ခိုးကူးတဲ့ စာရွက်လေးတွေကို ဘာဂျာခေါက်သေးသေးလေးတွေ ခေါက်ထားတာ။ မေးခွန်းက ကြိုပေးထားတော့ ဘာပါမယ်ဆိုတာ သိပြီး



www.burmeseclassic.com

www.burmeseclassic.com



သား။ ငနဲက ကူးချပြီး ပြန်မသိမ်းဘဲ ပေါင်ကြားထဲထည့်လို့ ဒူးနှစ်လုံးကို ဓေ့ထားတာလေ။ မျက်နှာလို မျက်နှာရနဲ့ မတ်တပ်ရပ်လိုက်တော့ လုံချည်ထဲက လျှောကျကုန်ပါလေရော။

'ဆရာမ… အဟဲ… ပြီးပြီ'

'အံမယ်… တယ်ဟုတ်… ဟင်… ဘာလဲ… အဲဒါ'

ဆရာမက အပြုံးနဲ့ ချီးမွမ်းမယ်မှ မကြံသေး။ မျက်နှာမာကြီးနဲ့ အောက်ကို လက်ညှိုးထိုးပြပြီးမေးတော့ သိန်းဝေ မျက်နှာကြီးပျက်ကာ…

'ဘာ… ဘာမှမဟုတ်ပါဘူး ဆရာမ အဟဲ'

ပြောရင်း လုံချည်စနဲ့ အတင်းဖုံးတော့ ဆရာမဆိုတာ ငယ်ရာက အဲလေ ကျောင်းသားကဖြစ်တာမဟုတ်လား။

'ဘာမဟုတ်ရမှာလဲ၊ ဟဲ့… ဖယ်စမ်း၊ နင့်ခြေထောက်နဲ့ ပုဆိုး၊ ဟဲ့… ဖယ်လေ'

ငနဲတစ်ယောက်တည်း ချွေးပျံရုံတင်မဟုတ်ပါ။ အတူထိုင်ဖြေတဲ့ ကျွန်တော်နဲ့ မြင့်မိုးပါ ချွေးပျံသွားကြတယ်။ မတတ်နိုင်တဲ့အဆုံး လုံချည်ကို ဖယ်လိုက်တော့ ကျွန်တော်တို့ရဲ့ သေသေသပ်သပ် ဘာဂျာခေါက်တလေးတွေကို တွေ့ပြီး ဆရာမက ချီးမွမ်းတယ်။

'အံမယ်… တယ်လည်းတတ်နိုင်တဲ့ အကောင်တွေ၊ ကြည့်စမ်း စာရွက်လေးတွေကို သေးသေးညှပ်၊ လက်ရေးသေးလေးတွေနဲ့၊ အံမယ်၊ အတိုကောက်လေးတွေ ရေးထားတာကို၊ ဒါကြောင့် နင်တို့ခိုးမှန်း သိသိကြီးနဲ့ မမိတာ၊ ကဲ… ငါနဲ့တွေ့တော့ ဘာတတ်နိုင်ကြသေးလဲ'

'အဟဲ… ဒါက အကင်းပဲ၊ အဲလေ… ဒီတစ်ခါတည်းပါ'

'တိတ်… နင်တို့ကို ကျောင်းအုပ်ကြီးဆီ ပို့ရမယ်၊ ပြီးမှ ငါနဲ့ တွေ့မယ်၊ လာ လိုက်ခဲ့ကြ'

အတင်းဆွဲခေါ်တော့ သိန်းဝေက သူ့ရဲကောင်းပုံစံနဲ့



www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ… သားတစ်ယောက်တည်းပါ၊ ဟိုကောင်တွေ မပါဘူး နော်… ဟောဲကောင်တွေ'

'ဘာမပါရမှာလဲ၊ ပါတယ်၊ သူတို့လည်း ဖြေပြီးနေပြီ၊ သူများ တွေ တစ်ဝက်တောင် မကျိုးသေးဘူး၊ နင်တို့က ပြီးပြီဆိုတော့ ဒါ အသိသာ ကြီးပဲ၊ လာ'

ဆို ဂုပ်ကနေ ဆွဲချသွားတာနဲ့ ယက်ကန်ကန်လေးတွေ ပါသွား ကြတယ်။

ဆရာကြီးရဲ့ ဩဝါဒနဲ့အတူ ကြိမ်လုံးငါးချက်စီ မိခဲ့ပြီးပေမယ့် မပြီး ဘူး။ ဆရာမရဲ့ လက်သံကိုပါ ဆက်မြည်းခဲ့ကြရတယ်။ အမှုက စုံတယ် ဗျာ။ စာမရမှု၊ ခိုးချမှု၊ စာရိတ္တဖောက်မှု၊ ကလိမ်ကျမှု၊ အဲ… အမှုပေါင်း မြောက်များစွာနဲ့အတူ သုံးယောက်သားဖွပ်ဖွပ်ကို ကျေရော။

ဘာအကြောင်းကြောင့်ပဲရိုက်ရိုက် ဒီဆရာမကိုတော့ ကျွန်တော်တို့ အမြဲအမှတ်ရနေကြပါတယ်။ အသားအတော်နာထားလို့လေ။ နောက်များ စာမေးပွဲစစ်လို့ သူလာစောင့်ပြီဆို စစ်ပြီ။ ပုဆိုးတွေ ခါဝတ်ခိုင်း၊ အင်္ကျီ တွေ ချွတ်ခိုင်းပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ကလည်း ပေါးတွေလေ။ သူ ဘာသာရောက်ရင် ခိုးမချတော့ဘူး မှတ်သွားတာကိုး။

ဒီလိုအမှတ်တရတွေ အများကြီးရှိခဲ့ကြတော့ ကြုံရင် ကျောင်း တုန်းက အကြောင်းလေးတွေကို ပြန်ပြောဖြစ်ကြတယ်။

'ဒါနဲ့၊ သိန်းဝေ မင်းကားမောင်းတာ ဘယ်တော့နားမလဲ'

'အဲဒါပဲ'

ကျွန်တော်ကမေးတော့ ငနဲ မျက်နှာကြီး မဲ့သွားတယ်။

'ပြီးခဲ့တဲ့ တနင်္ဂနွေက ယောက္ခမ ကုမ္ပဏီမှာ အလုပ်ပိတ်ဘုန်း စာရင်းဇယားတွေ သွားလေ့လာတာ ခေါင်းပါကိုက်ရော၊ မင်းသိတဲ့အတိုင်း ထိုင်ခုံကြီးပေါ်ထိုင်ပြီး ခေါင်းကိုက်နေရတာ ငါမကြိုက်ဘူး၊ ငါက ဟိုဆို



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်၊ ဒီဆိုလိမ့်လိုက်ပဲ ကြိုက်တာ၊ ဒီတော့ကွာ၊ တစ်လလောက်တော့ နေပါဦး ပြောထားရတယ်'

'အေး… ငါလည်း ငါ့အဖေက သူ့ဆီလုပ်စေချင်တာကွ၊ ခက်တာက ငါလည်း ထိုင်နေရတာကို မကြိုက်ဘူး'

'အဲဒါပဲ၊ အဓိကက စိတ်နဲ့ဆိုင်တာ၊ မင်းတို့စိတ်တွေက ငြိမ်သက်မှုမရှိတာ၊ ငါပြောမယ်၊ မင်းတို့တရားထိုင်ကြည့်ကြ၊ စိတ်ဂယောက်ဂယက် မဖြစ်ဘူးကွ'

နှစ်ယောက်သား ကျွဲမြီးတိုသွားကြတယ်။ ဟုတ်တယ်လေ။ ကိုင်ထားတော့ အရက်ခွက် ပြောတော့ တရားအကြောင်း။ လားလားရော မြင်းမြင်းရော ဘယ်လိုမှကိုမဆိုင်တာ။

'ဟွန်း… ကြည့်လည်းပြောပါ မြင့်မိုးရာ၊ ဘေးလူတွေ ကြားရင် အရှုးထင်နေပါဦးမယ်'

ကျွန်တော်ကပြောတော့ ငနေက ဘေးဘီဝေ့ကြည့်ရင်း…

'ဘာလို့လဲကွ'

'ဟ… ဘာဖြစ်ရမှာလဲ၊ မင်းကိုင်ထားတာ အရက်ခွက်၊ မင်းထိုင်နေတာ ဘီယာဆိုင်၊ ရိပ်သာမှမဟုတ်တာ၊ ဒီတော့ မင်း တရားအကြောင်းပြောရင် အရူးထင်မှာပေါ့'

'အဟီး… ဟုတ်သား'

ငနေက သွားဖြီးကြီးနဲ့ ဘီယာကို မော့ချရင်း…

'ပြောလို့ပြောတာ မဟုတ်ဘူး၊ တရားထိုင်လိုက်ရင် အပူအပင်ထင်းပြီး အားလုံးကိုမေ့သွားရော၊ ဘယ်လိုပြောရမလဲကွာ၊ ဟို… ကိုလေးဖြူ ဆိုသေါ့၊ ငါဟာမိုးတိမ်တွေထဲ ဝဲ… အေး အဲလိုဟာ'

'ဟွန်း… ကြီးကြီးကျယ်ကျယ်'

နှစ်ယောက်သား မျက်စောင်းပိုင်းထိုးနေတုန်း ငနေက နာရီကို ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ၁၂ နာရီကျော်ပြီ၊ အဟဲ… ငါ့မိန်းမလေး မျှော်နေရော့မယ်၊ ဖုန်းပြန်ဖွင့်ထားမှ'

'ဟွန်း… မျှော်ရုံတင်မဟုတ်ဘူး၊ မင်းကို ခုတင်ပေါ်ကပါ ကန်ချမှာ'

'အဟား… မင်းတို့ကိုလည်း ကန်ချမှာပဲ၊ ကဲ… သွားကြမယ်'

ဒါနဲ့ပဲ ဒီကောင်က ဘီလ်ယူပြီး ငွေရှင်းတော့ ကျွန်တော်နဲ့ သိန်းဆေလည်း ဖုန်းကို ကိုယ်စီဖွင့်လိုက်ကြတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အကျင့်။ ဘီယာဆိုင်ထိုင်ပြီဆိုရင် အလုပ်ရှုပ်လို့။ ဖုန်းပိတ်ထားတတ်ကြတာလေ။ သုံးယောက်သား နှုတ်ဆက်ပြီး ကိုယ့်အိမ်ကို ပြန်မောင်းလာခဲ့ကြတယ်။ အခုချိန်မှာ စိတ်ထဲ အိမ်ကမိန်းမကလွဲလို့ ဘာမှမရှိတော့ဘူး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ခရီးသည် ရလိုရငြား ဆိုင်းဘုတ်လေး အမိုးပေါ်ပြန်တင်လိုက်တယ်။ ကျွန်တော်တို့က မူးသာမူးတာ။ အမူးပါးတွေ။ ကိုယ်မဟန်နိုင်လောက်အောင်တော့ မသောက်ကြပါ။ ဘယ်လောက်ပဲ မူးပါစေ။ ကားပေါ်ရောက်ရင် လမ်းကတော့ ဖြောင့်အောင်မောင်းနိုင်တယ်။ ရာသီဥတုကမိုးအကုန် ဆောင်းအကူးဆိုတော့ အေးချက်က သောက်ထားတာတောင်ချမ်းသလိုပဲ။

အိမ်က မိန်းမတော့ စိတ်ပဲပူပြီလား ကောက်ပဲကောက်ပြီလားတွေးမိတယ်။ ညဦးကအတော်နက်တော့ ကားတွေကျဲသွားကြပြီ။ တစ်ယောက်တည်းမောင်းရင်း သရဲကြောက်သလို ဖြစ်လာတယ်။ အခုချိန်ပါစင်ဂျာတစ်ယောက်လောက်ရရင် ကောင်းမှာပဲ စကားပြောဖော်ရတာပေါ့လေ။

ဒီတုန်းမှာပဲ ကိုယ့်လိုင်မှူးတစ်ယောက် ကားတားလို့ ရပ်ပေးလိုက်တော့ ငနဲက အနားကပ်လာပြီး…

'လှိုင်သာယာကို ဘယ်လောက်လဲဗျ'

အာမထိ လျှာမထိသံနဲ့ မေးတယ်ဆိုရင်ပဲ စိတ်ပျက်သွားတယ်။

'ကျွန်တော်ပြန်မှာက တာမွေပြန်မှာ၊ လှိုင်သာယာမရောက်ဘူးဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… လုပ်ပါ အစ်ကိုရာ၊ ကားရှားလို့ပါ'

'မဖြစ်ဘူးဗျ၊ အခုတောင် အချိန်အတော်လင့်နေပြီ၊ ဒီလိုလုပ်ဗျာ၊ တာမွေကိုလိုက်ခဲ့ပါလား ဈေးလျှော့ပေးမယ်လေ'

'ဟာဗျာ… ကျုပ်က လှိုင်သာယာကို ဘယ်လိုပြန်မလဲ'

ငနဲက အတော်စိတ်ရှုပ်ဟန်ခေါင်းကုတ်တော့…

'တာမွေကနေ လှိုင်သာယာကို ကားတွေပေါပါတယ်၊ လာပါဗျာ၊ တစ်ထောင်ပဲပေး'

'ဟာဗျာ… မစီးဘူးဗျာ၊ ညဘက်ကြီး ဘာကားရှိမလဲ'

'လာပါဗျာ၊ ကျုပ် သရဲကြောက်လို့ပါ'

'စီးဘူးဗျာ၊ ခင်ဗျားကို သရဲက ကြောက်ရမှာဗျ'

'အိုကေ ဖြစ်ပြီ၊ လာဗျာ၊ အလကားတင်တယ်'

'အင်'

ကျွန်တော် တံခါးကိုဖွင့်ရင်းပြောတော့ ငနဲ ကြောင်သွားတယ်။ ပြီးမှ စိတ်ပျက်သံနဲ့…

'ခင်ဗျား သရဲကြောက်တာနဲ့ပဲ ကျုပ်က ပိုဝေးတဲ့ နေရာမလိုက်နိုင်ဘူးဗျ၊ ရော့ ဟိုပြီဗျာ၊ ကျုပ်ဘာသာနန္ဒဝန်ဈေးကနေ လှိုင်သာယာကိုခြေလျင်ပြန်မယ်'

ငနဲဆီက ယတိပြတ်စကားကို ကြားတော့ ကျွန်တော်က တံခါးကိုဆောင့်ပိတ်ရင်း မျက်စောင်းထိုးလို့ ကားကိုမောင်းထွက်လိုက်တယ်။ နည်းနည်းဝေးမှ စချင်တာနဲ့ ဘက်ဆုတ်ပြီး သူ့ရှေ့ပြန်သွားတော့ ငနဲ မျှော်လင့်ချက် မျက်လုံးလေးနဲ့ အနားကပ်လာတယ်။

'နေပါဦးဗျ၊ လှိုင်သာယာ ဘယ်နားလဲ'

'မီးခွက်ဈေးနားကနေ ချိုးလိုက်ပြီး အထဲနည်းနည်းဝင်ရင် ရောက်ပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကိုမောင်စိုးတို့အိမ်နားမှာပေါ့'

'ဟာ… ဟုတ်တယ်၊ သူ့အိမ်တစ်လုံးကျော်'

ငနဲက ဝမ်းသာအားရ ထအော်တော့မှ ကျွန်တော်က…

'ဒါဆို ပို့တောင်မပို့သေးဘူး'

'ဗျာ'

'အဲလူကြီးနဲ့ကျုပ်က မတည့်ဘူး၊ ကြည့်ကိုမရတာ၊ သူရှိတဲ့လမ်းဆိုတော့ မပို့ပေးနိုင်ဘူး၊ သွားပြီဗျို့'

ကျွန်တော် မခံချင်အောင်စပြီး မောင်းပြေးတယ်ဆိုရင်ပဲ ငနဲကလော်တုတ်ရင်း ကျန်ခဲ့တော့တာ။

ဒီအချိန်မှာပဲ တယ်လီပသီကိစ္စကို သတိရပြီး ကျောချမ်းသွားတယ်။ တကယ်တော့ ဒီကိစ္စတွေက ယုတ္တိမတန်ပါ။ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်ကလည်း မယုံပေမယ့် ကြောက်တာရယ်။ အတော်ကြာကြာမောင်းလိုက်လို့ ကိုယ့်ရပ်ကွက်ထိပ်ရောက်တော့မှ သက်ပြင်းချနိုင်တယ်။ လမ်းထဲ ချိုးဝင်လိုက်ပြီး ခြံရှေ့ရောက်တော့ ကားကိုအသာရပ် အပိုပေးထားတဲ့သော့နဲ့တံခါးကို နှိုက်ပြီးသော့ကိုဖွင့်လိုက်တယ်။

အချိန်မတော်မှ ပြန်လာတော့ အသံမပေးရဲပါ။ အနည်းဆုံး မိန်းမရဲ့ မျက်စောင်းဒဏ်တော့ ခံရပြီထင်တာ။ ခြံတံခါးကို သာသာဖွင့်ပြီး ကားမောင်းဝင်လိုက်တော့…

'ဟင်… ငယ်ငယ်'

မိန်းမဖြစ်သူက လှေကားလေးမှာ ဒူးပေါ်မျက်နှာတင်ပြီး ကြုံ့ကြုံ့လေး အိပ်ပျော်နေတာတွေ့လို့ ကျွန်တော် အံ့သြသွားသလို သနားလည်း သနားသွားတယ်။ ကားကို အသာရပ် ခြံတံခါးကိုဆင်းပိတ်ရင်း…

'ဟာကွာ၊ ဒီမိန်းမ အိမ်ထဲမှာ မအိပ်ဘဲ အပြင်ထွက်အိပ်ရတယ်လို့၊ အအေးပတ်ပြီးဖျားရင် ဒုက္ခပဲ'



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို အသေအချာပိတ်၊ ကားကို အသေအချာထားပြီး မိန်းမ ရှေ့ရပ်လို့ ငုံ့ကြည့်လိုက်တယ်။

ညဝတ်အင်္ကျီပါးပါးနဲ့ဘယ်အချိန်ကတည်းက ထိုင်စောင့်နေတယ် မသိ၊ အခုတကယ်လည်း ပြန်လာရော အိပ်တောင်ပျော်လို့။ ကျွန်တော် ကရုဏာသက်သွားပါရောလား။

'မိန်းမ… ထ… ထ… မောင်ပြန်လာပြီ'

'ဟင်… မောင် ပြန်လာပြီလား၊ အဟင်း… သိတောင် မသိ လိုက်ဘူး၊ အိပ်ပျော်သွားတာ'

'မင်းကွာ၊ အိမ်ထဲကစောင့်လည်း ရတာပဲ'

'စိတ်ပူတယ်၊ ဖုန်းကလည်းခေါ်မရဘူး၊ ဘာများဖြစ်လဲလို့၊ ဟွန်း… အရက်စော်နံတယ်၊ လက်စသပ်တော့ အရင်ဆိုင်က ပြန်လာတာ ကိုး၊ သူများကတော့ ဘာများဖြစ်တာလဲလို့'

စိတ်ဆိုးချင်ပေမယ့် တကယ်စိတ်ဆိုးပုံမရပါ။ ချမ်းနေပုံရတာနဲ့ ကျွန်တော် သူ့ကို ဖက်လိုက်တယ်။

တကယ်တော့ သူ ကျွန်တော့်အပေါ် ချစ်ရှာတာပဲ။ ကျွန်တော့်ကို ပြန်ဖက်ထားရင်း အတင်းတွန်းထုတ်တယ်။ ပြီးမှမျက်စောင်းလေးဝင့်ကာ…

'သွား… အရက်သမား နံတယ်'

'အဟဲ… လာ… သွားကြမယ်'

သူ့လက်ကို ဆွဲလို့ ကျွန်တော် အိမ်ထဲဝင်ပြီး တံခါးပိတ်လိုက် တယ်။ အပြင်မှာတော့ မြောက်ပြန်လေဟာ သူ့ဘာသာလာချင်တဲ့ဘက်က လာပြီး တိုက်နေလေရဲ့။ အိမ်ထဲမှာတော့ မြောက်ပြန်လေက အရင်းတည် သလား မသိ။ လေရှူးလေပွေက တဝေ့ဝေ့ တဝဲဝဲနဲ့…။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခုတင်ပေါ်မှောက်ခုံကြီး မှောက်နေတယ်။ မိန်းမဖြစ်သူက ဇက်နဲ့နားထင်တွေကို နှိပ်နယ်ပေးရင်း ပတစ်ပတစ်နဲ့ ပြောနေတယ်။

'မောင်ရယ်… သောက်တာက သောက်ပါ၊ ဒါပေမဲ့ မောင်တို့က လွန်ကိုလွန်ပါတယ်၊ အခုတော့ ထိပြီမဟုတ်လား၊ ဖုန်းခေါ်မရတော့ ကျွန်မက စိတ်ပူတာပေါ့၊ နေပါဦး မောင်တို့က အရက်သောက်တဲ့အခါ ဘာလို့ဖုန်းပိတ်ထားတာလဲ'

'မင်း… အဲလို ဖျစ်စိဖျစ်စိပြောတာကို ကြားရမှာစိုးလို့ပေါ့၊ သိပြီလား၊ ကျွတ်… ကျွတ်… တော်ပါပြီ၊ နောက်မသောက်တော့ပါဘူးဗျ၊ ရှေ့ပဲ သောက်တော့မယ်'

ကျွန်တော်က စလိုက်တာနဲ့ မကောက်စဖူး ကောက်ပြီး ဘာစကားမှ မပြောတော့ပါ။ ကျွန်တော် မိန်းမရဲ့ ခါးကို လှမ်းဖက်ထားလိုက်ပေမယ့် ဘာသံမှ ထွက်မလာဘဲ ဆက်နှိပ်ပေးနေတယ်။ ဒီကရှေ့ မိန်းမနားပဲနေတော့ ခယ်တွေးပြီး ကျွန်တော် ပြုံးလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကြားမှာ တစ်ခုခုလိုနေတယ်။ အဲဒါက…

'မိန်းမ'

ပြန်ထူးသံမကြားရတာနဲ့ လက်ကိုကိုင်ပြီး မော့ကြည့်တော့ ရုပ်ကလေးတည်နေတယ်။ စဉ်းစားမိတာပေါ့။ ကျွန်တော် မိန်းမလှလှလေးရထားတာတောင် ဘာလို့နန့်နန့်တက် ကမြင်းကြောထချင်ရတာလဲလို့လေ။

'မိန်းမ… အံမယ်… အဟဲ… ငါ့မိန်းမလည်း ကောက်တတ်တာပဲ၊ ဟဲ… ဟဲ… စိတ်မဆိုးပါနဲ့ကွာ၊ မောင်က ချစ်လို့စတာ'

'ပြော… ဘာလဲ…'

မကြည်သာတဲ့ ပုံစံနဲ့ မေးတော့ ကျွန်တော်က…

'မောင်တို့ ကလေးယူရအောင်လေ'

'ဟင့်အင်း'



www.burmeseclassic.com

www.burmeseclassic.com



ရှက်သလိုလို ပုံစံနဲ့ ခေါင်းရမ်းတော့ ကျွန်တော် စိတ်ပျက်သွားပြီး အတင်းစည်းရုံးတယ်။

'မိန်းမရာ… ကိုယ်တို့နဲ့ ကျောင်းအတူတက်လာတဲ့ ဟိုကျောက်မြောင်းကကောင်… ဘယ်သူ…'

'ဟင်… ကျွန်မက ဘယ်လိုသိမလဲ၊ မောင်နဲ့ ရမှ မောင့်အသိုင်းအဝိုင်းထဲ ရောက်လာတဲ့ဟာ'

'ဩော်… ဟုတ်သား၊ အဟီး… အဲ့ကောင်ဆို မောင်တို့ထက် တစ်နှစ်ပဲ စောတာ၊ ကလေးနှစ်ယောက်တောင် ရှိပြီဗျာ၊ ကလေးတွေနဲ့ ညံစီပြီး ပျော်စရာကြီး၊ ပြီးတော့ ဟိုကောင် မြင့်မိုး မိန်းမက မွေးခါနီးနေပြီ၊ သိန်းဝေ မိန်းမလည်း အခုဗိုက်ကြီးထွက်လာပြီလေ'

'ဟယ်… အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ သူငယ်ချင်းတွေက အတော်စုမိဆောင်းမိ၊ အဲလေ ကလေးရပြီ၊ မောင် ကလေးမရတော့ မျက်နှာငယ်တာပေါ့၊ လုပ်ပါကွာ၊ ယူရအောင်နော်'

ပြောတော့ တစ်ခုခုကို ဖုံးကွယ်ထားသလို ပြုံးရင်း…

'မောင့်ကို စိတ်မချဘူး'

'ဟာကွာ၊ စိတ်ချ၊ မင်းကို ပစ်မသွားပါဘူးကွာ၊ ငါ မျက်နှာများချင်များမယ်၊ မိန်းမကတော့ မင်းတစ်ယောက်တည်းပဲ၊ ဟိုသီချင်းလိုလေ၊ တစ်ယောက်တည်းသာ××× မင်းတစ်ယောက်တည်းကို ချစ်တာ××× အဟဲ…'

ပြောရင်း မေးစေ့လေးကို ကိုင်လိုက်တော့ ပြုံးနေတယ်။ မယုံသလို မျက်နှာပေးနဲ့ ပြောတယ်။

'ကျွန်မ ပြောကြည့်မယ်လေ၊ ကျွန်မကိုယ်ဝန်ဆောင်ပြီဆိုတာနဲ့ အဲ… ထားကွာ၊ ဗိုက်ကြီးပူလာရင် မောင်နဲ့ခွဲအိပ်ရတော့မယ် အနည်းလေး



www.burmeseclassic.com

www.burmeseclassic.com



သုံးလ၊ ပြီးတော့ ကလေးယူလို့ မွေးပြီးတဲ့အခါ ရက် ၅၀ ကျော်မှ အတူပြန်နေရမှာ၊ ဟင့်အင်း… မောင့်ကိုစိတ်မချပါဘူး၊ မယူသေးဘူး’

‘ဟာကွာ’

စိတ်ပျက်သွားတယ်။ အေးလေ။ ကိုယ်ကဇရှိတော့လည်း ဘယ်ယုံပါ့မလဲ။

‘မိန်းမရာ ကတိပေးပါတယ်ကွာ၊ စိတ်ချ၊ အစက ဖောက်ပြန်ရင် ပြန်မယ်၊ မောင် မင်းကို လေးလေးနက်နက်ကြီးကို ကတိပေးတယ်၊ အခုက စပြီး မင်းမှမင်းပဲ၊ မောင်တို့မိဘတွေကိုလည်း ငဲ့ပါဦးကွာ၊ သူတို့ခမျာ မြေးချီချင်တာကြာပြီ၊ အဟဲ… အမြွှာပူးမွေးလေ ကောင်းလေပဲ၊ ဒါမှ အဝေတည့်မှာ’

အရက်သည်းပြီး ကျွန်တော့်ကို မနာအောင် ထုတယ်။ မျက်နှာလေးရဲပြီး…

‘ကျွန်မ စဉ်းစားထားပါတယ် မောင်ရယ်၊ နောက်လည်း ယူရမှာပဲ၊ မောင် ထားခဲ့တော့လည်း ကံပေါ့’

‘ငါက မင်းလိုတော်ငါးဝမိန်းမကို ထားခဲ့စရာလား’

ပြောပြီး သူ့ကို ကျွန်တော်ဖက်လိုက်တယ်။ ပခုံးကို မှီပြီးတခစ်ခစ် ရယ်ကာ…

‘မောင်ရယ်… တော်လေးဝပဲရှိပါတယ်၊ ဘယ်နှယ်ငါးဝလဲ၊ ကြဲကြဲဖန်ဖန်’

‘ဟာ… မင်း ဘာသိလဲ၊ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလဆိုတဲ့ တော်လေးဝဝင်တဲ့ မိန်းမမြတ်လေးယောက်ထဲကို မင်းပါရောက်သွားတော့ တော်ငါးဝဖြစ်သွားတာပေါ့’

‘ဟင်… အဲလိုကြီး၊ ခစ်… ခစ်’

ကလေးတစ်ယောက်လို ပျော်ရွှင်မှုမျိုးနဲ့ ရယ်သွားတယ်။

www.burmeseclassic.com



'ဟုတ်တယ်၊ သူတို့လေးယောက်က ခင်ပွန်းတွေအပေါ် အမြဲတမ်း ဝါရမီဖြည့်ပေးခဲ့တယ်၊ မင်းလည်း အတူတူပဲ၊ ငါ့ကို ဘာအပြစ်စကားမှ မပြောခဲ့ပဲ၊ ငါ့ရဲ့ပါရမီကို ဖြည့်ပေးခဲ့တာလေ'

'ရှင် ဒါနဲ့ပဲ ကျွန်မကို လိမ်လိမ်သွားတာပဲ မဟုတ်လား'

'ဒီတစ်ခါတကယ် မလိမ်'

'တီ… တီ… တီ'

ကြည်နူးကောင်းနေတုန်း ဖုန်းက မြည်လာတော့ စိတ်တိုသွား တယ်။

'မောင်… ကိုင်လိုက်လေ'

'ကိုင်ဘူးကွာ၊ ဟိုကောင် သိန်းဝေ လှမ်းခေါ်တာနေမှာ'

'ဘာပဲဖြစ်ဖြစ် ကိုင်လိုက်ပါကွာ'

'ဟွန်း… အရေးဆို ရှုပ်ပြီ၊ ဟင်…'

ဖုန်းနံပါတ်ကို ကြည့်ပြီး ကျွန်တော် မျက်လုံးပြူးသွားတယ်။ ကြုံတုန်း အပျော်ကြောင်လိုက်တဲ့ ဟိုပဲရှူးသူ ရုပန်ဝေဖုန်းဖြစ်နေလို့လေ။ မိန်းမက စောင်တွေကို ခေါက်နေတာနဲ့ ခုတင်ပေါ်က ဆင်းပြီး…

'ဟဲလို… ပြောပါ'

'ရှင်… ကတိအတိုင်း အမြန်သာလာခဲ့၊ ကျွန်မ သွားစရာရှိတယ်၊ ဟိုနေ့က ရှင်ပို့ခဲ့တဲ့ အိမ်ကိုပဲ၊ အမြန်လာခဲ့၊ ဒါပဲ'

သူ့ဘာသာပြောချင်ရာပြောပြီး ဖုန်းပိတ်သွားတာနဲ့ ကျွန်တော် ပခုံး တွန့်လိုက်တယ်။ အခုပဲ မိန်းမကို ကတိပေးခဲ့တာလေ။ ဒါပေမဲ့…

'မိန်းမရေ မောင်သွားလိုက်ဦးမယ်၊ အရေးကြီးတဲ့ ဖောက်သည်ဆီ ကကွ'

'တစ်နေ့တလေ အိမ်နေပါလား မောင်ရယ်'

သွားစေချင်ပုံမရတာနဲ့ နောက်ကနေ သိုင်းဖက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'မသွားရင် ဖောက်သည်ပျက်မှာပေါ့၊ ကဲပါ… မောင် စောစော ပြန်ခဲ့မယ်၊ ဪ… ပြောထားတဲ့ကိစ္စကို စဉ်းစားမနေနဲ့၊ ပြီးတော့ ဟိုဆေး တွေလည်း မစားတော့နဲ့ကွာ… နော်…'

'အင်းပါ၊ သွား… သွား… ဘာတွေလာပြောနေတာလဲ၊ အဲဒီ ဆေးမစားတာကြာ… အဲလေ… မောင့်ကို စောင့်ကြည့်ရဦးမယ်'

ကျွန်တော် ဘာမှမပြောတော့ဘဲ ရှက်နေတဲ့ မိန်းမရဲ့ ပါးလေးတွေ ကို ဆွဲဖျစ်လိုက်ပြီးေ ရချိုးခန်းထဲ ဝင်လိုက်တယ်။

ဖူပန်ဝေဆိုတဲ့ ကောင်မလေးအတွက် ဘယ်လိုမှ မစဉ်းစားတော့ပါ။ ကြုံတုန်း ခဏတွဲလို့ ရရင်တော့ မဆိုး။ ဒီကောင်မလေးကြည့်ရတာ မိကောင်းဖခင်သမီးဖြစ်ပုံရတယ်။ စိတ်လိုက်မာန်မပါတော့ဖို့ ဆုံးဖြတ် လိုက်တော့တာ။

❖ ❖ ❖

ကျွန်တော့်ရဲ့ ကားအမိုးပေါ်က ဆိုင်းဘုတ်က အခုဆို ဒက်ဘုတ် ထဲ ရောက်တာအတော်ကြာပြီဆိုတော့ ခများ အတော်မွှမ်းနေလောက်ပြီ။ ဒီနေ့အတွက်တော့ ကျွန်တော့်ရဲ့ ကားရော·ကျွန်တော်ရော ဖူပန်ဝေဆိုတဲ့ ကောင်မလေးက ပိုင်တယ်။ စီးလုံးငှားထားမှတော့ သူပိုင်တာပဲပေါ့။

ကျွန်တော်နဲ့သူ နေရာအတော်များများရောက်ခဲ့တယ်။ ဆိုကြပါစို့။ ရိုးရိုးပဲ။ တိုင်းရင်းသားကျေးရွာ၊ တက္ကသိုလ်ဝန်းကျင်ရယ်၊ ဘုရားရယ်၊ အခုနောက်ဆုံး ကန်တော်ကြီးရဲ့ခုံတန်းပြာတွေပေါ် ရောက်နေခဲ့ကြတယ်။

သူက ရေစီးချင်နေမှန်းသိလို့ မြောင်းဖောက်ပေးတာ ဖြစ်မှာပေါ့။ သူက ရင်ခုန်နေပုံရပေမယ့် ကြောင်နေကျကြောင်ပါးကြီး ကျွန်တော်ကတော့ ရင်ခုန်တယ်ဆိုတာ မရှိတော့ပါ။ စဉ်းစားကြည့်ပါဗျာ။ မိန်းမရှိတဲ့ယောကျ်ား တစ်ယောက်အတွက် ရည်းစားစကားပြောဖို့ ရင်ခုန်တယ်ဆိုရင် ဒါဟန် ဆောင်တာသက်သက်ပဲဆိုတာ အသိသာကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်တော်နဲ့ ခွာထိုင်ရင်း ခြေထောက်လေးတွေရမ်း၊ လေတိုက်လို့ မျက်နှာပေါ် အုပ်အုပ်သွားတဲ့ ဆံနွယ်လေးတွေကို သပ်တင်ရင်း ကျွန်တော့်ဆီက စကားစတာကို စောင့်နေပုံရပါတယ်။ စိုက်ကြည့်ရင်း ကျွန်တော် အိမ်က မိန်းမနဲ့နှိုင်းကြည့်မိတယ်။ ဒီကောင်မလေးဟာ ရှင်းရှင်းလင်းလင်းကို လှတာလေ။ ဒါက ဒီလိုပါ။ တချို့လှတယ်ဆိုတာ တကယ်မဟုတ်ဘဲ အတုအယောင်တွေ။ ဥပမာ ပြင်ဆင်မှု လှတာမျိုး။

ဒီကောင်မလေးက ဒီလိုမဟုတ်ဘူး။ စပို့ရှပ်ကျပ်ကျပ်လေး ဝတ်ထားပြီးဘောင်းဘီကွာတားဝတ်ထားတယ်။ မျက်နှာမှာလည်း ဘာကာလာမှ မရှိဘူး။ ဒါပေမဲ့ အဲလိုရှင်းရှင်းလေးနဲ့ကို လှတာ။

ကျွန်တော့်မိန်းမကျတော့ အပျိုတုန်းက သိတဲ့အတိုင်း ချယ်သထားတော့ လှသလို။ အခု အိမ်ထောင်သည်ဖြစ်သွားလို့ မပြင်ဆင်တော့လည်း အဟဲ ကပိုကရိုနဲ့ လှနေပြန်ရော။ ပြောချင်တာက တစ်ယောက်တစ်မျိုး လှတယ်ပေါ့။ ဒါကြောင့်မို့ မြင့်မိုးက ကျွန်တော်နဲ့ သိန်းဇေကို အမြဲပြောပြောနေကျ စကားရှိတယ်။ ဒီလိုပါ။ ကျွန်တော်နဲ့ သိန်းဇေမှာ တူတဲ့အကျင့်တစ်ခု ရှိတယ်။

တခြားအချိန်ဆို ကျွန်တော်တို့က အမှန်အတိုင်း မြင်ပါတယ်။ အဲ… မူးသွားပြီဆိုရင် ကျွန်တော်တို့နှစ်ယောက်အတွက် တွေ့သမျှ ပျိုပျိုအိုအို နောက်ဆုံး ယောကျ်ားမကလို့ အဲဒီမိန်းမမှာ ကလေးပဲရှိရှိ မျက်လုံးထဲ လှနေရောဗျာ။ ဒါကြောင့် မြင့်မိုးက ကျွန်တော်တို့ကို မူးလာရင် မဘက်လိုက်တဲ့ကောင်တွေလို့ ပြောတတ်တယ်။

ပြောလို့ပြောတာ မဟုတ်ဘူး။ မူးလာလေ ဘူးရတာ ကောင်းလေလေပဲ။ ဒါကြောင့်များ ကျွန်တော်တို့ဆီမှာ အရက်သမားတွေ ပေါတာ မှတ်တယ်။ ထားတော့။

ကျွန်တော်က စိုက်ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘယ်တော့ပြန်မလဲ'

'အင်း… လကုန်လောက်ပေါ့၊ ဘာလို့လဲ'

'တော်တော့တော်ပါသေးရဲ့၊ မင်းပြန်ရင် ငါ သတိရနေတော့မှာပဲ၊ ငါ့မှာ ဒီလိုပုံစံနဲ့ ဒီနေရာကို တစ်ခါမှ မလာဖူးဘူး'

ကျွန်တော်က ဖောတော့ သူက ပိုတာလို့မပြောပါ။

'ကျွန်မ ရုပ်ရှင်တွေထဲမှာမြင်ပြီး ဒီနေရာကို လာချင်တာ အရမ်းပဲ၊ ဒါပေမဲ့ အပေါင်း… ချစ်သူကလည်း မရှိဘူးရှင့်'

'အခုရော'

'အခု… ဟုတ်လား'

အလိုက်သင့် ဝင်တော့ သူ ရှက်သွားသလိုပဲ။

'အခုလည်း ရှင်နဲ့ ချစ်သူမှမဟုတ်ဘဲ'

'ငါက အခုချိန် ရည်းစားစကားပြောရင် မင်း စိတ်ဆိုးမလား'

ပြောတော့ သူက ရယ်တယ်။ တကယ်တော့ အသည်းယားစရာ ကောင်းပါတယ်။

'အပေါင်း… ရှင့်ကို သိပ်မယုံဘူး၊ ဒါနဲ့ ရှင့်မှာ ချစ်သူမရှိတာ သေချာတယ်နော်'

မေးတော့ ကျွန်တော်က အရိုးခံပုံစံလေးနဲ့…

'မရှိပါဘူးကွာ၊ စားဝတ်နေရေးအတွက် ဒါလောက်လုံးပန်းနေရတာ၊ အချိန်ကို မရှိတာ'

မိန်းမရှိတာကိုတော့ မမေးလို့ မပြောတော့ပါ။ အဲ… ရည်းစားတော့မရှိဘူး။ မိန်းမတော့ ရှိတယ်ပြောလို့ကတော့ ပါးကွဲဖို့သာပြင်။ သူက ဒေးကို ငေးရင်း စကားလွှဲတယ်။

'ဒါနဲ့ ရှင့်အဖေ လေဖြတ်နေတဲ့ အရက်သမားကြီးရော နေလို့ ကောင်းရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း… သူက သောက်နေရရင် ကောင်းနေတာပဲ'

မျက်နှာက ပြုံးနေပေမယ့် အတွေးထဲမှာ ဒီစကားတွေကိုကြားပြီး အဖေ ဒေါသတကြီးတုတ်နဲ့လိုက်။ ကျွန်တော်ကတော့ အချိန်ဘော့က အဖေ ခေါ်ရလောက်အောင် ပြေးရမှာကို တွေးနေတယ်။

'ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ သားသမီးဆိုတာ မိဘကို မငြိုငြင်ရဘူး၊ ရှင် ကံကောင်းတယ်၊ မိဘကိုလုပ်ကျွေးရတာဆိုတော့ ကုသိုလ်ရတာပေါ့'

မေတ္တာတရားမပါဘူးလား မမေးတော့ပါ။ ဒီလိုပါပဲ။ မိန်းမဆိုတာ ဟုတ်ဟုတ် မဟုတ်ဟုတ် သူတို့ဆရာလုပ်နေရပြီးတာပဲ။

'အင်းပေါ့၊ ဒါပေမဲ့ တစ်ခါတလေ စိတ်ညစ်တယ်၊ မူးလာရင် ရစ်တာတအားပဲ၊ မိဘဆိုးဆိုးကို ရထားတာ အတော်ဆိုးတာ'

'သြော်… ဒါတော့ရှင်၊ သူက ဒုက္ခိတဆိုတော့ စိတ်ကျဉ်းကြပ်ပြီး ပေါက်ကွဲတာပါ၊ ဒီလိုလူမျိုးတွေက အမြဲ ဒီလိုပဲ၊ အလကားနေ မကျေမနပ်ဖြစ်နေတတ်တာ၊ ကြာတော့ စိတ်ခတ်ကျပြီး လူပါဘုန်းဘုန်းလဲ ရော၊ အဲဒါစိတ်ကျဝေဒနာပဲ'

ဆရာဝန်ပီပီ ဆရာလုပ်တော့ ကျွန်တော် ငြိမ်နေတယ်။ ဆက် ပြောလို့ကတော့ သူ့ဘာသာနေတဲ့အဖေလည်း အကောင်းကြီးကနေ သေ ဘေးနဲ့ ပိုနီးလာတော့မှာ…။

'တကယ်တော့ ဒီလိုကန်ကြီးမျိုး ကျွန်မတို့ဆီမှာရှိတယ်၊ လိပ်ပြာ ကန်တဲ့၊ ရှင်သိမှာပေါ့'

'သြော်… သိတာပေါ့၊ ရောက်ဖူးချင်လိုက်တာ၊ မင်း ပြန်ရင် ခေါ်မလား'

မေးတော့ သူက အပြုံးလေးနဲ့…

'ခေါ်ပါတယ်၊ ဒါနဲ့ ဒီကန်ကို ဘာလို့ကန်တော်ကြီးလို့ ခေါ်တာ လဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'အင်'

ကျွန်တော်လည်း ခေါင်းကုတ်မိသွားတယ်။ လူတိုင်းခေါ်လို့သာ ခေါ်ရသိရတာ။ ဘာလို့ခေါ်လဲတော့ မသိဘူး။

'အဲ… ဒါက မင်းတွေ့ပါတယ်၊ အတော်ကြီးတယ်လေ၊ အဲဒါ ကြောင့်ခေါ်တာနေမှာ'

'ဟင်… ဟုတ်ပဲနဲ့၊ ဘာမှလည်း မဆိုင်ဘူး'

သူက မယုံဘဲ ကြောင်တောင်တောင်ကြည့်တော့ ပြုံးရင်း…

'ငါလည်း ဘယ်သိမှာလဲ၊ ဒါနဲ့မင်းတို့ဆီက ကန်နာမည်က ထိပ်ပြာကန်မနော်၊ ဘာလဲ၊ လိပ်ပြာတွေပေါလို့လား'

မေးတော့ သူလည်း ခေါင်းကုတ်ရင်း စဉ်းစားနေတယ်။ သိပုံမရ ဘူး။

'အဟိ… လိပ်ပြာပေါလို့တော့ ဟုတ်ပုံမရဘူး၊ ကြည့်ရတာ ထိပ်အပြာရောင်တွေ ရှိလို့နေမှာပေါ့'

'ကောင်းရော၊ ကိုယ့်ဆီကဟာတောင် မသိဘူးတဲ့၊ ဟား… ဟား… ရယ်စရာကောင်းလိုက်တာ'

လှောင်ရယ်တော့ သူ တင်းသွားပုံရတယ်။ မိန်းကလေးပီပီ ရန် ဖြစ်တွေ့တယ်။

'ရှင်ကရော ဒီမှာနေပြီး ဒီကန်အကြောင်း မသိဘူးမဟုတ်လား၊ တူတူပဲကိုလာပြီး ဟွန်း… '

သူ မျက်စောင်းထိုးတယ်ဆိုရင်ပဲ ကျွန်တော် ပိုရယ်ချင်သွားတယ်။ ကျွန်တော်က သူနားသွားကပ်ထိုင်တော့ မျက်နှာတည်သွားတယ်။

'မင်း ငါ့ကို အခွင့်အရေးသမားလို့ ထင်ချင်ထင်၊ ငါ မင်းကို ချစ်တယ်'

'ဟွန်း… ထင်သားပဲ'



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင်နဲ့ ရည်းစားစကားပြောတော့ သူကလည်း ပြောင်ပဲ မျက်စောင်းထိုးတယ်။ အတော်ကြာကြာ တိတ်နေတာနဲ့လက်ကအကျင့်ပါ နေတဲ့အတိုင်း သူ့လက်သွားကိုင်တော့ မတ်တပ်ရပ်ရင်း အံကြိတ်ပြတယ်။ ပါးပိုပြောပါတယ်။

'ရှင်နော်… တွေ့တာက နှစ်ခါပဲ ရှိသေးတယ်၊ ပါးစပ်တင် မဟုတ်ဘူး၊ လက်ပါ ပါလာပြီ၊ ရည်းစားမထားဖူးဘူးဆိုတာ ယုံမယ်ထင်လား'

'အဲ… ဟိုလေ'

ကျွန်တော် အသွားတော့တာ။ သေချာတာကတော့ ဒီကောင်မ လေး အတော့်ကို ပါးနပ်တယ်ဆိုတာပဲ။ သူက ရုပ်တည်နဲ့မေးတယ်။

'ရှင်… ကျွန်မကို တကယ်ချစ်တာလား၊ အပျော်ကြံတာလား'

အပျော်လို့ပြောရင်တော့ ပွဲကလှပြီပေါ့။ ဒါပေမဲ့ ကျွန်တော်က မျက်နှာသေလေးနဲ့ ညောင်နာနာပြောတယ်။

'ငါ မင်းကို တကယ်ချစ်တာပါ၊ မင်းနဲ့မတွေ့ခင်က ငါ့ဘဝဟာ ဗလာပဲ၊ ယုံပါ၊ မင်းနဲ့တွေ့ပြီးမှ ငါ့ဘဝက အဓိပ္ပာယ်ရှိလာတာ၊ ဟင်း… မင်းအချစ်ကိုရမယ်ဆိုရင်တော့ နောနော်ပေါ့ကွာ'

'ဟင်… ဘာလဲ နောနော်'

'အဟဲ… အတိုင်းထက်အလွန်ပေါ့ကွာ၊ ငါ မင်းကို အကန့်အသတ် မရှိကို ချစ်မိနေပြီ'

ပြောတော့ သူက ရယ်ချင်ပက်ကျိနဲ့…။

'ခစ်… ခစ်… အကန့်အသတ်မရှိလည်း နောနော်သီချင်းပဲ မဟုတ်လား၊ ရှင်ဟာလေ၊ တကယ်တတ်လည်းတတ်တယ် သိလား'

'မင်း ငါ့ကိုချစ်လားဟင်'

'ရှင်နော်'



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမျက်နှာပြန်တည်သွားတာနဲ့…

'စိတ်ဆိုးသွားရင်လည်း အောင်လပါကွာ'

'ရှင်'

'မှားတာရှိရင်တောင်းပန်ပါတယ်လို့ပြောတာ'

'ခစ်… ခစ်… ရှင်ကတော့လေ၊ ကဲ… လောလောဆယ်တော့ ရှင့်ကို ဥာဏ်လင်းအောင်ပါတဲ့ရှင်'

'ဟင်… ဘာလဲ ဥာဏ်လင်းအောင်'

'ဩော်… သူငယ်ချင်းလို့ပြောတာ'

'ဟား… ဟား… မင်းလည်း ငါ့နောက်လိုက်လာပြီ၊ ငါနဲ့ပေါင်းပြီး စကားတတ်လာပြီ'

'အောင်မယ်… ရှင်နဲ့ ဘယ်သူပေါင်းလို့လဲ'

'အဲ… ငါပြောတာက'

'ကဲ… တော်ပါတော့ရှင်၊ ပြန်ကြမယ်'

စကားကို အတင်းဖြတ်တော့ မျက်နှာသေနဲ့…

'ဟာ… နေပါဦးကွာ၊ ငါတို့ကိစ္စမပြတ်သေးဘူးလေ၊ တန်းလန်းကြီး'

'ရှင်နော်… မိန်းကလေးဆိုတာ မူရသေးတယ်ရှင့်၊ နောက်မှ… အခုတော့ စဥ်းစားဦးမယ်'

ကျွန်တော်လည်း အောင့်သက်သက်နဲ့ ပြုံးရင်း သူနဲ့အတူ ကားဆီကို ပြန်လာလိုက်တော့တယ်။ ဒီကောင်မလေးကို လွယ်မယ်ထင်တာ အခုတော့ ထင်သလောက်ကို မလွယ်တာ။ သက်ပြင်းကို ရှိုက်လိုက်ရတော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း နံရံမှာကပ်ထားတဲ့ ဝေါ်ရှီကိုကြည့်ပြီး တခိခိနဲ့ ရယ်နေတယ်။

ဝဝကစ်ကစ် ယောကျာ်းလေးပုံ။ ကလေးလေးက မျက်လုံးပြူးလေးနဲ့ ကြည့်လို့ ရယ်နေတာ။ ကြည့်ရင်းနဲ့ အသည်းပဲယားသလိုလိုဘာလိုနဲ့ ရယ်ပဲရယ်ချင်နေတယ်။ ဒီလို ဝဝကစ်ကစ် ချစ်စရာကလေးလေးသာ ရလို့ကတော့ ယောကျာ်းဖြစ်သူ လက်ထဲက ချပါတော့မလား တွေးရင်းပြုံးလာတယ်။

ကလေးမွေးရမှာကိုပဲ ရှက်တာလိုလို ကြောက်တာလိုလိုဖြစ်လာတာအမှန်ပဲ။ မိခင်စိတ်။ ဒီစိတ်သာ မရှိရင် ကမ္ဘာ့လူဦးရေတိုးပွားမှာ မဟုတ်သလို လူသားမျိုးနွယ်စုဟာ ဆိတ်သုဉ်းသွားတာကြာပေါ့။

မိခင်ဆိုတာ ကိုယ့်ရင်သွေးကို အသက်နဲ့ရင်းပြီး လူ့လောကကိုမွေးထုတ်ခဲ့ရတာ။ အမေတို့တုန်းကလည်း ဒီလိုပဲနေမှာ။ ဒီလိုမှ မွေးမထုတ်ခဲ့ရင် ငါတို့ လောကထဲ ဘယ်လိုရောက်လာတော့မှာလဲ တွေးရင်း ငယ်ငယ်စိုး အံကြိတ်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် မိခင်စိတ်ထားမှဖြစ်တော့မှာလေ။ ဘာလို့လဲဆိုတော့…

'မမ တစ်ယောက်တည်း ကလေးပုံကြည့်ပြီး အံကြိတ်နေတာ ခစ်… ခစ်… မမမဲ့ပြလည်း ကလေးကငိုမှာမဟုတ်ဘူး၊ မငိုဆို ရုပ်ပုံကြီးလေ'

'ဟယ်… ငါ့ဘာသာ ဘာလုပ်ပြပြ နင်နဲ့ဘာဆိုင်လဲ၊ ကလေးက ကလေးလိုမနေဘူး'

မိငြိမ်းက ဂရုမစိုက်ဘဲ ဆိုဖာမှာ ဝင်ထိုင်တော့ ငယ်ငယ်စိုးက တစ်ခုခုကိုပြောဖို့ပြင်တယ်။ မိန်းကလေးပီပီ အကြာကြီး ဇွက်မထားနိုင်ဘဲ တစ်ယောက်ယောက်ကို ပြောချင်နေတယ်။ ယောကျာ်းဖြစ်သူကိုတော့ လုံး မပြောသေးဘူးလို့ တွေးထားတယ်။ မနေနိုင် မထိုင်နိုင်ဖြစ်လို့ ကောက်ဆုံး မိငြိမ်းကို ရုပ်တည်နဲ့ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



'မမ နင့်ကို ပြောစရာရှိတယ်၊ သိလား၊ အဟိ,·· ရှက်တော့ အရှက်သား၊ နင့်ကိုကိုကို ပြောမပြဘူးဆိုရင်တော့ ငါပြောပြမယ်'

'ဘာကိစ္စလဲဟင်'

စိတ်ဝင်တစားနဲ့ အနားကပ်ထိုင်ရင်းမေးတော့···

'နင်ပြန်မပြောပြရဘူးနော်'

'မပြောပါဘူး၊ သမီးက ကိုကို့ထက်စာရင် မမကိုပိုချစ်တာ၊ ကဲ··· ပြော၊ ငြိမ်းငြိမ်း ပြန်မပြောပြဘူး၊ စိတ်ချ'

ပြောရကောင်းမလား။ အတော်ကြာစဉ်းစားပြီး မနေနိုင်တဲ့အဆုံး ဆုံးဖြတ်ချက်ကိုချကာ···

'မမလေ အဟိ··· သိလား၊ တားဆေးတွေ မစားတာ သုံးလ လောက်ရှိပြီ'

'ဟွန်း··· အဲဒါ ဘာဖြစ်လဲ၊ ဘာများလဲလို့'

ဟိုက ဘာမှန်းမသိတော့ မထူးဆန်းဘူးပေါ့။

'ဟဲ့··· နင်ဘာသိလဲ၊ အဲဒါတွေ မစားတော့ ငါအခု ဗိုက်ကြီးနေ ပြီလားမသိဘူး'

'သြော်··· အဲဒါတွေမစားရင် ဗိုက်ကြီးတယ်ပေါ့၊ ညီမလည်း စားမှ မစားတာ၊ ဘာမှမဖြစ်ပါဘူး'

'ဟယ်··· ကဲ'

'ဖွပ်··· ဖွပ်'

စိတ်ဆိုးလို့ ခေါင်းခေါက်တော့ ပေကြောင်ကြောင်မော့ကြည့်ရင်း မေးတယ်။

'အားလား··· နာလိုက်တာ မမရယ်၊ ဘာလို့ခေါက်တာလဲ'

'ဟဲ့··· နင်က ကလေးလေး၊ ပြီးတော့ တားဆေးဆိုတာ အိမ် ထောင်သည်တွေမှ စားရတာဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်··· သိဘူးလေ၊ စောစောကပြောရောပေါ့၊ အဲဒါကို မမ စားတော့ ဘာဖြစ်လဲ'

'စားရင် ကလေးမရဘူးပေါ့ဟဲ့'

'ဟင်··· အဲလိုကြီးလား'

ခေါင်းလေးပွတ်ရင်း အသေအချာစဉ်းစားတယ်။ အတော်ကြာမှ အားရဝမ်းသာနဲ့···

'ဟင်··· မမ··· အဲဒါတွေမစားတာ ကြာပြီဆိုတော့ မမမှာ အခု ကလေးရှိပြီပေါ့'

'အင်း··· အဟီ··· ရှိပြီထင်တယ်ဟဲ့၊ ဟယ်··· နှင့်ကိုစေ့စေ့စုံစုံ ပြောပြရင် သင်ပေးတာနဲ့အတူတူပဲ၊ ဒီတော့မပြောပြတော့ဘူး၊ အဓိကကတော့ ငါ့မှာကလေးရှိပြီဆိုတာကို နှင်သိစေချင်တာ'

ရှက်ကန်းကန်းနဲ့ပြောတော့ မိငြိမ်းက သဘောကျသွားပြီး···

'ဟား··· ဟား··· ဝမ်းသာလိုက်တာ၊ ကိုကိုလာမှ ပြောပြ···'

'ဘာ··· နှင့်ကို မပြောရဘူး ပြောထားတယ် မဟုတ်လား'

'ဩော်··· ဟုတ်သားပဲ၊ သမီးက မေ့သွားလို့ပါ၊ အဟီး··· တူမမမတမလေးရတော့မယ်'

'ဘာလဲဟဲ့ တူမမမတမလေးဆိုတာ···'

'ဩော်··· အထီးလေးလား၊ အမလေးလားမှမသိသေးတဲ့ဟာကို ပြစမ်း မမဗိုက်'

'ဟယ်··· ဘာလုပ်တာလဲ'

ငြိမ်းငြိမ်းက ယောက်မဖြစ်သူရဲ့ အင်္ကျီကို အတင်းလှန်ကြည့်တယ်။ ဗိုက်ပြားကပ်ကပ်လေးကို တွေ့တာဆိုရင်ပဲ စိတ်ပျက်သံနဲ့···

'ဟင်··· မမပြောတော့ ဗိုက်ကြီးပြီဆို၊ မဖြစ်နိုင်ဘူး၊ မမဗိုက်ပြား ပြားလေးနဲ့၊ အထဲမှာ ကလေးလေးမရှိနိုင်ပါဘူး၊ ဟွန်း··· ဒီဗိုက်လေးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဘယ်နေနိုင်မှာလဲလို့၊ အကောင်းမှတ်တာ လာနောက်နေပြန်ပြီ၊ မမကတော့လေ'

'ဟင်... ဟုတ်လား'

ယောင်ကန်းကန်းနဲ့ ကိုယ့်ဘာသာ ဗိုက်လှန်ကြည့်တော့။ ဟုတ်ပါ့။ မိငြိမ်းပြောသလို ဗိုက်ကလေးက ပြားချပ်နေတာနဲ့ပဲ အားငယ်သွားပြီး...

'အေးဟယ်... ဒီဗိုက်လေးထဲ ကလေးက ဘယ်လိုရှိနိုင်မလဲ၊ ငါမှားတာနေမှာ'

ဇဝေဇဝါနဲ့ စဉ်းစားရင်း အတော်ကြာမှ...

'ဟယ်... ဗိုက်ကြီးဖောင်းတယ်ဆိုတာ ကိုယ်ဝန်ရှိပြီး လေးငါးလကြာမှ ထွက်တာဟဲ့၊ ငါက အခုမှ အစရှိသေးတာ၊ ဘယ်ဖောင်းမှာလဲ'

'ဟင်... အဲလိုကြီးလား'

'အေးလေ၊ သူများတွေ ပြောပြောနေတာတော့ ငါလည်း ကြားတာပဲ'

'မမရာ... ဒါမျိုးကိစ္စတောင် ဂဃနဏ မသိဘူးလားလို့၊ အိမ်ထောင်သည်ဖြစ်နေပြီးတော့'

'ဟဲ့... ငါမှကလေးမမွေးဖူးတာ၊ ဘယ်သိမှာလဲဟဲ့၊ သေချာတာကတော့ ငါ့မှာကလေးရှိနေပြီဆိုတာပဲ၊ ဒါပဲနော်၊ နင် ဘယ်သူ့ကိုမှ မပြောဖြရဘူး'

ပြောတော့ မိငြိမ်းက ယောက်မဖြစ်သူကို ဇဝေဇဝါနဲ့ ကြည့်လို့ ခဲ့ရွဲ့ပြောတယ်။

'မပြောပါဘူး၊ မမဟာက သေမှမသေချာတာ၊ ပြောပြီးမဟုတ်ရင် ဒီဟာမပဲ ပေါတာမဖြစ်မှာ၊ စိတ်ချ အလုံးလိုက်အထည်လိုက် မမြင်ရှိုးငြိမ်းတို့က ယုံကိုမယုံဘူး၊ သိလား'

'ဟယ်... ဟုတ်ပါတယ်ဆိုမှ မယုံဘူးပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



မိငြိမ်းက ဘာမှမပြောတော့ဘဲ ငြိမ်ရင်းတစ်ခုခုကိုတွေးနေပုံရတယ်။ ဒါနဲ့ပဲ ငယ်ငယ်စိုးက ဇဝေဇဝါနဲ့ သွဲ့ဘာသာ ရက်တွေကိုတွက်နေတယ်။ သေချာတော့မှ ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေတုန်း…

'မမ အဲဒါက အရေးမကြီးဘူး၊ ခုတလော ကိုကို အချိုးပြောင်းနေတာကို မမသိလား'

'ဟင်'

ပြုံးနေတဲ့မျက်နှာလေး ချက်ချင်း ငယ်သွားကာ…

'ဘာလဲဟင်၊ မမလည်း မသိပါလား'

'ဘာကမှာလဲ၊ မမယောကျ်ား အပြင်တစ်ခါသွားခါနီး ရေချိုးတာတစ်နာရီ၊ အဝတ်အစားရွေးတာကတစ်နာရီ၊ သူထွက်လာရင်လည်း အနံ့ပေါင်းစုံကို မွှန်ထူနေတာပဲ၊ ကြည့်ရတာ မယားငယ်ရနေပြီထင်တယ်'

'ဟုတ်လို့လားဟယ်၊ ဒါဆိုရင်တော့ ဒုက္ခပဲ၊ သင်း… ငါ့ကိုပြောတော့ တစ်မျိုးပါလား၊ ဟုတ်မယ်၊ အဲ… ဒါကြောင့် သူ ရှုနေပါတယ် မှတ်တာ'

ယောကျ်ားဖြစ်သူရဲ့ အမူအယာတွေကို ပြန်တွေးရင်း ထိုင်မရတော့ဘဲ လမ်းလျှောက်ရင်း…

'ဟုတ်ပါ့မလား၊ သူ ငါ့ကိုထားသွားနိုင်လို့လား'

သဘင်သည်စကား၊ ကလေးစကားနဲ့ အရူးစကားတွေဟာ မှန်တတ်တယ်မဟုတ်လား၊ တွေးရင်းနဲ့ နောက်နေ့တွေ အပြင်ထွက်ပြီး မသိမသာ လိုက်ချောင်းရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ တကယ်လို့ ဟုတ်နေခဲ့ရင်တော့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

အခုတလော မသောက်ချင်ကြလို့လားတော့မသိ။ သုံးယောက်သား ဘာအောင်ပွဲမှ ·မလုပ်တော့ဘဲ ငြိမ်နေကြတော့ဘီယာဆိုင်ဘက် မရောက်ကြတော့ပါ။ မြင့်မိုး ကျွန်တော်တို့ဆီ ရောက်လာလို့ ညောင်ပင်ကြီးအောက်က အအေးဆိုင်မှာပဲ ထိုင်ဖြစ်တော့တယ်။

သိန်းဝေလည်း အလုပ်မပြောင်းသေးသလို ကျွန်တော်လည်း အဖေ့ဆီ အလုပ်မဆင်းချင်သေးပါ။ ပြောထားတဲ့ အချိန်တစ်လကလည်း ပြည့်ခါနီးနေပြီ။ ကျွန်တော်တို့သုံးယောက်ဆုံရင် အိမ်အကြောင်းပြောတာ နည်းပြီး တခြားအကြောင်းပြောတာ များတယ်။ သိန်းဝေက ကျွန်တော့်ကို ပြုံးကြည့်ရင်း…

'မင်းကိုတောင် အရင်လို ဇယားတွေနဲ့ လတ်လျားလတ်လျား မတွေ့ရတာ ကြာပြီ'

'ဟုတ်တယ်ကွ၊ အခုနောက်ပိုင်း အဲဒီဇယားကိစ္စတွေကို ငါ တော်တော်စိတ်ကုန်နေတယ်၊ ပြီးတော့ မင်းတို့ကို ငါ ထူးဆန်းတာတစ်ခု ပြောရဦးမယ်'

'ဘာများလဲ'

နှစ်ယောက်သား စိတ်ဝင်တစားနဲ့ ပိုင်းကြည့်ကြတော့…

'မင်းတို့ ငါ့အကြောင်းသိပါတယ်၊ ငါဘယ်ကောင်မလေးကိုမှ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်ခဲ့တာမရှိဘူး၊ ပြီးတော့ ငါ့မိန်းမကိုလည်း ယူသာယူခဲ့တာ၊ စိတ်ထဲရှိလှတာမဟုတ်ဘူး'

ပြောတော့ သိန်းဇေက မဲ့ရင်း…

'ဟုတ်တယ်လေ၊ မင်းက လူနှလုံးသားနဲ့ကောင်မှ မဟုတ်တာ'

မြင့်မိုးကလည်း…

'ငါပြောဖူးပါတယ်၊ ဒီကောင်က ဆော်ကြည်တာမဟုတ်ဘူး၊ အရင်ဘဝကအရှိန်မကုန်သေးတာ'

ခင်းပေးတယ်ဆိုရင်ပဲ သိန်းဇေက ဝင်နှိပ်တယ်။

'နေပါဦးကွ၊ ဒီကောင်က အရင်ဘဝတုန်းက ဝက်သိုးကြီးလား၊ အဟီး…'

'ဘယ်ကလာ၊ ဖျံထီး၊ ဒါမှမဟုတ် ကြက်ဖကြီးဖြစ်ခဲ့မှာကွ၊ ဒါကြောင့် ဒီကောင် ဒီလောက်ပေါ်နေတာ'

ကျွန်တော် ပြုံးလိုက်တယ်။ သူတို့ပြောမယ်ဆိုလည်း ပြောချင်စရာ။ အိမ်ထောင်မကျခင်ကထား။ အခုအိမ်ထောင်ကျပြီးတဲ့နောက်တောင် ကျွန်တော့်ကားပေါ်မှာ ဧယားတစ်ယောက်မဟုတ် တစ်ယောက်ပါပြီးသား။

ဒါပေမဲ့ အခုနောက်ပိုင်း ဆင်ခြင်လာသလို လောလောဆယ် ရှယန်ဇေကလွဲပြီး ဧယားတွေရှင်းကုန်ပြီ။

'မင်းတို့ကလည်းကွာ၊ ငါပြောတာကို နားထောင်ပါဦး၊ အရမ်းအံ့သြဖို့ကောင်းတယ်၊ မင်းတို့ကိုပြောပြလည်း ယုံမှာမဟုတ်ဘူး၊ ငါ မဟုတ်တာ တစ်ခုခုလုပ်တော့မယ်ဆို အစက ဘာမှမဖြစ်ဘူး၊ အခုမရတော့ဘူး'

'ဘာဖြစ်လို့လဲ'

'ငါ့မိန်းမပေါ့ကွာ၊ ငါ့စိတ်ထဲမှာ သူ့မျက်နှာပေါ်ပေါ်လာတယ်ကွ၊ အံ့သြဖို့ကောင်းတယ်'

'ဟေ'



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကြောင်သွားကြတော့ ကျွန်တော်က…

‘ငါ အမှန်အတိုင်း ဝန်ခံရရင် မိန်းမကို မချစ်ဘူးကွ၊ သူ့ကို ခုတုံးလုပ်ပြီးပွေကောင်းအောင် ယူခဲ့တာ၊ သူမကျေနပ်ရင် ငါကွာပေးမယ် ပေါ့၊ ဒါပေမဲ့…’

စကားကိုဖြတ်ပြီး အအေးပုလင်းကို စိုက်ကြည့်နေလိုက်တယ်။

‘ငါ သူ့ကိုတကယ်ချစ်မိသွားခဲ့တယ်ကွာ၊ သူ့ကို ဆုံးရှုံးရမှာ ငါ ကြောက်လာတယ်၊ ဒါကြောင့် ငါ မပွေတော့တာ၊ ပြီးတော့ သူ့အား မှာပဲ ငါအမြဲနေချင်နေမိတယ်’

‘ဪ… ဒါက အတူနေတာကြာတော့ သံယောဇဉ်ဖြစ်တာနေ မှာပေါ့၊ ဒါလည်းကောင်းတာပဲ’

သိန်းဝေကပြောတော့ မြင့်မိုးကလည်း…

‘မင်း အစကတည်းက ဒီလိုပဲဖြစ်သင့်တာ၊ ငါ့အမြင်အရတော့ သူဟာ မိန်းမမြတ်ပဲ၊ မင်း ဒါလောက်ရှုပ်ပွေနေတာ မသိသလိုနေတယ်၊ သူကိုယ်တိုင်လည်း မင်းမျက်ကွယ်မှာ ဖောက်ပြန်လို့ရပေမယ့် အနေတည် တယ်ကွ၊ တခြားမိန်းမသာဆို မင်း ဒီလိုဘယ်ရမလဲ၊ ဥပမာ သိန်းဝေ မိန်းမသာဆို မိုးမီးလောင်ပြီ’

‘ခွီးမှပဲ’

ကြားက သူ့မိန်းမပါ ဆွဲထည့်တော့ သိန်းဝေ မျက်နှာကြီးမဲ့သွား တယ်။

‘ငါ ဆုံးဖြတ်လိုက်ပြီကွာ၊ ငါ့မိန်းမကိုပဲ ငါသစ္စာရှိရှိပေါင်းတော့ မယ်၊ မပွေတော့ဘူး’

‘ဟုတ်လို့လားကွာ’

သိန်းဝေက ကြားနေကျစကားဆိုတော့ မယုံဘူး။ မြင့်မိုးက လှို့ ဖွက်ပြုံးလိုက်ကာ…

www.burmeseclassic.com



'ခုတလော မင်းကားပေါ်မှာ ကောင်မလေးလှလှလေးတစ်ယောက် အမြဲပါနေတယ်၊ ငါသိတယ်နော်'

'အဲ.. ဒါက ဟိုကွာ သူက အပျော်ပါ၊ ကြုံတုန်းခဏလေးတွဲတာပါ၊ ငါမချစ်ပါဘူး'

ပြောတော့ သိန်းဝေက ကြားနေကျစကားဆိုတော့ မျက်စောင်းထိုးပေမယ့် မြင့်မိုးက...

'အဲဒီကောင်မလေးကို ငါ သိတယ်ကွ၊ ပဲခူးက၊ ဆရာဝန်မပေါက်စပဲ၊ မင်းကွာ မိကောင်းဖခင်သားသမီးကွ၊ မချစ်ဘဲ ဘာလို့တွဲလဲ'

'မင်းကလည်း တခြားကောင်မလေးတွေတုန်းကလည်း ဒီလိုပဲ တွဲလာတာကို၊ အခုမှလာပြောနေတယ်'

'သူက တခြားကောင်မလေးတွေလို မဟုတ်ဘူးကွ၊ သူက...'

မြင့်မိုးက တစ်ခုခုကို ပြောမယ်ကြံပြီးမှ မပြောတော့ဘဲ အအေးပုလင်းကို ယူသောက်နေတယ်။ သိန်းဝေက ကျွန်တော့်ကို ပြုံးပြရင်း...

'မင်း အဲဒီကောင်မလေးနဲ့ ငြိသွားတာ ကြာပြီလား'

'အင်း... ရက်နှစ်ဆယ်တော့ ကျော်လာပြီ၊ မလွယ်ဘူး ငါ့ကောင်ရေ၊ ဒီကောင်မလေးက ထက်တယ်ဟ၊ ပြီးတော့ ငါကိုယ်တိုင်ကလည်း မဟုတ်တာ မလုပ်ရက်ဘူးကွ၊ ကြည့်ရတာ ငါ့မိန်းမမေတ္တာတွေ ငါ့ကိုစူးနေပြီထင်တယ်၊ ဒီတစ်ယောက်နဲ့ကျမှ ငါ အခံချည်းပဲ'

'ဟုတ်လို့လားကွာ'

သိန်းဝေက မယုံသလိုမေးတော့ ကျွန်တော် ခေါင်းညိတ်လိုက်မိတယ်။ တကယ်ပဲ ဒီကောင်မလေးနဲ့ ခုချိန်ထိ ရှင်းသေးတယ်။ ဒီအချိန်မှာပဲ အတွေးကောင်းနေပုံရတဲ့ မြင့်မိုးကို...

'မင်းမိန်းမ မွေးခါနီးပြီလား'

'အေး... ဒီလထဲ မွေးမယ်တဲ့၊ သူ့ညီမဆရာဝန်တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားတယ်၊ ဒါပေမဲ့ အပြင်မှာပဲ အဲဒီဆရာဝန်မက လမ်းသလားနေတယ်၊ ငါ့အိမ်မှာလည်း မနေဘူးကွ၊ ထားပါ၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ ဆေးခန်းတွေ ပိုက်ဆံပေးရင် ပေါပါတယ်၊ သိန်းဝေ မင်းမိန်းမရော ဘယ်လိုလဲ'

'ငါ့မိန်းမက မင်းမိန်းမထက် နောက်ကျတယ်လေ'

သိန်းဝေက ပြောတော့ ငနဲက ဖြဲဆိုရယ်ရင်း...

'ဟဲ .. ဟဲ... ဟဲ... ဒါလေးမေးတာကို ဘာဖြစ်တာလဲကွ၊ ငါ့မိန်းမက ယောကျ်ားလေးတဲ့၊ မိန်းကလေးရှင်ဖြစ်တဲ့ မင်းကို ကြည်ဖြူရမယ်လေ၊ အဟဲ... ဘာပဲဖြစ်ဖြစ် ဖိတ်ချင်းဖိတ် ကိုယ့်အထဲဖိတ်ထားကောင်းတယ်မဟုတ်လား၊ အကြောင်းသိတွေလေ'

'ဟော့ကောင်... မွေးတောင်မမွေးသေးဘူး၊ အင်း... ငါ့သမီးလေးတော့ ဗိုက်ထဲကတောင် မထွက်ရသေးဘူး၊ ဟွန်း... ရန်ရှာမယ့်ကောင်က အဆင်သင့်ပဲ၊ ကောင်းကွာ'

သိန်းဝေရဲ့ မျက်နှာကိုကြည့်ပြီး ကျွန်တော်နဲ့ မြင့်မိုး ရယ်လိုက်ကြတယ်။ ကတိစကားကထားပြီးသား။ ဘယ်သူက ယောကျ်ားလေးမွေးမွေး မိန်းကလေးမွေးမွေး ကြိုတင်သဘောတူပြီးသား။ အခု သိန်းဝေက အမြင်နဲ့တင် တစ်ဂိုးရှုံးနေတော့ မခံသာဘူးဖြစ်နေတယ်။

'အေးကွာ၊ မင်းတို့မိန်းမတွေက အကောင်အထည်ပေါ်လို့ ဖော်ပြီ၊ ငါ့မိန်းမကတော့...'

ကျွန်တော် ပြောရင်း စိတ်ပျက်လက်ပျက် ခေါင်းရမ်းတော့ သိန်းဝေက...

'တော်သေးတာပေါ့ကွာ၊ မြင့်မိုးသားမို့လို့ မိုးလွင်သားသာဆို ဖအေဆူရင်ပွဲမှာ၊ ကတိပျက်ခါမှပျက်ရော မင်းသားနဲ့ဆို ငါ့သမီးကို မပေးစားဘူးကွ၊ ငါ့သမီး ဒူးနဲ့မျက်ရည် သုတ်နေရမှာ၊ မဖြစ်ဘူး၊ အခုတော့ တော်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ မြင့်မိုးဆို သူ့သားကမဆိုးဘူး၊ ဟူး… အံမယ်လေး သမီးရှင် ဖြစ်ရတာ မလွယ်လိုက်တာ၊ လူ့လောကထဲတောင် မရောက်သေးဘူး၊ မိဘတွေ ပူနေရပါကော'

'ဟာ… မင်းကလည်း'

ပြောတာဟုတ်နေတော့ ကျွန်တော် မျက်နှာငယ်သွားတယ်။ ဒီအတိုင်းသာ ဆက်သွားလို့ကတော့ ကျွန်တော့်ကြောင့် ကျွန်တော့်ရဲ့မျိုးဆက်တွေ နာမည်ကောင်းမရနိုင်ပါ။

ဒီရှေ့ဆင်ခြင်မှုဖြစ်တော့မယ်တွေးလို့ သက်ပြင်းကို ချလိုက်တယ်။ ဧည့်ပန်ဝေကတော့ လက်ကုန်ရင် ပြန်မှာမို့ ကိစ္စမရှိပါ။ ဒီလက်ကုန်ရင် အဖေ့ဆီမှာ အလုပ်လုပ်ရင်း ဖွန်ကိစ္စတွေကိုဖျောက်ပစ်တော့မယ် ဆုံးဖြတ်လိုက်တယ်။

အခုတလောမှာ ဘာရယ်ကြောင့်တော့ မသိဘူး။ မိန်းမဖြစ်သူကို စိတ်ထဲမှာ အမြဲရှိနေတယ်လေ။ သူ့ရဲ့အေးချမ်းတဲ့ မျက်နှာလေးကို သတိရပြီး စိတ်ချမ်းချမ်းသာသာပဲ ပြုံးလိုက်မိတယ်။

တော်ကြာကျတော့ ကျွန်တော်တို့တွေ လူစုခွဲလိုက်ကြတယ်။ မြင့်မိုးက ကျွန်တော့်ကို ရုပ်တည်နဲ့ကြည့်ပြီး မင်း အခုတွဲနေတဲ့ ကောင်မလေးကိုတော့ ချမ်းသာပေးလိုက်ပါကွာတဲ့။

ပြောပြီး ကားမောင်းထွက်သွားတယ်။ စိတ်ချပါကွာ။ စိတ်ထဲကပဲ ကတိပေးရဲတယ်လေ။

❖ ❖ ❖

ကျွန်တော် အသည်းအသန်လိုက်နေတယ်။ အတော့်ကို ကြိုးကြိုးစားစား ပြေးလိုက်ပေမယ့် မမီပါ။ ရှေ့မှာ ကျွန်တော့်မိန်းမနဲ့အတူ ကလေးတစ်ယောက် လက်ချင်းတွဲပြီး ရယ်ကာမောကာနဲ့ လျှောက်နေတယ် သူတို့က ဖြည်းဖြည်းအေးအေး လျှောက်နေပေမယ့် ကျွန်တော် မမီပါ။ ကျွန်တော် မောနေတယ်။ အော်ခေါ်တော့လည်း အသံကထွက်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ မမျှော်လင့်ဘဲ သူတို့နဲ့ ကျွန်တော့်ကြားမှာ မွတ်မွတ်လည်နေတဲ့ အလုံးကြီး ၀ုန်းခနဲ ၀င်လာပြီးသကာလ လန့်နိုးသွားတော့တာ။

မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ ဝိုးတ၀ါး အလင်းရောင်အောက်မှာ ၀ရန်တာတံခါးကိုတွေ့ရတယ်။ ကျောပေးထားတဲ့ဘက်ကို လက်နဲ့စမ်းကြည့်တော့ မိန်းမဖြစ်သူ မရှိပါ။ ကျွန်တော် အခုနောက်ပိုင်း မိန်းမကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေတယ်။ ၀ဋ်လည်တာလားတော့ မသိပါ။

စောစောက မက်တဲ့အိပ်မက်ကလည်း မကောင်းတော့ လန့်သွားတယ်။ မိန်းမ ကျွန်တော့်ကို ပစ်သွားခဲ့ပြီလား တွေးပြီး မီးခလုတ်ကိုထဖွင့်ရင်း ကြည့်လိုက်တော့ မိန်းမက ခုတင်ပေါင်ကိုမှီပြီး ထိုင်နေတယ်။ မျက်လုံးတွေက ကျွန်တော့်ကို စိုက်ကြည့်နေတာနဲ့ မလုံဘူး။ ဒါပေမဲ့ သူ ဘယ်မှမသွားတာကိုတွေ့မှ စိတ်အေးသွားပြီး…

'ငယ်… မင်း မအိပ်ဘဲ ဘာထိုင်လုပ်နေတာလဲ'

မေးတော့ ရုပ်တည်လေးနဲ့ ကျွန်တော့်ကို တွေတွေလေးကြည့်တယ်။ နောက်မှ သက်ပြင်းကိုချပြီး…

'ဘာမှမလုပ်ပါဘူး၊ အိပ်မရလို့'

နာရီကို လှမ်းကြည့်လိုက်တော့ ည ၁ နာရီ။

'ညဉ့်နက်ပြီမိန်းမရဲ့၊ အိပ်တော့နော်'

'အိပ်မရပါဘူးဆို'

မာဆတ်ဆတ်ပြောရင်း မျက်နှာပေလေးနဲ့ မျက်စောင်းထိုးတယ်။ ကြည့်ရတာ ဘာကိုမကျေမနပ်ဖြစ်နေလဲတော့ မသိပါ။ သူ့နားသွားကပ်ထိုင်ရင်း ပခုံးကိုဖက်လိုက်ကာ…

'ဘာဖြစ်လို့ အိပ်မရတာလဲ၊ မောင့်ကို ပြောပြလေ'

ကျွန်တော့်ကို အတော်ကြာကြာ မော့ကြည့်တယ်။ ကြည့်ရတာ ကျွန်တော့်နောက်ကွယ်ကအကြောင်းတွေကို ရိပ်မိနေပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ကျွန်မကို တကယ်ရောချစ်ရဲ့လား'

'ဟာကွာ… တကယ်ပါ၊ ဒီအတွက် မင်းဘာမှစိတ်မဆောင်းရဲနဲ့၊ ငါ့ဘဝမှာ မင်းပဲတစ်၊ မင်းပဲနှစ်၊ မင်းပဲသုံး'

'ဟွန်း… အပြောကတော့ သိပ်ကောင်း'

'တကယ်ပြောတာပါကွာ'

'ရှင် တကယ်ဆိုတဲ့ အသုံးအနှုန်းက ပြောနေကျစကားကြီးပဲ၊ ရိုးနေပြီ၊ ကျွန်မကို ချစ်တယ်ဆို ကွယ်ရာမှာ ဘာလို့မဟုတ်တာ လုပ်လဲ'

ကျွန်တော် ဘာပြောရမယ်မသိ ဖြစ်သွားတယ်။ ဒီကောင်မလေးဆီက ဒီလိုစကားတစ်ခါမှ မကြားရဘူးလေ။

'ဟွန်း… ရှင် မငြင်းနိုင်တော့ဘူး မဟုတ်လား၊ ရှင်နဲ့အတူ ကောင်မလေးတစ်ယောက် ကားပေါ်အမြဲတွေ့တယ်တဲ့၊ အမြဲပလူးပလဲနဲ့တဲ့၊ ပတ်ဝန်းကျင်က ပြောကုန်ကြပြီ'

'ဟာ… ဘေးစကားတွေ မယုံပါနဲ့ကွာ၊ ပြော ဘယ်ကောင်ပြောလဲ၊ တွေ့မယ်'

မျက်နှာပြောင်ကြီးနဲ့ ကြိမ်းတော့…

'ရှင့်အဖေလေ'

'အင်'

အသွားတော့တာ။ အဖေက ကျွန်တော့်ကို စောင့်ကြည့်နေပုံပဲ။ သက်ပြင်းကိုချရင်း အဲကောင်မလေး ဇာတ်လမ်း အမြန်ဖြတ်တာကောင်း မယ်ဆုံးဖြတ်လိုက်တယ်။ မိန်းမက ပေစောင်းစောင်းနဲ့…

'ရှင် မငြင်းနိုင်တော့ဘူး မဟုတ်လား၊ အင်းလေ ကျွန်မက ပေါတာမဆိုတော့ ရှင်လုပ်ချင်ရာလုပ်ပေါ့'

ပြောရင်း မျက်ရည်ကျလာတာနဲ့ ကပျာကယာချော့ရတယ်။

'မငိုပါနဲ့ကွာ၊ တိတ်ပါ၊ ဟင်… ဘယ်လိုတောင် ကတိပေးရ



www.burmeseclassic.com

www.burmeseclassic.com



မယ် မသိဘူး၊ ငါပြောလည်း မင်းယုံမှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါ ကတိထိပ် ပေးပါတယ်ကွာ၊ ဒီလကုန်ရင် ငါ အဖေ့ဆီမှာ အလုပ်လုပ်မယ်၊ ဘာမှ မရှုပ်တော့ဘူး၊ မင်း စိတ်ချမ်းသာရစေမယ်'

တကယ့်ကို လေးလေးနက်နက် ပြောတော့ အငိုရပ်သွားတယ်။

'တကယ်ပြောတာလား'

'တကယ်ပါကွာ၊ မင်း စိတ်ချပါ'

'ရှင်··· တကယ် အဲလိုဖြစ်ရင်တော့ကောင်းမယ်၊ မဟုတ်ရင် ကျွန်မ သေလိမ့်မယ်၊ ညညဆို အိပ်မပျော်ဘူး၊ ဘယ်နေ့ပစ်သွားမလဲတွေး ပြီး ကြောက်နေမိတာ'

'မိန်းမရာ'

သူ့ကိုဖက်ရင်း ဘယ်လိုနှစ်သိမ့်ရမလဲ မတွေးတတ်ဘူး။ တကယ် လည်း စိတ်ထဲမကောင်းပါ။

'မင်းကို ပစ်စရာလားကွာ၊ သြော်··· ပြောရဦးမယ်၊ သိလား၊ စောစောက အိပ်မက်ထဲမှာ မင်းနဲ့အတူ ကလေးတစ်ယောက်ကိုတွေ့တယ်၊ အဟဲ··· ပြော··· မင်းမှာ သားသားမီးမီးရှိပြီလား'

'ဟင့်အင်း'

ယောင်တောင်တောင်နဲ့ ခေါင်းညိတ်ပေမယ့် ပါးစပ်က ငြင်းတယ်။ ပြီးမှ မျက်စောင်းထိုးရင်း···

'ရှင့်အခြေအနေကို ကြည့်ရဦးမယ်၊ မယုံသေးဘူး'

ကျွန်တော် စိတ်ပျက်သွားတယ်။ ဟုတ်တော့လည်း ဟုတ်တာပဲ လေ။ သက်ပြင်းကိုချရင်း···

'မိန်းမ ညည့်နက်ပြီ အိပ်တော့နော်၊ စိတ်ချ လက်ချမောင့်လက် ခေါ်သာ အိပ်၊ မောင် မင်းကို ပစ်မသွားဘူး သိလား'

သူက ကျေကျေနပ်နပ်လေး ပြုံးရင်း ကျွန်တော့်ရဲ့ဘယ်လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင်းအုံးပြီး မျက်လုံးမှိတ်နေတယ်။ ဩော်... သူက ကျွန်တော်ပစ်သွားမှာကိုတွေးပြီး အိပ်မရဘူးတဲ့။ ခဏကြာတော့ နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်သွားတယ်။

အဲ... သူ အိပ်ပျော်သွားခါမှ ကျွန်တော်က သူ စိတ်နာပြီး ပစ်သွားမှာစိုးကာ မျက်လုံးကြောင်နေတယ်။ အခုတောင် သူ အတော် စိတ်နာနေပြီထင်တယ်။ သူစိတ်နာပြီး ကျွန်တော့်ကို ပစ်သွားမလား တွေးရင်း အိပ်မရတော့ပြန်ဘူး။ အတွေးတွေနဲ့အတူ မိုးလင်းသွားခဲ့ရပြန်တယ်လေ။

❖ ❖ ❖

မိန်းမသံသယကင်းအောင် ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလည်း ထူးထူးဆန်းဆန်း အိမ်ကပ်ချင်တာနဲ့ပဲ အိမ်ထဲနှစ်ရက်လောက် အောင်းလိုက်တယ်။ နှစ်ယောက်သား တပူးပူးနဲ့ ပလူးပလူးဖြစ်နေကြတော့ ညီမဖြစ်သူကတောင် မျက်စောင်းထိုးတယ်။

ဟိုနှစ်ကောင်ဆီက ဒါမှမဟုတ် ဖယားတွေဆီက ဖုန်းလာမှာစိုးလို့ ဖုန်းကိုပိတ်ပြီး အခန်းထဲပဲထားတော့တယ်။ မိန်းမရဲ့ ယုံကြည်မှုကိုရအောင်လေ။ မဟုတ်လို့ တစ်ယောက်ယောက်ဆီက ဖုန်းလာရင် ကွိုင်နေမယ်။ အိမ်မှာနေမှပဲ တစ်ခုခုကို ကျွန်တော် သတိထားမိသွားတယ်။ မိန်းမဟာ သူ့ကို အသေအချာစိုက်ကြည့်ရင် ရှက်တာလိုလို ဘာလိုလိုနဲ့ တစ်ခုခုကို မလုံတဲ့ပုံစံပဲ။

ပြီးတော့ ဘယ်တုန်းကတည်းက ကပ်ထားတယ်မသိတဲ့ ကလေးဖုံ ဝေါ်ရှိတွေကို မကြာခဏကြည့်ပြီး ပြုံးနေတာတွေ့ရတော့ သင်္ကာမကင်းဖြစ်လာတယ်။

'မိန်းမ မင်း မောင့်ကို တစ်ခုခုလျှို့ထားတယ် မဟုတ်လား'

'မောင့်ကို ဘာညာလို့လဲ'

www.burmeseclassic.com



ဒါနဲ့ ဘာမှမပြောတော့ဘဲ အသေအချာစိုက်ကြည့်တော့ မလုံမလဲနဲ့ မီးဖိုခန်းဘက်ဝင်သွားတယ်။ အထဲမှာ မိငြိမ်းနဲ့ ဘာတွေတွတ်ထိုးပြီးနေကြတယ်တော့ မသိ။ ခဏကြာတော့ မိငြိမ်း ထွက်လာလို့…

'ညီမလေး… ခဏလာဦး၊ မေးစရာရှိလို့'

'ဘာလဲ၊ မအားဘူး၊ ဘုံလုံသီးအစာသွပ်ဟင်းချက်တာ သင်နေတယ်၊ ပြော… မြန်မြန်'

'ဟွန်း… တစ်လေသံတည်းပဲ'

ကျွဲမြီးတိုသွားတယ်လေ။ အစ်ကိုအရင်းဘက် မပါဘဲ ယောက်မဘက်ပါနေတာကိုး။

'နှင့်မမလေ… ဟိုဟာ… အော့အန်တာ ဘာညာ နင်မြင်မိသေးလား၊ ပြီးတော့… ဆေးခန်းတွေဘာတွေသွားသေးလားဟင်'

မေးတော့… ဇဝေဇဝါပုံစံနဲ့ စဉ်းစားပြီးမှ ခေါင်းကိုတွင်တွင်ခါတယ်။

'ဟင့်အင်း… မတွေ့ပါဘူး၊ ဘယ်ဆေးခန်းမှလည်း မသွားဘူး၊ ဘာဖြစ်လို့လဲ ကိုကို'

'ဘာမှမဟုတ်ဘူး၊ ငါ့မျက်စိထဲမှာ နှင့်မမတစ်မျိုးဖြစ်နေလို့၊ ရပြီ၊ သွားတော့'

'ဟွန်း… ဘာမှန်းလဲမသိဘူး၊ သူများအလုပ်ရှုပ်အောင်'

ပေစောင်းစောင်းနဲ့ ဘုံလုံသီးတောင့်တွေယူပြီး အထဲပြန်ဝင်သွားတော့ ကျွန်တော် မေးပွတ်ရင်း စဉ်းစားတယ်။ ကလေးပုံတွေ ကပ်ထားတယ်ဆိုတော့ မရိုးသားတာတော့ အမှန်ပဲ။

မိန်းမဖြစ်သူကိုမေးလည်း ကလေးယူရင် အလှပျက်မယ်။ ဒါခို သူကိုပစ်သွားမှာစိုးပြီးပြောမှာမဟုတ်။ သူငယ်ချင်း ဆရာဝန်တစ်ယောက်ရဲ့ စကားကို ပြန်သတိရလို့ အကြံရသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



'မိန်းမရေ ခဏလာပါဦး'

'နေဦး၊ ဒီမှာ မပြီးသေးဘူး'

လှမ်းခေါ်တော့ အသံကြားရပြီး အတော်ကြာမှထွက်လာတယ်။ ကျွန်တော်က မိန်းမရဲ့ဗိုက်ကို မသိမသာ လှမ်းအကဲခတ်တော့ နဂိုအတိုင်း ပြားချပ်ချပ်လေးပဲ။

'ဘာလဲဟင်'

'လာပါဦး မိန်းမရယ် အဟဲ'

ခါးကနေ လှမ်းသိုင်းဖက်ရင်း ဗိုက်ကိုစမ်းကြည့်တော့ ပြားချပ်လေးပဲ။ အဲ... ထိုင်လိုက်မှ မသိမသာပူလာတယ်။ မေးစေ့ကို လှမ်းကိုင်ရင်း...

'ကြည့်စမ်း ငါ့မိန်းမ ပိန်သွားသလိုပဲ'

'ဟုတ်လို့လား၊ ဝလာတာများ... အဲတော်...'

ဘာမှမပြောဘဲ မျက်နှာကို အသေအချာကြည့်တော့ ပါးရိုးလေးတွေ ကျနေတယ်။ ဒါပေမဲ့ ဒါက အအိပ်ပျက်ရင်လည်း ကျတာပဲဆိုတော့ မသေချာပါ။

'မင်း... ခေါင်းလျှော်ထားလား၊ မွှေးနေတာပဲ'

'ဟယ်... မောင်နော် ဘာဖြစ်နေလဲလို့'

သူ့ရဲ့ဆံနွယ်စလေးတွေ လှမ်းကိုင်ရင်း အသေအချာကြည့်တော့ ခြောက်နေသလိုပဲ။ အဲ... ခြောက်ဆိုရေမှမစိုတာ။ သူ့ရဲ့ဆံပင်တွေကို နမ်းတော့ ရှက်နေတယ်။

ကျွန်တော်က ဆရာဝန်မဟုတ်တော့ အကဲမခတ်တတ်တာနဲ့ ခေါင်း ကုတ်လိုက်တယ်။ နောက်ဆုံးအကြံတစ်ခုပဲရှိတော့တယ်။ အဲဒါကတော့...

'ဘာလဲကွာ၊ လွှတ်... ဟိုမှာ ကလေးကိုဟင်းချက်တာ သင်ပေး နေတယ်၊ ဘာမှမဟုတ်ဘဲ ဟွန်း'

'မင်းကို မောင် ပြောစရာရှိလို့၊ မောင့်မျက်လုံးတစ်ဘက်အောင့်နေ တယ်'



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးရာကနေ မယုံသင်္ကာနဲ့ ကျွန်တော့်မျက်လုံးကို ဖြဲကြည့်တယ်။

'အဲဒါ ဆေးခန်းပြလေ'

'ပြပြီးပြီ၊ ဆရာဝန်က ဘာဆေးမှ ဝယ်စရာမလိုဘူး၊ ခင်ဗျား မိန်းမရဲ့ဆီးနည်းနည်းခတ်လိုက်ရင် ပျောက်တယ်တဲ့၊ အဲဒါ…'

သူ မျက်ပြူးလေးနဲ့ ကျွန်တော့်ကို ပြူးပြဲကြည့်ရင်း…

'ဟယ်… ဆရာဝန်ကလည်း ကြံကြံဖန်ဖန် ဟုတ်လို့လား'

'ဪ… ဟုတ်ပါတယ်ကွ၊ အဲဒါ ဗမာနည်းပဲ၊ မင်းဆီးသွားတဲ့ အခါ မျက်စဉ်းပုလင်းလေးနဲ့ နည်းနည်းထည့်ထားရင် ရပြီ'

'ကျွန်မ ငရဲကြီးမှာပေါ့၊ အဟိ… ခတ်ရင်း မတော်တဆ ပါးပေါ်က စီးကျ ပါးစပ်ထဲဝင်သွားမှ ခစ်… ခစ်'

'ဟာ… မဝင်ပါဘူးကွ၊ ဝင်တော့လည်းဘာဖြစ်လဲ၊ အဟဲ… ကိုယ့်မိန်းမပဲဟာ'

သူက ရှက်ပြီး ရယ်နေတယ်။ ကျွန်တော်က အကြံအောင်တော့မှာမို့ ကြိတ်ပြုံးလိုက်တယ်။

'မိန်းမ ထည့်ထားပေးနော်၊ နော်လို့'

'အခုလား'

'အင်း… တမင်တော့မလုပ်နဲ့၊ အဟဲ… ကြုံမှပါ၊ မေ့မနေနဲ့နော်၊ ဟဲ… ဟဲ… ဟဲ'

'မောင်နော် ဘာဖြစ်တာလဲလို့'

'ဟဲ… ဟဲ… ဟဲ… သဘောကျလို့ပါကွာ'

တဟဲဟဲ သဘောကျနေတဲ့ ကျွန်တော့်ကို မျက်စောင်းထိုးပြီး ဖိုခန်းထဲ ပြေးဝင်သွားတယ်။ ကြည့်ရင်းနဲ့ ဒီကောင်မလေးကို မြတ်နိုး တော့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်တဲ့ပုံစံနဲ့ ဖုန်းကိုပိတ်ရင်း ထိုင်ကျသွားတဲ့ယောက်မဖြစ်သူကို ကြည့်ပြီး ငြိမ်းငြိမ်းသနားသွားတယ်။ အရင်ရက်တွေတုန်းကလည်း ဒီလူက ဒီလိုပဲ ခဏခဏဆက်ပြီး ယောက်မဖြစ်သူကို နှောင့်ယှက်တာလား။ ကူညီတာလားတော့ မသိ။ ကိုကိုနဲ့ကောင်မလေးတစ်ယောက် ဘယ်နားမှာ ဘာလုပ်နေတယ်ဆိုတာကို ခရေစေ့တွင်းကျ ပြောပြတတ်တယ်။

'ဘယ်သူ့ဆီကလဲ မမ၊ ဟိုလူ့ဆီကပဲလား'

'ဟုတ်တယ်၊ သူက ညည်းကိုကိုရဲ့အတွင်းရေးတွေကို အတော်များများသိထားပုံပဲ၊ အခုလည်း ဒီနေ့ ညည်းကိုကို အပြင်ထွက်ရင် လိုက်ချောင်းပါတဲ့၊ ဟင်း… ဘယ်သူမှန်းလဲ မသိဘူး၊ စိတ်ရှုပ်လိုက်တာ'

ညည်းညည်းညူညူပြောတော့ ငြိမ်းငြိမ်းက အတော်ကြာကြာစဉ်းစားပြီးမှ…

'မမ သူ့ဖုန်းနံပါတ် ယူမထားဘူးလား'

'မရဘူးဟဲ့၊ လမ်းဘေးဖုန်းနဲ့ ပြောပြောနေတာ၊ သူ့ဖုန်းနံပါတ်သိမှာစိုးလို့ထင်တယ်၊ သေချာတာကတော့ ညည်းကိုကို အပေါင်းအသင်းတွေထဲက တစ်ယောက်ပဲနေမယ်၊ ဒါကြောင့် လူသိမခံတာ၊ စိတ်ညစ်တယ်ဟယ်၊ ငါ့မလည်း ယောကျ်ားလေးတစ်ယောက် ယူမိပါတယ်၊ ဒုက္ခတွေချည်းပဲ၊ အယောက်နှစ်ဆယ်သာယူရင်းလင်စိတ်သားစိတ်ပါကုန်မယ်'

ပြောတော့ ငြိမ်းငြိမ်း တအံ့တသြနဲ့…

'ဟယ်… မမက တကယ်ယူမလို့လားဟင်'

'သဘောပြောတာဟဲ့၊ အယောက်နှစ်ဆယ်နေနေသာသာ ညည်းအစ်ကိုနဲ့တင် ငါ သီလရှင်ဝတ်ချင်လာပြီ၊ ဟွန်း… ဘာပဲဖြစ်ဖြစ် ဒီသူသွားတာနဲ့ လိုက်ချောင်းမယ်'

ပြောတော့ မိငြိမ်းက မျက်နှာမဲ့သွားတယ်။

စိတ်ထဲမှာတော့ အစ်ကိုနဲ့ ကောင်မလေးတစ်ယောက် ပလူး



www.burmeseclassic.com

www.burmeseclassic.com



တုန်း ယောက်မဖြစ်သူက ခါးကြီးထောက်ပြီး 'ကိုမိုးလွင် ရှင် ဒါဘာလုပ်တာလဲ'လို့ပြောရင်း ရန်တွေ့။ နှစ်ယောက်သား ပြိုင်လုပြီး သကာလ ယောက်ျားဖြစ်သူက 'အတော်ရှုပ်တဲ့ မိန်းမပဲ'လို့ ပြောပြီး ဖနောင့်နဲ့ပေါက်လို့ ထိုင်ထိုင်ငိုနေမယ့် ယောက်မဖြစ်သူကိုမြင်ပြီး…

'မဖြစ်ပါဘူး မမရယ်၊ မမကလိုက်ချောင်းတယ်ပဲထား၊ ကဲ… ကိုကိုက သူ့ဟာမနဲ့ ပလူးနေပြီဆိုပါတော့ မမက ဘာလုပ်တတ်မှာမို့လဲ'

'အဲ… ဒါလည်းဟုတ်တာပဲ'

ဒါနဲ့ အံကြိတ်ရင်း အတွေးထဲမှာ ယောက်ျားဖြစ်သူနဲ့ ဟိုသူ့ရဲ့ အမြောင်မကို ဓားနဲ့မသေမချင်းထိုးသတ်နေတယ်။ ဒါပေမဲ့ မျက်နှာငယ်လေးနဲ့ တောင်းပန်နေမယ့် ယောက်ျားဖြစ်သူရဲ့ပုံကို မြင်ပြီး သနားသွားပြန်တယ်။ အတွေးထဲမှာတောင် မသတ်ရက်ဘူးဖြစ်နေတယ်။ သက်ပြင်းကို ဟင်းခနဲ ချပြီး ငိုင်သွားပြန်တယ်။

'ဟွန်း… မမ မပြောတတ်တော့ဘူး မဟုတ်လား၊ စိတ်ဆင်းရဲပြီး မျက်ရည်လေးတစမ်းစမ်းနဲ့ ပြန်လာရမှာပဲ မဟုတ်လား'

အထင်အမြင်သေးနဲ့ ပြောတော့ တင်းသွားတယ်။

'အို… ဘာလို့ငိုရမှာလဲ၊ ဟွန်း… ငါ့အပေါ်မကောင်းရင် ငါက ငြိမ်နေမယ်ထင်လား၊ နှစ်ယောက်လုံးမိလို့ကတော့ ငါ့လက်နဲ့ သတ်ပစ်မယ်'

'အဟိ… ဟုတ်လို့လား'

ဒေါသတကြီးနဲ့ ကြိမ်းဝါးပြပေမယ့် ယောက်မဖြစ်သူက မယုံဘဲ ရယ်နေတယ်။ ပိုတင်းသွားလေရဲ့။ ဒါနဲ့ လွယ်နေကျ စလင်းဘတ်အိတ်ကြီး ထဲ လက်နှိုက်ရင်း…

'ဟင်း… ဟင်း… နင်က ငါ့ကို အထင်သေးတယ်ပေါ့လေ၊ ငါက အချစ်ကြီးသလို အမျက်လည်းကြီးတယ်၊ ဒါဘာလဲ'

'ဟယ်တော်… ခစ်… ခစ်'



www.burmeseclassic.com

www.burmeseclassic.com



လက်ပြန်ထုတ်လိုက်တော့ မောင်းချခါးသေးသေးလေးပါလာတယ်။ ခလုတ်နှိပ်လိုက်တော့ ဓားပိစိလေးက ဂွပ်ခနဲ ထွက်လာလို့ မိငြိမ်းက ကြည့်ပြီးရယ်တော့တာ။

'ဟဲ့… ဘာရယ်တာလဲ'

မျက်နှာမဲ့နဲ့မေးတော့ မိငြိမ်းက အူတက်မတက်ရယ်ရင်း လက်ညှိုးထိုးကာ…

'ဟီး… ဟီး… ရယ်ရတယ်တော် မမရယ်… အဲဒီဓားပိစိလေးနဲ့ သွားထိုးရင် ကိုကိုက ရယ်မှာပေါ့'

'အဲ'

ဒါနဲ့ ဓားလေးကို ဖင်ပြန်ခေါင်းပြန် ပတ်ကြည့်နေတယ်။ ပြီးမှ မျက်နှာကြီးကို ပြန်မာလိုက်ကာ…

'အိုး…နင်ကသေးလို့ အထင်သေးတယ်ပေါ့၊ ဟွန်း… ဟိုသိုင်းစာအုပ်ထဲမှာတောင် ဝါးရွက်နဲ့ ထိုးသတ်လို့ရသေးတာပဲ၊ ဒီဓားလည်း ချက်ကောင်းထိရင် သေမှာပဲ'

'ဟိုဟာက စာအုပ်ထဲမှာ သေတာလေ၊ မမက တကယ်လုပ်ရမှာ၊ အဟီ… နေပါဦး ချက်ကောင်းဆိုတာ ဘယ်နားမှာ ရှိတာလဲ'

'ဘယ်နားလဲဆိုတော့…'

'အဟီး… ဘယ်နားမှာလဲ'

မိငြိမ်းက ထိုင်ပြောင်နေတာနဲ့ အံလေးကြိတ်ပြီး စဉ်းစားနေတယ်။ အောက်ပိုင်းမှာလား။ အထက်ပိုင်းမှာလားပေါ့။ အတော်ကြာကြာစဉ်းစားပြီးမှ…

'လည်ပင်းကိုထိအောင်ထိုးရင် သေတာပေါ့၊ ဟင်း… ဟင်း… တွေ့မယ်၊ ငါ့ကိုပေါ်တာမဆိုပြီး ခေါက်ခေါက်ထားခဲ့တာ၊ အတိုးမပေးရတိုင်း ဖွတ်လှည့်တတ်တဲ့ယောက်ျား၊ ဒီနေ့တော့ သင်းနဲ့အပြတ်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်… အဟုတ်… ခစ်… ခစ်'

လောင်ရယ်နေတဲ့ မိငြိမ်းကို မျက်စောင်းထိုးရင်း ရေချိုးဖို့ ပြင်နေတယ်။ မိငြိမ်းကတော့ သူ့ယောက်မပေါချာချာ ပေါ်တာမလေးကိုကြည့်ပြီး ခေါင်းရမ်းတယ်။

ဓားနဲ့ထိုးဖို့နေနေသာသာ မျက်စောင်းနဲ့တောင် မထိုးခဲ့တာ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

လေလေးတချွန်ချွန်နဲ့ ထွက်လာခဲ့တာ အိမ်ရှေ့ခန်းရောက်တော့ မိန်းမဖြစ်သူကို ပြင်ဆင်လျက်နဲ့ စောင့်နေတာတွေ့လို့ အံ့ဩသွားတာ။

'ဟင်… မိန်းမ… မင်း ဘယ်သွားဖို့လဲ'

'အမေတို့ဆီ မရောက်တာကြာပြီလေ၊ ရှင့်ကားနဲ့လမ်းထိပ်အထိ လိုက်မယ်'

'မောင် လိုက်ပို့မယ်လေ'

'နေပါစေ၊ အလုပ်ပျက်ပါတယ်'

သူ ငြင်းတော့ ကျွန်တော် သက်ပြင်းချလိုက်တယ်။ ဒီလိုပြင်ဆင်ပြီး အပြင်သွားတော့ စိတ်မချသလိုတောင် ဖြစ်လာတယ်။ ဒါက လူတိုင်းပါပဲ။ ကိုယ်သာပွေချင်ပွေမယ်။ ကိုယ့်မိန်းမကျတော့ အထိပင်မခံနိုင်အောင် တိုတတ်ကြတာ။

'လာလေ၊ သွားကြတာပေါ့'

ဒါနဲ့ သူ့လက်ကို လှမ်းကိုင်တော့ ရှောင်ထွက်ပြီး ရှေ့ကနေ လျှောက်တယ်။ အိမ်ပေါက်ဝထိုင်နေတဲ့ မိငြိမ်းကို အသေအချာမှာနေတယ်။

'မမ စိတ်ချမယ်နော်၊ ခြံတံခါးသော့ခတ်ထား၊ ကြားလား၊ ဘယ်သူ့ကိုမှ ဘယ်သူမှ ဖွင့်မပေးနဲ့'

'အင်းပါ၊ မမကိုလည်း ညီမ စိတ်ချမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောတော့ မိန်းမက ဘာမှမပြောဘဲ ရုပ်အမာလေးနဲ့ ကားထဲ ဝင်ထိုင်တယ်။

ကျွန်တော်က မိငြိမ်းကို ပြုံးပြပေမယ့် မျက်စောင်းထိုးပြီး တစ်ဘက် ကို လှည့်သွားတယ်။ ဘာမှကိုမပြောချင်တော့တာနဲ့ ကားပေါ်တက်ပြီး မောင်းထွက်လိုက်တယ်။ ကျွန်တော့်ကား ခြံထဲကထွက်သွားတာနဲ့ မိငြိမ်းက တံခါးပြေးပိတ်တာ တွေ့ရတယ်။

လမ်းထိပ်ရောက်တော့ ဘာမှမပြောဘဲ မိန်းမဖြစ်သူ ကားပေါ်က ဆင်းသွားတယ်။

'မောင် ညနေ စောစောပြန်ခဲ့မယ်နော်၊ သိလား၊ ညစာမစားနှင့်နဲ့ နော်'

အင်းမလုပ် အဲမလုပ် မျက်နှာပေလေးနဲ့ ရပ်နေတာနဲ့ ကျွန်တော် ထည်း ကားကိုမောင်းထွက်လိုက်တယ်။ ဘက်မှန်ထဲမှာ သူ့ရဲ့အရိပ်ကလေး ပျောက်သွားတော့မှ ကျွန်တော် သက်ပြင်းကိုချလိုက်တယ်။

ကြည့်ရတာ ကျွန်တော့်အပေါ် စိတ်ကုန်လာသလိုပဲ။ ကားကို မြောက်ဥက္ကလာပဘက် တည့်လိုက်တယ်။ ဒီနေ့တစ်နေကုန် ရှုပန်ဝေနဲ့ လျှောက်သွားကြမယ်။ ဘာရည်ရွယ်ချက်မှ မယ်မယ်ရရမရှိပေမယ့် သူနဲ့ လျှောက်သွားရတာ ပျော်တယ်။

သူပြန်သွားတဲ့ နောက်ဆို မိန်းမနဲ့အတူ လျှောက်သွားဖို့ စဉ်းစား ထားတယ်။ ဘာပဲဖြစ်ဖြစ် ဒီတစ်ယောက်ကိုတော့ ပေါ်တင်ကြီးမဖြတ်ရက် ပါ။ ရိုးရိုးအအ ပဲခူးသူမလေးမလို့လေ။

⊗ ၆ ⊗

'တက္ကစီ… တက္ကစီ'

မိုးလွင်ရဲ့ကားကလေး မနီးမဝေး ရောက်သွားတာနဲ့ ယိုင်ယယ်စိုး



www.burmeseclassic.com

www.burmeseclassic.com



အငှားကားတစ်စီးကို အတင်းတားပြီး ပြေးတက်လိုက်တယ်။ ဈေးတွေဘာတွေ မဆစ်အားပဲ…

'ဟိုရှေ့က ဖင်ကောက် ဗင်အဖြူလေးနောက်ကိုလိုက်၊ မြန်မြန်လေး၊ မျက်ခြည်မပြတ်စေနဲ့၊ အရမ်းလည်းမနီးစေနဲ့နော်'

'ဒါလောက်ဆိုသိပါတယ်ဗျ၊ ဟဲ… ဟဲ… ကျုပ်နိုင်ငံခြားကားတွေကို အသေအချာကြည့်ထားတာ၊ ဪ… ဒါနဲ့ အဲဒီကားထဲမှာ ဘယ်သူလဲဗျ'

ငါးခူနှုတ်ခမ်းမွေးနဲ့ ပုတက်တက်ကားသမားက ကြွားလုံးကောင်းကောင်းနဲ့ စပ်စုတာနဲ့…

'ကျွန်မ ယောကျ်ားလေ'

'ဟင်… ဒါဆို ဘာလို့တစ်ခါတည်းလိုက်မသွားတာလဲ'

'အို… ရှင်ဟာလေ လျှာရှည်လိုက်တာ၊ သူ့နောက်လိုက်တာ မသိစေချင်လို့၊ သိပြီလား၊ လိုက်ချောင်းတာရှင့်'

'ဪ… ရှုပ်လည်းရှုပ်ပါပေ့၊ ဒါနဲ့ဘာလို့လိုက်ချောင်းတာလဲဗျ… ဟင်…'

ငယ်ငယ်စိုး အတော်တင်းသွားပြီး…

'ကျွန်မယောကျ်ားတောင် မသိစေချင်ပါဘူးဆို၊ ရှင့်ကိုပြောစရာလား၊ ရှင့်ပါးစပ်ကို ပိတ်ထားရင်ကောင်းမယ်၊ မဟုတ်ရင် တခြားကားနဲ့ လိုက်မယ်'

'အဟီး… အဲလိုတော့ မလုပ်ပါနဲ့ဗျာ၊ ပိတ်ဆိုလည်း ပိတ်ထားပါ့မယ်ဗျာ၊ ဘာမှကို မပြောဘူး'

'ရှင့်ပါးစပ်ပိတ်ထားဆို'

'ပိတ်ထားပါတယ်ဗျ'

ငယ်ငယ်စိုး အံကြိတ်ပြီး ဘာမှမပြောတော့မှ ကားသမားလည်း



www.burmeseclassic.com

www.burmeseclassic.com



တိတ်သွားတယ်။ ပါးစပ်ဆက်ပိတ်ခိုင်းနေရင် စကားသံထပ်ကြားနေရမှာမို့လေ။ မိုးလွင်ရဲ့ကားလေး မြောက်ဥက္ကလာဘက်ချိုးသွားတယ်ဆိုရင်ပဲ ဂိတ်တိုမသွားတော့ဘူးဆိုတာ သိသွားပြီ။

အတော်ကြာကြာသွားပြီးမှ ရပ်ကွက်တစ်ခုထဲကို ချိုးဝင်သွားပြန်တယ်။ ခြံကျယ်ကြီးတစ်ခုရှေ့မှာ ရပ်ပြီး မကြာပါဘူး တော်တော်ချောတဲ့မိန်းမတစ်ယောက် ပြေးထွက်လာတယ်။ မိုးလွင်ကလည်း သွားဖြဲကြီးနဲ့ကားထဲက ထွက်လာပြီး တံခါးဖွင့်ပေးတယ်။ ရယ်ကာမောကာနဲ့ ပလူးနေကြတာကို ကြည့်ပြီး ငယ်ငယ်စိုး ဒေါသတွေထွက်လာတော့တာ။

မိုးလွင် ကားအမိုးပေါ်က ဆိုင်းဘုတ်ကိုယူပြီး ကားထဲပြန်ဝင်သွားတယ်။ မကြာပါဘူး။ မြောက်ဥက္ကလာထဲကနေ ပြန်ထွက်လာပြီး သံသုမာလမ်းအတိုင်း အတွင်းထဲ ပြန်ဝင်လာတယ်။

'သင်းက ဒါမျိုးတွေ အလွယ်ရလို့ ဒီကားမောင်းတဲ့အလုပ်ကိုခွာနိုင်တာကိုး၊ သိကြသေးတာပေါ့၊ ငယ်ငယ်စိုး ဘာကောင်မလဲဆိုတာ၊ သင်းသိရမယ်'

အတော့်ကိုပေါက်ကွဲနေလေရဲ့။ သူပွေတာကို သိရုံလေးသိပြီးမြင်ရရင် ဖြေသာသေးတာ။ အခု ကိုယ့်မျက်စိရှေ့တင်ဆိုတော့ တိုနေတော့တာ။

မိုးလွင်ကလည်း ကားမောင်းရင်း စကားတွေ ဖောင်ဖွဲ့နေတယ်။ ဒူယန်ဝေကတော့ ဘက်မှန်ထဲကနေကြည့်ရင်း မနီးမဝေးက ကားကိုတွေ့တော့ပြုံးတယ်။

'တီ... တီ... တီ'

ဒီတုန်းမှာပဲ ဒူယန်ဝေဖုန်းက မြည်လာတော့ အသံကိုနှိမ့်ပြီး ပြောတယ်။

'ဟဲလို... အင်း... သိတယ်၊ ကျွန်မ တွေ့တယ်၊ ဒါပဲ၊ ဒါပဲ'

www.burmeseclassic.com



ပြောလို့ ဖုန်းပြန်ပိတ်လိုက်ကာ မိုးလွင်နဲ့ စကားပြန်ပြောနေတယ်။ ငယ်ငယ်စိုးတို့ကားရဲ့နောက် မနီးမဝေးမှာ ဆလွန်းကားတစ်စီး လိုက်နေတယ်။ ကားထဲက ငနဲက တစ်ချက်ပြုံးပြီး ဖုန်းကိုပိတ်လိုက်တယ်။

ငယ်ငယ်စိုးကတော့ ဒါကိုမသိပါ။ လောလောဆယ် ယောက်ျား ဖြစ်သူကို နည်းနည်းဒေါသထွက်နေပြီ။ ဘေးက ကောင်မကိုလည်း သတ်ပစ်ချင်နေတယ်။

ဒီလိုနဲ့ ပလာဇာရှေ့ရောက်တော့ ပါကင်ထဲကားရပ်ပြီး အထဲဝင်သွားကြတယ်။ ငယ်ငယ်စိုး ကားခကို အမြန်ရှင်းပြီး အတင်းလိုက်တယ်။

ကောင်မလေးက မိုးလွင်ရဲ့လက်မောင်းကိုတွဲပြီး အတော်လေးကို ပွတ်သီးပွတ်သပ်နဲ့ ကလေးတစ်ယောက်လို နှုတ်ခမ်းစူကာ ခြေဆောင့်ကာနဲ့။ ဟိုဟာ ပူဆာ၊ ဒီဟာပူဆာနဲ့လေ။ ဖလန်းဖလန်းကို ထနေရောပဲ။

မိုးလွင်ကလည်း သွားဖြဲကြီးနဲ့ အကျေနပ်ကြီးကျေနပ်နေတယ်။ ငယ်ငယ်စိုးကတော့ အသားတဆတ်ဆတ်တုန်တဲ့အထိ စိတ်ဆိုးပြီး အံကြိတ်ထားတယ်။ ကောင်မလေးက တစ်ချက်တစ်ချက် လှည့်လှည့်ကြည့်တယ်။

ဒါပေမဲ့ မိုးလွင်ရဲ့မိန်းမဆိုတာ သိပုံမရပါ။ ငယ်ငယ်စိုးကတော့ မိုးလွင်မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနဲ့ နောက်ယောင်ခံလိုက်တယ်။ ပလာဇာထဲ ဆိုင်စေ့ဝင်လိုက်ထွက်လိုက်နဲ့ လမ်းသလားနေကြပြီးမှ ပြန်ထွက်သွားကြပြန်တာနဲ့ ငယ်ငယ်စိုးလည်း ယောင်တောင်တောင်နဲ့ လိုက်ရပြန်တယ်။

အပြင်ရောက်တော့ သူတို့က ကားအဆင်သင့်ရှိပေမယ့် ငယ်ငယ်စိုးက ကားရှာငှားရပြန်တယ်။ ဒါပေမဲ့ မျက်ခြည်တော့မပြတ်ပါ။ မြို့ထဲဘက်ကို ကားသုံးစီးဟာ ပြေးတမ်းလိုက်တမ်း ဆော့နေတာလို သွားနေကြတယ်။ မိုးလွင်ကားရဲ့နောက်မှာ ငယ်ငယ်စိုးရဲ့ အငှားကား၊ နောက်ဆုံးမှာတော့ ဆလွန်းကားအဖြူလေးက မျက်ခြည်မပြတ် လိုက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ရွှေတိဂုံဘုရားကိုရောက်လာကြပြန်တယ်။ ထုံးစံအတိုင်း မိုးလွင်တို့အတွဲက လူမြင်မကောင်းအောင်ကို ပလူးပြနေကြတယ်။ ငယ်ငယ်စိုးကတော့ အံတကြိတ်ကြိတ်နဲ့ လိုက်တယ်။

ဘုရားကို တစ်ပတ်လောက်ပတ်ပြီးတဲ့အခါ တူယှဉ်တွဲပြီး အပြုံးလေးတွေနဲ့ ကန်တော့ကြတယ်။ စောင်းတန်းတစ်ခုရဲ့ အရိပ်မှာ ထိုင်ပြီး နှစ်ယောက်သား စကားပြောနေကြပြန်တာနဲ့ ငယ်ငယ်စိုး အကွယ်ကနေ ချောင်းနားထောင်နေပြန်တယ်။

'ကို... ဘာဆုတွေတောင်းလဲဟင်'

အနားကပ်ထိုင်ပြီး လက်မောင်းကို ပယ်ပယ်နယ်နယ် ဖက်ကိုင်ရင်း မေးတော့ မိုးလွင်ကလည်း သွားဖြီးကြီးနဲ့...

'သြော်... ချစ်တဲ့သူနဲ့ ရိုးမြေကျပေါင်းရပါစေ ဆုတောင်းတာပေါ့ အဟဲ... ဟဲ'

ပြောတဲ့စကားကို ကြားပြီး ငယ်ငယ်စိုး ပေါက်ကွဲသွားကာ တီးတိုး ပြောတယ်။

'ဟွန်း... ပေါင်းရမှာ ပေါင်းကိုပေါင်းရမှာ နင်တို့နှစ်ယောက်လုံး ငါ့လက်ချက်နဲ့ အရိုးမြေကိုကျပြီး နောင်ဘဝထိ ပေါင်းရမယ်'

ဟိုနှစ်ယောက်ကတော့ မသိဘူး။ သူတို့ဘာသာ ရယ်မောရင်း ပြောနေကြတယ်။

'မင်းရော ဘာဆုတောင်းလဲဟင်'

'အင်း... ကျွန်မက လူလိမ်လူညာတွေနဲ့ မတွေ့ပါစေနဲ့လို့ ဆုတောင်းတယ်၊ သိလား၊ လူလိမ်တွေဆို အရမ်းမုန်းတာ၊ သတ်ပစ်ချင်တယ်'

စကားတွေကို ကြားတယ်ဆိုရင်ပဲ မိုးလွင်မျက်နှာပျက်သွားတယ်။ ငယ်ငယ်စိုးက မဲ့ရွဲ့သွားပြီး...

'ဟွန်း... ညည်းဘေးကကောင်က လူလိမ်လူညာ၊ နင်သတ်ပါလား၊ ဘာလို့မသတ်လဲ ကောင်မရဲ့'



www.burmeseclassic.com

www.burmeseclassic.com



မကြားအောင် တီးတိုးပြောမှတော့ ဘယ်သူကကြားမလဲ။ ကောင်မလေးက ငယ်ငယ်စိုးဘက်ကို တစ်ချက်လှည့်ကြည့်ရင်း ပြုံးသွားတယ်။

'ကို… နေပူတယ်ကွာ၊ ကန်တော်ကြီးထဲ သွားကြမယ်၊ အဲဒီမှာ အေးတယ်'

'အဟဲ… ဟဲ… ကောင်းတယ်၊ မင်းဗိုက်ဆာပြီလား'

'အင်း… အဲဒီကိုရောက်မှ စားကြမယ်'

ဒါနဲ့ပဲ ဘုရားပေါ်က ဆင်းသွားကြပြန်တာနဲ့ ငယ်ငယ်စိုးလည်း လိုက်ရပြန်တယ်။ မိုးလွင်ကိုလည်း မာယာများတဲ့လူဆိုပြီး စိတ်အတော်ကို ဆိုးနေပြီ။

ကန်တော်ကြီးထဲရောက်ပြန်တော့လည်း ဟိုနှစ်ယောက်က ထိုင်ခုံတစ်ခုမှာ ထိုင်ပလူးနေကြပြန်တယ်။

ငယ်ငယ်စိုး ကိုယ့်ယောက်ျားကိုယ်ပြန်ချောင်းရင်း ဒေါသတွေ အလိပ်လိုက်တက်လွန်းလို့ ထားစရာနေရာတောင် မရှိတော့ဘူး။ ကိုယ့်မျက်စိရှေ့တင် ဖြစ်နေပေမယ့် သွားရန်တွေ့ဖို့ အခွင့်မရှိပါ။

ပြီးတော့ လူတော သူတောထဲ မိုးလွင်ရော ကိုယ်ပါ အရှက်ကွဲမှာဆိုတော့ ပညာရှိနည်းနဲ့ အောင့်အီးနေရတယ်။ ကြာလာတော့ သူတို့ကို မကြည့်ချင်တော့တာနဲ့ မျက်နှာကို လွှဲပြီး ကျောခိုင်းထားလိုက်တယ်။

မိငြိမ်းပြောသလိုပဲ ဘာမှမလုပ်ရဲတော့ အံကြိတ်ရင်း ဒေါသမျက်ရည်တွေကျနေတယ်။ ဒါကိုမြင်ပြီး တခြားသစ်ပင်ဘေးကပ်ချောင်းနေတဲ့ လူက ပြုံးလိုက်ကာ ဖုန်းခေါ်လိုက်ပြန်တယ်။

ပလူးနေကြတုန်း ဖုန်းမြည်လာတော့ ဇူပန်ဝေက ခဏဆိုတဲ့သဘောနဲ့ လက်ကာပြပြီး ထသွားတယ်။ မိုးလွင်မကြားနိုင်တဲ့ နေရာရောက်မှ…

'ဟဲလို… ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဟဲ… အနေအထားကတော့ အတော်လှနေပြီ၊ ဟိုတစ်ယောက် လိမ့်နေတာပဲ၊ ဒီထက်ပိုကဲပြလိုက်၊ သေချာတာကတော့ သူတို့လင်မယား တွဲချင်ကွဲ၊ မကွဲရင် မိုးလွင် ခေါင်းကွဲဖို့မြင်နေပြီ'

တစ်ဘက်က အသံကိုကြားတော့ ရူပန်ဝေ ပြုံးလိုက်ကာ…

'ဟွန်း… ဒီလိုပဲ ဖြစ်ရမယ်၊ ကျွန်မကို ဒီလိုလာကြောလို့ကတော့ ဒီလူ တစ်သက်လုံး နောင်တရသွားစေရမယ်၊ ဟင်း… ဟင်း'

'ညီမ… မင်း ဟိုကောင့်အထိအတွေ့နဲ့ မျောသွားဦးမယ်၊ သတိထား၊ ဒီကောင်က ဒါမျိုးဆို သိပ်မာယာများတာ၊ အကိုင်အတွယ် အပြောအဆိုကလည်း သိပ်ညက်တာ'

'စိတ်ချ၊ သူ မဟုတ်တာလုပ်ရင် ကျွန်မ အိတ်ထဲကဓားနဲ့ တွေ့သွားမယ်'

'အိုကေ… ဒါပဲ'

ရူပန်ဝေက မျက်နှာမာကို ပြန်ပြင်လိုက်ရင်း မိုးလွင် ဘေးသွား ပြန်ထိုင်ကာ စောစောကထက်ပိုကဲပြလိုက်တယ်။ ငယ်ငယ်စိုး ကျောခိုင်းပြီး အကြာကြီးမနေနိုင်တော့ ပြန်ကြည့်ရင်း ဒေါခွီးနေတော့တာ။

အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်နဲ့ အတော့်ကို ခံနေရ သေးရဲ့။ ဟိုနှစ်ယောက်က စားသောက်ဆိုင်တစ်ခုထဲဝင်ပြီး ကလူကျီစယ် ရင်း စားသောက်နေကြပေမယ့် ငယ်ငယ်စိုး စားချင်သောက်ချင်စိတ်တွေ မရှိဘဲ အံကြိတ်ထားတယ်။

အတွေးထဲမှာ နှစ်ယောက်စလုံးကို သေနတ်နဲ့တေ့ပြီး အချက် ပေါင်းများစွာ ပစ်နေတယ်။ ဒါပေမဲ့ အပြင်မှာတော့ မနာလိုစွာနဲ့ပဲ ချောင်း ကြည့်နေရတော့တာ။

ကန်တော်ကြီးထဲက ပြန်ထွက်လာကြတော့လည်း ငယ်ငယ်စိုး လွင်နောက်လိုက်။ ငယ်ငယ်စိုးနောက်ကိုတစ်ယောက်က ထပ်လိုက်နဲ့။ ညီးတန်းကိုရောက်လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးလွင်ရဲ့ တိုက်ခန်းဆီကို သွားနေတာလေ။ အခန်းက သုံးလွှာမှာ ရှိတယ်။ ကားကိုရပ်ပြီး ဆင်းလိုက်ကတည်းက ဖူပန်ဝေ ရင်ထိတ်သွား တယ်။

'လာ… အပေါ်မှာ ကိုယ့်သူငယ်ချင်း အခန်းရှိတယ်၊ ခဏဝင်ရ အောင်'

'ဟင်… ဟိုလေ'

ဖူပန်ဝေက ငြင်းမယ်ကြံပြီး ဘေးဘီကိုဝေ့ကြည့်လိုက်တော့ အကွယ်ကိုဝင်သွားတဲ့ ငယ်ငယ်စိုးကို ဖျတ်ခနဲ တွေ့လိုက်လို့ ပြုံးပြီး…

'ခဏပဲနော်'

'အင်းပါကွာ၊ အဟဲ… စိတ်ချ၊ မင်းဆန္ဒမပါရင် ငါ ဘာမှမလုပ် ဘူး'

'ပြီးတာပဲ'

ဒါနဲ့ပဲ လှေကားပေါ် တက်လိုက်ကြတယ်။ ဖူပန်ဝေ ရင်အတော် ခုန်နေတယ်။ မိုးလွင်ကို ခိုးကြည့်လိုက်တော့ ရုပ်တည်နဲ့ပဲ။ အခန်းရှေ့ ရောက်တော့…

'ဩ်… ဒီကောင် ဘယ်သွားနေလဲ မသိဘူး၊ ကိုယ့်မှာသော့ အပိုပါတယ်၊ အဟဲ… ခဏဝင်ကြမယ်'

ပြောရင်း မိုးလွင်က သော့ကို ဖွင့်နေတော့ ဖူပန်ဝေ အံလေးကြိတ် ထားတယ်။

အခန်းထဲရောက်တော့ ဖူပန်ဝေ မျက်နှာလေး အတော်ငယ်သွား တယ်။ ကိုယ်တိုင်ကိုက မိုးလွင်ရဲ့ အထိအတွေ့ကို သာယာမိနေတာဆို ဆိုဖာမှာ အသာအယာဝင်ထိုင်တော့ မိုးလွင်က အနားကပ်ထိုင်ရင်း ဖူပန်ဝေ မေးစေ့ကိုကိုင်ပြီး သူ့ဘက်လှည့်ကာ…

'မင်းက အရမ်းချစ်ဖို့ကောင်းတာပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း... ဟင့်အင်းနော်'

ပြောရင်း နှုတ်ခမ်းချင်း ကပ်လာလို့ ငြင်းတယ်။ ဒါပေမဲ့ အတော်ကြာတဲ့အထိ မျက်နှာနှစ်ခုက ပြန်မခွာဖြစ်။ စူပန်ဝေ အိတ်ထဲကစားကို ထုတ်ဖို့နေနေသာသာ သတိပင် မရတော့ပါ။ ရုတ်တရက်ဆိုသလို မိုးလွင်က အထိတ်တလန့်ပုံစံနဲ့ လူချင်းခွာလိုက်တယ်။ သူ့မျက်နှာ သူ့လက်နဲ့ အုပ်ရင်း...

'တောင်းပန်ပါတယ်ကွာ၊ ငါ... ငါမှားတော့မလို့'

'ရ... ရပါတယ်၊ ရှင်နဲ့က ချစ်သူတွေပဲ၊ ဒါလောက်တော့ အဟင်း'

ပြောပြီးရှက်လို့ ခေါင်းငုံ့သွားတယ်။ စိတ်ထဲမှာတော့ အတော်လေးကို ဝမ်းသာသွားတယ်။ မဟုတ်ရင် ကိုယ်ကလည်း သာယာနေမိတာဆိုတော့ မလွယ်ကြောလေ။ မိုးလွင်က သက်ပြင်းကိုချပြီး...

'ပြန်ကြမယ်နော်'

'အင်း'

တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြတယ်။ အဲ... အောက်မှာကတော့ ငယ်ငယ်စိုးတစ်ယောက် စလင်းဘတ်အိတ်ထဲက မောင်းချစားကိုထုတ်ပြီး အံကြိုးကြိတ်ထားတယ်။ လှေကားရင်းမှာ အပေါ်ကို မော့ကြည့်လိုက် လှေကားကို တက်လိုက်ဆင်းလိုက်နဲ့ အရူးမလေးကျနေတာပဲ။

'တောက်... ငါ သွားသတ်ရမယ်၊ နှစ်ယောက်လုံးကို သတ်ပြီးမှ ငါထောင်ကဲဝင်မယ်'

ဆုံးဖြတ်လို့ လှေကားပေါ်တက်ပြီးတစ်ခါ...

'မဖြစ်ဘူး၊ ဒါဆို ငါ့ကလေးကို ထောင်ထဲမှာ မွေးရမှာ၊ ဟင့်အင်း ကလေးဒုက္ခမရောက်စေရဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဆို… တစ်ခါပြန်ဆင်းလာလိုက် ဖြစ်နေတယ်။ ချစ်စိတ်နဲ့ စာနာစိတ်ဟာ အားပြိုင်ရင်း ဝေခွဲမရဖြစ်နေတယ်။ ခဏကြာမှ အံကြိတ်ရင်း ဓားကို ကျစ်ကျစ်ဆုပ်ကာ…

'ငါ့အပေါ် မကောင်းတဲ့လူ၊ ပြီးတော့ ဒီလိုလူမျိုးတွေရှိနေရင် တို့မိန်းကလေးတွေအတွက် အန္တရာယ်ပဲ၊ ဒီတော့ အားလုံးအတွက် သတ်ပစ်ရမယ်၊ ဟုတ်တယ်'

ဆုံးဖြတ်ချက်ကိုချပြီး ပြေးတက်သွားတယ်။ ဒါပေမဲ့ ဒုတိယထပ် အရောက်မှာပဲ မိုးလွင်တို့ ပြင်ဆင်းလာတာကို တွေ့ပြီး ကပျာကယာပြန်ဆင်းလာကာ အူယားဖားယားနဲ့ လှေကားခုံအောက်ဝင်ပုန်းတယ်။

ဟိုနှစ်ယောက်က မြေညီထပ်ရောက်တော့ ရပ်စကားပြောကြသေးတယ်။

'ကို… အိမ်ပဲပြန်ပို့တော့နော်'

'အင်း… မင်း ငါ့ကို စိတ်ဆိုးနေလားဟင်'

'မဆိုးပါဘူး၊ ဒါပေမဲ့ ရှင် အတော်ထိန်းသိမ်းနိုင်တာပဲ၊ ရှင့်ကို ပိုချစ်သွားပြီ'

စကားတွေကို ကြားပြီး ငယ်ငယ်စိုး အံကြိတ်လိုက်တယ်။ ဟိုနှစ်ယောက် ကားနဲ့ထွက်သွားမှ လှေကားအောက်က ထွက်လာပြီး အိမ်ပြန်ဖို့အတွက် ကားငှားနေတယ်။

ဆက်လိုက်စရာမှ မလိုတော့တာလေ။

❖ ❖ ❖

ခြံတံခါးဖွင့်ပေးလိုက်တော့ ယောက်မဖြစ်သူက ရှင်းမျော မျောအထုပ်တစ်ခုကို လက်ကဆွဲ၊ တစ်ဘက်က စလင်းဘက်အိတ်ကြီး လွယ်ပြီး ပေစောင်းစောင်းနဲ့ အိမ်ထဲဝင်သွားတယ်။ မိငြိမ်းက ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရမ်းလိုက်ရင်း ထုံးစံအတိုင်း မျက်ရည်ကျပြီး ပြန်လာပြီလို့ တွေးလိုက်တယ်။ ဧည့်ခန်းထဲမှာ ငယ်ငယ်စိုးက ဘယ်ဘက်လက်ဝါးကို ညာလက်သီးနဲ့ ထိုးရင်း အံကြိတ်နေတယ်။

မိငြိမ်း သွားထိုင်တော့လည်း စကားတစ်ခွန်းမှ မပြောဘဲ မျက်နှာမာကြီးနဲ့နေတယ်။ မိငြိမ်းက မနေနိုင်တော့တဲ့အဆုံး…

'မမ အခြေအနေ ဘယ်လိုလဲ'

'နင့်အစ်ကိုကို ငါ ကြောက်သွားပြီ၊ ငါ သူနဲ့မပေါင်းတော့ဘူး၊ ကွာမယ်၊ သင်းကိုရွံလည်းရွံတယ်၊ ကြောက်လည်းကြောက်သွားပြီ'

မခံမရပ်နိုင် လေသံနဲ့ပြောတော့…

'ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပြလေ'

ဒါနဲ့ပဲ အဖြစ်အပျက်တွေအားလုံးကို နာနာကျည်းကျည်းပြောပြတော့ မိငြိမ်းက ငြိမ်နားထောင်နေတယ်။ စကားဆုံးတော့မှ ခေါင်းကိုရမ်းရင်း…

'အင်း… ဒီအတိုင်းဆို ကိုကိုက ဖွန်ကြောင်တဲ့ ဘာသာရပ်ကို တော်တော်ကျေညက်နေတာပဲ'

ငယ်ငယ်စိုးက မျက်နှာမဲ့သွားပြီး…

'ဘယ်ကလာ၊ ညည်းကိုကိုက ဖွန်စတော်လောဂျစ်လို့ခေါ်တဲ့ ထူးချွန်းကျင်အဆင့်၊ တစ်ဘက်ကမ်းတင်မဟုတ်ဘူး၊ နှစ်ဘက်ကမ်းပါခတ်နေတဲ့ ပညာရှင်ဖြစ်နေပြီဟဲ့'

နှစ်ယောက်သား ကြဲကြဲဖန်ဖန်တွေပြောရင်း တိတ်သွားကြတယ်။ ခဏကြာမှ…

'မမရယ်… တစ်ခါတည်းနဲ့ ကွာတော့မကွာပါနဲ့၊ သူ လိမ္မာလာမှာပါ'

'ဘာတစ်ခါတည်းလဲ၊ ငါ့ကိုညာတာ အခါတစ်ရာမကတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဟင်… ဘာလိမ့်မှာလာမှာလဲ၊ ပိုပိုပြီး လိမ်ပြီး ပိုပိုပြီး ယုတ်မာလာတာ၊ မရဘူး၊ ငါက ပြတ်ဆိုပြတ်ပဲ၊ ဟွန်း… ငါက လုပ်ရင်အပြတ်ပဲ'

ပြောလေ စိတ်တိုလေဖြစ်လာတာနဲ့ မိငြိမ်း ငြိမ်သွားတယ်။ စကား လမ်းကြောင်းပြောင်းတဲ့ သဘောနဲ့ စားပွဲပေါ် သတင်းစာနဲ့ ပတ်ထားတဲ့ ဟာကို လက်ညှိုးထိုးကာ…

'မမ… အဲဒါဘာလဲဟင်'

မေးတော့ မျက်နှာကြီး ပိုမာလာပြီး…

'ဘာကမှာလဲ၊ ညည်းပြောပြောနေတဲ့ အကြမ်းနည်းကို သုံးဖို့ ဝယ်လာတာ၊ ဈေးထဲမှာ ဒါအကြီးဆုံးပဲ'

ပြောလည်းပြော၊ သတင်းစာကို ခွာလိုက်တော့ တဝင်းဝင်း တပြောင်ပြောင်နဲ့ စတီးလ်ဓားမကြီးတစ်ချောင်း။ အတော့်ကို ကြီးပါတယ်။

'ဟင်… ဓားမကြီး ဝက်ခုတ်ဓားမကြီး'

မိငြိမ်းက အလန့်တကြားနဲ့ တအံ့တသြ ကိုင်ကြည့်တော့ အချိန် စီးသလို အပြားကလည်းကြီးပါ့။

ငယ်ငယ်စိုးက မျက်နှာမာကြီးနဲ့ ဓားမကြီးကိုယူ။ သိုင်းကားတွေ ထဲကလို လေထဲတဝှီးဝှီးလှည့်ရင်း…

'ဒါလောက်ဆို ဒီငနာ မရယ်နိုင်တဲ့အပြင် အော်ပါပြေးမှာ၊ ဟင်း… ဟင်း… ငါ အမဲသားခုတ်ဖို့ပြောပြီး ဝယ်လာတာ၊ ညည်းအစ်ကိုကို စဉ့်နှီ တုံးပေါ်တင်ပြီး နုတ်နုတ်ပါအောင် စင်းပစ်ရမယ် ဟွန်း'

ကြိမ်းဝါးတယ်ဆိုရင်ပဲ မိငြိမ်း ပါးစပ်လေးလက်အုပ်ရင်း ဖက်လေး ပုသွားတယ်။ ပြီးမှ မဝံ့မရဲမေးတယ်။

'မမ… တကယ်လုပ်မှာလားဟင်'

'ဟင်း… ဟင်း… တကယ်လုပ်ဖို့ တကယ်ဝယ်လာတာပေါ့'

မာန်ပါအောင် ရယ်ပြီးပြောတော့…



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုက စဉ်းနှီတုံးပေါ်တင်ပေး… အဲလေ တက်အိပ်ပါ့မလား ဟင်'

'အင်'

မိငြိမ်းရဲ့ စကားကိုကြားတယ်ဆိုရင်ပဲ ဓားမကြီးကိုကြည့်ရင်း ကြောင်နေပြီးမှ…

'အို… ဘာဖြစ်လဲ၊ ဒီဓားနဲ့ လိုက်ပိုင်းမှာပေါ့၊ သင်းကို ဘယ်နား ထိထိ တစ်ချက်လောက်တော့ ထိအောင်ပိုင်းရမယ်၊ သူပြန်လာရင် မိန်းမရေ ဘာညာဆိုပြီး အနားလာကပ်ထိုင်ရင် ငါပြုံးနေမယ်၊ အေး… လစ်ပြီဆိုတာ နဲ့ အဲ… ဘယ်နားကိုပိုင်းရင် ကောင်းမလဲဟင်… ညီမ'

ဓားမကြီးကို လက်နှစ်ဘက်နဲ့ ရွယ်ကာရွယ်ကာနဲ့ မေးတော့ မိငြိမ်း ထလည်း မျက်လုံးဝိုင်းလေးနဲ့…

'သိဘူးလေ'

'ဟွန်း… ဘာမှကို အားမကိုးရဘူး'

မိငြိမ်း မျက်စောင်းထိုးပြီးမှ…

'အင်း… လည်ပင်းကို ခုတ်ရင် ခေါင်းကြီးကလွင့်ပြီး သွေးတွေက တစ်ခန်း ငါ့ကိုလာစင်မယ်၊ အဲ… ဒါဆို ငါကလည်း သတ္တိကောင်းတော့ သွားလန့်ပြီး သေသွားနိုင်တယ်၊ ဒါဆို ဒီငနာနဲ့ သရဲဘဝအထိ နဘန်းချနေ မယ်၊ မဖြစ်ဘူး၊ အောက်နည်းနည်းချမှ'

'ဟုတ်တယ် မမ၊ နည်းနည်းအောက်ချ'

ဓားမကြီးကိုင်ပြီး ပိုင်ပိုင်နိုင်နိုင်ကြီး ပြောနေတာနဲ့ မိငြိမ်းပါ အားရ ပြီး ဝင်ထောက်တော့…

'ဟင်း… ဟင်း… အသက်သေရင် ငါထောင်ကျမယ်၊ ဒီတော့ ..င်းကို အသေမသတ်ဘဲ ဒုက္ခိတဘဝပြောင်းပေးရမယ်၊ ဒီဘက်ခြေ(က်) ..င်းရင်းကနေ ခုတ်ချရင် လက်ကပြုတ်ကျသွားမယ်၊ သူ မျက်ပြူးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အော်နေတုန်း အောက်လက်မောင်းတစ်ဘက်ကို ဖြတ်ချ၊ ဖြတ်ပါပြီဗျလို့ သံကုန်ခြစ်အော်တာကို မိန့်မိန့်ကြီး ကြည့်ပြီး အားပါးတရရယ်၊ ဟား… ဟား… မကောင်းဘူးလား'

ပြောနေတာကိုက တကယ်လုပ်မယ့်ပုံဆိုတော့ မိငြိမ်း ကြောက်ပြီး ငြိမ်ကုပ်နေတယ်။ ငယ်ငယ်စိုး ရယ်ရင်းတန်းလန်းနဲ့ ဓားကြီးကိုရမ်းနေတယ်။ အဲ… ပြီးမှ ဓားရမ်းတာရော ရယ်တာရော ရပ်ပြီး…

'မဖြစ်သေးဘူး၊ ဒါဆို ကိုယ့်အတတ်ကိုယ်စူးပြီး၊ ဒီဒုက္ခတကြီးကို ငါက တစ်သက်လုံးပြုစုသွားရမှာ၊ မဖြစ်ဘူး၊ ငါ ဝဋ်ကြီးမယ်၊ သူက ဇီဇာက အကြောင်သား၊ ဒီတော့ အောက်နည်းနည်းချမှ'

'အောက်နည်းနည်းကျတာ ကောင်းတယ်'

'အင်း… အောက်နည်းနည်းချရင် ဗိုက်၊ ဗိုက်ကို ဘယ်ညာနှစ်ချက်စလွယ်ပိုင်းလိုက်ရင် ကြက်ခြေခတ်ပုံစံ အစင်းရာကြီးတွေ ပေါ်လာမယ်၊ ခဏကြာမှ တဖြည်းဖြည်းအပေါက်ကြီးတွေပေါ်ပြီး ကလီစာတွေထွက်ကျလာမယ်၊ မဖြစ်ဘူး၊ ငါက ဝက်ကလီစာဆို အသေကြိုက်တာ၊ အဲဒါတွေမြင်ရင် မစားချင်ဘဲ ဖြစ်သွားမယ်၊ ဒီတော့…'

'မမ အောက်နည်းနည်းချ၊ အဟီ… ဒါ အကောင်းဆုံးအကွက် အကွင်းပဲ'

'အဲ'

မိငြိမ်းက အတို့အထောင်ဝင်လုပ်တာနဲ့ စိတ်ထဲကနေ အောက်နည်းနည်းချကြည့်ပြီး…

'ဟင်… မဖြစ်ဘူး၊ ဒါဆို ငါပိုဒုက္ခရောက်ပြီ'

'အဟီ… ဘာလို့လဲ'

မေးတော့ အလိုက်တာဆိုတဲ့ စတိုင်နဲ့ မျက်စောင်းထိုးပြီး…

'လူတစ်ကိုယ်လုံးမှာ ဒီနေရာက အရေးကြီးဆုံးပဲ ဟဲ့… ဒါတောင် မသိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဘာလဲဟင်'

'ခါးရိုးပြောပါတယ်၊ တစ်ကိုယ်လုံးကို ဒီခါးရိုးကြီးက ထိန်းထားတာ၊ ဒီခါးရိုးကို ခုတ်လိုက်လို့ အောက်တစ်ပိုင်းသေသွားမှ ငါပိုပြီး ဒုက္ခရောက်မှာ၊ ဟိုနားဖြင့်လည်း ချိုပြီးသယ်ရ ဒီနားဖြင့်လည်းပိုးပြီးသယ်ရနဲ့ ဒုက္ခချည်းပဲ၊ မဖြစ်ဘူး၊ အောက်နည်းနည်းဆင်းမှ'

'ဆက်ဆင်းတော့'

'အင်း… ဆက်ဆင်းတော့ကွာ၊ အဲ…'

အတော်ကြာတဲ့အထိ ဓားကို ကြည့်လိုက် မျက်လုံးလေး တလည်လည်နဲ့ တွေးလိုက်နဲ့ ချိန်ဆနေပြီးမှ…

'အဟား… သိပြီ၊ သင်းမကမြင်းနိုင်အောင် ဖြတ်ပစ်လိုက်ရင် ငါလည်း စိတ်အေး၊ သူလည်း ဘယ်သွားနိုင်တော့မလဲ၊ ဟား… ဟား… ဖြတ်ပစ်ရမယ်'

'ဘာကိုလဲဟင်'

'ဒူးခေါင်း… ဟုတ်တယ်၊ သင်းကို ဒူးနှစ်ဘက်ကနေ တိတိရိရိ ဖြတ်ထားလိုက်ရင် ဘယ်မှလားလား လားလား မသွားနိုင်ဘူးလေ၊ ဒါဆို ငါ့မျက်စိရှေ့ကနေ သင်း ဘယ်ပြေးမလဲ၊ ဟဲ… ဟဲ… ဟဲ'

ဓားကြီးကိုဖက်ပြီး သူ့အကြံနဲ့သူ သဘောကျနေတယ်။ မိငြိမ်းက ကြည့်ပြီး မဲ့ရွဲ့သွားတယ်။ သူလား ခုတ်မှာ။ အခုတောင် တဖြည်းဖြည်း ခေါင်းကနေ ဆင်းသွားလိုက်တာ ခြေထောက်ရောက်သွားပြီလေ။ လေနဲ့ပိုင်းတာတောင် သေကွင်းသေကွက်တွေ ရှောင်ပိုင်းနေမှတော့။ လက်တွေ့တကယ်ခုတ်မှာမဟုတ်ဘူးတွေးနေတယ်။ ဒါပေမဲ့ မြှောက်ပေးတယ်။

'ကောင်းတယ်၊ မမ အကြံက နှစ်ချက်ခုတ်မှ နှစ်ချောင်းလုံးပြတ်အဆိုပေမယ့် တကယ့်နေရာဆိုတော့ သူ အခြေမနိုင်ဘဲ မမကိုပဲ အားကိုး



www.burmeseclassic.com

www.burmeseclassic.com



နေရမှာ၊ ဒူးလောက်ကပြတ်တာဆိုတော့ မမလည်း ဒုက္ခမရောက်နိုင်ဘူး အဟိ’

‘ဘာ’

တစ်မျိုးတွေးပြီး ထအော်တော့မှ…

‘ဗိုးချဲ… အဟဲ… အဲဒါပေါ်တင်ပြီး သူသွားချင်တဲ့ဆီ တွန်းသွား ရုံဆိုတော့ မမဒုက္ခမရောက်တော့ဘူးလို့ ပြောတာ’

ပြောတော့ အတော်ကြာကြာ အံလေးကြိတ်စဉ်းစားပြီး…

‘အေးနော်၊ သင်းကို ဒူးလောက်ကဖြတ်ရင် ဗိုးချဲနဲ့ ခြံထဲဆင်းပြီး လမ်းကကောင်မတွေကို ကြောင်နေဦးမယ်၊ အင်း… အထက်နည်းနည်းဖြ တက်ရင် ဟင့်အင်း မကောင်းဘူး၊ ဒီထက်ပိုပြီးပေါင်တိုသွားရင် ကြည့် မကောင်းဘူး၊ ဒီအနေအထားက မဆိုးဘူး၊ မသကာ သင်းကို အိမ်ထဲ သော့ခတ်ထားရင် ဖြစ်ပြီ၊ ကဲ… ပြောတာကြာတယ်၊ ပြန်လာမှ ငါ့လက် စွမ်းပြရသေးတာပေါ့၊ ဒါနဲ့ ညီမ ငါခုတ်တဲ့အချိန်မှာ နင် ဝင်ဆွဲနော်’

‘အင်… ပြောတော့ အပြတ်ဆို၊ ဘာလို့ဆွဲရမှာလဲ၊ ဆွဲဘူး’

မိငြိမ်းက ရုပ်တည်နဲ့ပြောတယ်ဆိုရင်ပဲ မျက်နှာငယ်လေးနဲ့…

‘ဟယ်… ဆွဲပါဟယ်၊ မတော်ချက်ကောင်းထိလို့ သေသွားရင် ဘယ်နှယ်လုပ်မလဲ’

‘သနားရင်လည်း ဘာလို့ခုတ်မလဲ’

‘ဟဲ့… သနားလို့မဟုတ်ဘူး၊ ကလေးအဖေမရှိဖြစ်နေမှာစိုးလို့’

ပြောတော့ မိငြိမ်းက ပြုံးပြီး…

‘အို… သူသေသွားလည်း ကလေးအဖေ နောက်တစ်ယောက် ဖို့ အချိန်ရှိပါသေးတယ်၊ အဟိ… ဟုတ်ဘူးလား မမရဲ့’

‘ဘာ… ငါက အဲလိုမိန်းမလား၊ ဟွန်း… ကောင်းပြီ နင်မ ရင် ဒီဓားမက နင့်အတွက် ဖြစ်သွားမယ်’



www.burmeseclassic.com

www.burmeseclassic.com

'အယ်'

မျက်နှာမာကြီးနဲ့ပြောတယ်ဆိုရင်ပဲ မိငြိမ်းက ဇက်လေးတို့သွားတယ်။ ယောက်မဖြစ်သူ တစ်ဘက်လှည့်သွားမှ တခိခိနဲ့ ကြိတ်ရယ်နေလေရဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျွန်တော် အိမ်ခြံထဲကားရပ်ပြီး အိမ်ထဲအပြေးကလေး ဝင်ခဲ့တယ်။ မိန်းမဖြစ်သူကို ညစာအတူစားဖို့ မှာထားခဲ့လို့လေ။ ဧည့်ခန်းထဲမှာ ထိုင်နေတဲ့ မိန်းမကို တွေ့တော့ သူ့နားသွားကပ်ထိုင်ပြီး…

'မိန်းမ စောင့်နေတာ ကြာပြီလား၊ အဟဲ… မောင်နည်းနည်း နောက်ကျသွားတယ်၊ ဘာဟင်းချက်လဲဟင်'

'အဟင်း… ဟင်း'

ပိုပိုသာသာလေးပြုံးပြရင်း မိန်းမရဲ့ ဆိုဖာအောက်ချထားတဲ့ လက်ပြန်မြှောက်တက်လာပြီး…

'ဒီဟင်းချက်ထားတယ်၊ ရှင့်အတွက် စပါယ်ရှယ်'

'ဟိုက်'

လက်ထဲပါလာတဲ့ ဓားမကြီးကို မြင်ပြီး ကျွန်တော် ခေါင်းနပန်းကြီးသွားတယ်။ သူက ကြောင်ကြည့်နေတဲ့ ကျွန်တော့်ကို ခုတ်ဟန်ပြင်ပြီးမှ မခုတ်ဘဲ လက်ကို အမြင့်ကြီးမြှောက်လို့…

'ကဲ… သေပေတော့၊ ဟဲ့… မိုငြိမ်း… လာလေ'

'မိန်းမ… မင်း… မှားမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုထဲက မိုင်ငြိမ်းပြေးထွက်လာပြီး ဓားကိုင်လက်ကို ဆွဲမှ မျက်နှာမာကြီးနဲ့ ခုတ်မယ် တကဲကဲလုပ်တယ်။

'မမ... ခုတ်... ခုတ်... အဲလေ... လွှန်မယ်'

'လွှတ်... ဒီလူယုတ်မာကို ငါသတ်မယ်၊ လွှတ်'

ကျွန်တော် ပျာပျာသလဲ မတ်တပ်ရပ်ရင်း ပြေးဖို့ချောင်းတယ်။ သတ္တိက နဂိုကောင်းပြီးသားဆိုတော့ မျက်လုံးကို ပြူးနေရောပဲ။

'မိန်းမ မှားမယ်၊ မောင့်မှာ ဘာများအပြစ်ရှိလို့လဲကွာ၊ ဟင်... မင်းယောက်ျားလေ'

'ဘာ... ဘာအပြစ်ရှိလဲ၊ ဟုတ်လား၊ ဟွန်း... ကားကြီးတစ်စီး လုံးမြင်တာတောင် ကားဘီးရာရှာခိုင်းနေသေးတယ်'

'မမ... ဆင်နဲ့ကား မှားနေတယ်'

ပြောတော့ ဓားမကြီးမြှောက်ထားရတာ ညောင်းလို့ထင်တယ်၊ အောက်ကို ပြန်ချရင်း...

'ဟဲ့... ဆင်က ရှားသွားပြီ၊ တိရစ္ဆာန်ရုံထဲတောင် မတွေ့တော့ဘူး၊ အမြင်ကိုပြောရင်ဘာ၊ အဲ...'

နောက်မှဓားကြီးကို ပြန်မြှောက်ပြီး ကျွန်တော့်ဘက်လှည့်လို့ မျက်ပြူးလေးနဲ့...

'ရှင့်နောက် တစ်နေ့ကုန် ကျွန်မ လိုက်ချောင်းနေတာ၊ အရှက်ကို တစ်စက်မှမရှိဘူး၊ ဟင်... ကောင်မတစ်ယောက်နဲ့ လျှောက်လိမ့်နေတာ'

'ဟင်... မင်းလူမှားတာပါကွာ'

'ဘာ'

ကြောင်လိမ်တယ်ဆိုရင်ပဲ သူက အံကြိုးကြိတ်ပြီး ကျွန်တော့်ကို အသေသတ်တော့မယ့်ပုံနဲ့...

'ဟင်... ဒီလောက်မျက်နှာပြောင်တိုက်တဲ့လူ ငါ့ကို မျက်တွေ အထပ်ထပ်ပေးပြီး ကွယ်ရာကမြင်းတဲ့အကောင်၊ လာပြီ၊ လာ...'



www.burmeseclassic.com

www.burmeseclassic.com



'အား… ကြောက်ပါပြီဗျ'

စကားလည်းဆုံးရော မိငြိမ်းက လက်ကိုလွှတ်လိုက်တော့ ဓားမကြီးက ကျွန်တော့်မျက်နှာနဲ့ နီးလာလို့ မကြောက်ရှာပါဘူး။ ငယ်သံပါအောင် အော်ပြီး အခန်းထဲပတ်ပြေးတယ်။

'ရှင်… ဘယ်ပြေးတာလဲ၊ လာခဲ့၊ ဒီလောက်ဗွေဖောက်တဲ့ဟာ ဖြတ်ပစ်မယ်၊ ခြေထောက်ကို'

'ကြောက်ပါပြီဗျ'

'မမ… ခုတ်… မီအောင်လိုက်ခုတ်… အဲလေ'

မိငြိမ်းကလည်း အတင်းလိုက်ဆွဲတယ်။ အိမ်ထဲဆူညံနေတော့တာ။ ကြံရာမရတဲ့အဆုံး ခြံထဲဆင်းပြေးတယ်ဆိုရင်ပဲ…

'ဩော်… ရှင်က မယားငယ်ဆီ ပြေးမယ်ပေါ့၊ ဟင်… ဒီအတိုင်းတော့ ရှင် အကောင်းအတိုင်းရောက်မယ်ထင်လား၊ လာပြီ… ဟိုင်းယား'

'အား… လုပ်ကြပါဦးဗျ၊ ကယ်ကြပါဦး'

'မမ… ခြံအပြင်ပြေးပြီ၊ လိုက်… လိုက်'

ဓားမကြီးရမ်းပြီး အိမ်ထဲကလွှားဆို တစ်ချက်ခုန်လိုက်လို့ ကျွန်တော့်ဆီးရောက်လာတာနဲ့ ခြံပြင်ကို အော်ပြေးရတော့တာ။ သူကလည်း ဘယ်ကတည်းက ငြိုးထားတယ် မသိ။ ဓားကြီးကို ဝင့်ပြီးအတင်းလိုက်တယ်။

'ဘာဖြစ်တာလဲ၊ ဘာလဲ'

ဟိုဟိုဒီဒီက လူတွေ ရုတ်စိရုတ်စိနဲ့ လမ်းပေါ်ရောက်ပြီး ဝိုင်းကြည့်ကြတာနဲ့ ကျွန်တော် ဝမ်းသာပြီး…

'လုပ်ကြပါဦးဗျ၊ ကယ်ကြပါဗျာ၊ ကျွန်တော့်မိန်းမ ဓားနဲ့လိုက်ခုတ်နေလို့ပါ'

'ဟင်… ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



လူတွေက အံ့ဩတကြီးနဲ့ ကျွန်တော့်မိန်းမကို ဝိုင်းတားမယ်ကြံ တုန်း…

'ဖမ်းထားကြပါရှင်၊ အဲဒီလူ မယားငယ်ထားလို့ သတ်ချင်လို့ပါ၊ ဖမ်းထားကြပါ'

'ဟာ… ဒါတရားတယ်၊ ဖမ်း… ဖမ်း'

'ဟ… ဖယ်ကြပါဗျ၊ လွှတ်… လွှတ်'

လူတွေများ သိသာလိုက်ကြတာ။ ကျွန်တော်ပြောတော့ ကြောင်နေပြီး ကျွန်တော့်မိန်းမအသံကြားတော့ ကျွန်တော့်ကို ဝိုင်းဖမ်းထားကြတယ်။ အင်းလေ လေဒီဖပ်စ်မဟုတ်လား။ ဒါနဲ့ပဲ အနားရောက်လာတော့ ကျွန်တော် ပြေးမရတော့ပါ။ သုံးလေးယောက်ကြား ယက်ကန်ကန်ဖြစ်နေတဲ့ ကျွန်တော့် ကို စိမ်းစိမ်းကြီး ကြည့်ပြီး ဓားမကြီးကို မြှောက်ကာ…

'လူယုတ်မာ သေပေတော့'

'မမ… မှားမယ်နော်၊ မှားမယ်'

မိငြိမ်းက ပြေးအဆွဲ လုရင်းယက်ရင်းနဲ့ ဓားက အသွားပြောင်း ပြန်လန်သွားကာ ကျွန်တော့်နဖူးကို အနှောင့်နဲ့ ဖွပ်ခနဲ လာဆောင့်တာများ… အရှိန်ကမသေးတော့ အသံက အောင်မှအောင်။

'အား… သေပါပြီဗျ'

'ဟယ်… ထိသွားပြီတော့်'

နဖူးက သွေးတွေ ရဲခနဲထွက်လာတာကိုမြင်တာနဲ့ ဝိုင်းဖမ်းပေးတဲ့ လူတွေကလန့်ပြီး လွှတ်လိုက်ကြတယ်။ ကျွန်တော်လည်း ကြယ်တွေ လတွေကို ဂရုမစိုက်အားပဲ ခွက်ခွက်လန် ပြေးရတော့တာ။

'ဟာ… ဟိုကောင် ခေါင်းထိသွားတာတောင် မသေဘူး၊ သွေး ရူးသွေးတန်းနဲ့ ပြေးပြီ'

'အေး… မိန်းမကြီး မတ်တတ်ဓားကြီးကိုင်ပြီး ရှိတာတောင် အမြင်းတဲ့အကောင် သေတာတောင် နည်းသေး'



www.burmeseclassic.com

www.burmeseclassic.com



'ရှေ့ကနေ ကားတည့်တည့်တိုက်ပါစေတော်'

ဘေးက မိန်းမတွေရဲ့ မေတ္တာပို့သံ ပွက်ညံညံတွေ တဖြည်းဖြည်း ဆေးကျန့်ခဲ့တယ်။ လှည့်ကြည့်တော့ ကျွန်တော့်မိန်းမကို လူကြားထဲ ဖေးကြီး ကိုင်ရပ်နေတာ တွေ့ရတယ်။

ကျွန်တော်လည်း ကားငှားပြီး နီးရာဆေးခန်း အမြန်ပြေးရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး ရှက်စိတ်နဲ့ ကြောက်စိတ်ပေါင်းမိပြီး တုန်နေ တယ်လေ။

❖ ❖ ❖

ငယ်ငယ်စိုး မျက်နှာငယ်လေးနဲ့ ထိုင်မှိုင်နေတယ်။ တကယ်တော့ ဒီအခြေအနေအထိ မရည်ရွယ်ခဲ့ပါ။ ယောကျ်ားဖြစ်သူကို ကြောက်လန့်ရုံ လုပ်တာ။ ဒါပေမဲ့ ပတ်ဝန်းကျင်က လူတွေ ကောင်းမှုနဲ့ အခုဆို ယောကျ်ား ဖြစ်သူ ဖုန်းလည်းမဆက်ရဲသလို အိမ်ပြန်မလာတာလည်း တစ်ပတ်ကျော် သွားပြီ။ ကိုယ့်ဘာသာ မျက်ရည်ခံထိုးတာမှ တော်ဦးမယ်။

အခု ကြမ်းပြလိုက်မှပဲ မယားငယ်ဆီ တန်းရောက်သွားပြီလား တွေးရင်း ငိုချင်လာတယ်။

'မမ ကိုကို့ကို သတိရနေပြီလားဟင်'

မိငြိမ်းက မေးတော့ ကြောင်တောင်တောင်လေး ကြည့်ပြီး ဘာမှ မပြောဘဲ ငြိမ်နေတယ်။

'သတိမရနဲ့၊ မမက အနေသာကြီးပဲ၊ ဟုတ်ဘူးလား'

အားပေးစကားပြောတဲ့ မိငြိမ်းကို တွေတွေလေးကြည့်ကာ...

'ညီမ... မမ... လွန်သွားပြီလားဟင်၊ သူ ဒဏ်ရာတွေတော် များသွားတယ် ထင်တယ်၊ ဒုက္ခပဲ၊ အဟင့်၊ ငါ့ဘာသာနေတာ အကောင်း သား၊ ကြမ်းပြလိုက်မှပဲ၊ ယောကျ်ားက ပြန်မချစ်တဲ့အပြင် ဆုံးပြီနဲ့တူပါရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း… နောက်ဆုံးဒါပဲ'

မျက်နှာငယ်လေးနဲ့ မျက်ရည်ကျလာတာနဲ့ မိငြိမ်း မြင်ပြင်း ကပ်သွားတော့တာ။

'အဲဒါ နင်မြှောက်ပေးလို့ ဖြစ်ရတာ'

'ဟင်… ဘာမှလည်း မဆိုင်ဘူး'

'ဘာမဆိုင်ရမှာလဲ၊ နင်ပဲ အကြံမိုးနည်းသုံးဆိုပြီး အခုကြမ်းပြ လိုက်တာ၊ အိမ်ကို ပြန်မလာတော့ဘူး၊ သွားပြီ၊ နဂိုကမှ မချစ်ဘူးဆို အခုတော့ သူ့အတွက်ကောင်းသွားပြီပေါ့၊ အိမ်က ဘီလူးမကြီးဆီ မပြန်တော့ ဘူးကွာ၊ ငါ့အငယ်လေးဆီပဲ သွားတော့မယ်ဆို ကတောင်နေဦးမှာ၊ အဲဒါ နင့်ကြောင့်… နင့်ကြောင့်…'

မိငြိမ်း ဘာမှမပြောတော့ဘူး။ ငယ်ငယ်စိုးက မျက်ရည်ကို သုတ် လိုက်ပြီး အံကြိတ်လိုက်တယ်။

ဒါကြောင့် လူကြီးတွေက သူချစ်ကို ရှာလို့ ပြောကြတာ။ သူက ချစ်တော့ ကိုယ့်အနှံ့အတာခံမယ်။ အခုကိုယ်ကချစ်ပြီး ကိုယ်ချစ်တဲ့သူကို ရှာမိလို့ ဒုက္ခဖြစ်ပြီလို့ တွေးနေတယ်။ နောက်ဆုံး အံကိုကြိတ်ပြီး ဆုံးဖြတ် ချက်တစ်ခုကို ချလိုက်တယ်။

'အေးလေ… သူမှ ငါ့ကို မချစ်တာ၊ မပေါင်းချင်ဘဲ အောင့်အီး ပေါင်းနေတာနေမှာ၊ ဟင်း… ကောင်းပါတယ်၊ သူချစ်တဲ့လူနဲ့ ပေါင်းတော့ လည်း ငါသဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ပေးရမှာပေါ့၊ ဘယ်တတ်နိုင် မလဲ၊ ငါနဲ့ပေါင်းကံက ဒါလောက်ပဲပါတာကိုး'

ပြောတော့ မိငြိမ်းက…

'မဟုတ်တာပဲ မမရယ်၊ ဒါဆို မမ ဗိုက်ထဲက ကလေးကို ဘယ်လိုလုပ်မလဲ'

မေးတော့ သက်ပြင်းချရင်း…



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လဲ၊ ငါ့ဘာသာမွေးလည်း ရတာပဲ၊ ငါက သူ့ရဲ့ပါရမီ ဖြည့်ဖက် သက်သက်ပါပဲ၊ ဟင်း… သမ္မုလလိုပေါ့၊ ကျုန်စစ်သားမိန်းမ ဘယ်လောက်ယူယူ မငြူစူခဲ့ဘဲ ရာဇကုမာရ်ကို ရအောင်မွေးခဲ့တယ်၊ ငါ လည်း သမ္မုလကို အတုယူပြီး…'

ဆက်မပြောနိုင်တော့ဘဲ နှုတ်ခမ်းလေးကို ကိုက်ထားတော့ မိငြိမ်း က မဲ့ရွဲ့ရင်း…

'ဟွန်း… မမက သမ္မုလထုံး နှလုံးမူပေမယ့် မွေးလာတဲ့ ကလေး က မိန်းကလေးဆို တော်သေးတယ်၊ ယောကျ်ားလေးဆို ဘာဖြစ်မလဲ'

'ဘာဖြစ်လို့လဲ'

'ဟွန်း… ဘာဖြစ်ရမလဲ၊ ရာဇကုမာရ်လို သဘောထားကောင်း ရင် ဟုတ်သေး၊ အဓာတသတ်လို ကိုယ့်အဖေကိုယ်ပြန်သတ်ရင် တရားခံ ဟာ မမပဲ'

'အန် … ဒါလည်းဟုတ်တာပဲ'

ပြောတာလည်း ဟုတ်နေတော့ ဘာပြန်ပြောရမယ် မသိဖြစ်နေ တယ်။ နဲ့တဲ့ နဲ့တဲ့ အိမ်ပေါက်ဝသွားထိုင်ရင်း ခြံဝကို မျှော်နေတယ်။ ပြန်မလာဘူးဆိုတာ သိနေပေမယ့် တွေ့လို တွေ့ငြားပေါ့။

မိငြိမ်းက သက်ပြင်းကိုချပြီး ခေါင်းကိုရမ်းလိုက်တယ်။ စိတ်ထဲ မှာတော့ အစ်ကိုဖြစ်သူ တစ်နေ့မဟုတ် တစ်နေ့ ပြန်လာမယ်ထင်ထားတယ်။

❖ ❖ ❖

ကျွန်တော် အတော့်ကို လေနေခဲ့ပါတယ်။ ရှက်စိတ်နဲ့အတူ ကျွန်တော့် အခန်းထဲပဲ အောင်းနေခဲ့တယ်။ ဖြတ်သန်းခဲ့တဲ့ အချိန်တွေ့အတူ ကျွန်တော့်ရဲ့ အခန်းထဲမှာ ပုလင်းခွံတွေချည်းပဲ။ မကောင်းသတင်းဆိုတာ ပျံ့နှံ့လွယ်တော့ မြင့်မိုးနဲ့ သိန်းဝေ ကျွန်တော့်ဆီ ရောက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမသုံးလေးရက်တော့ ဝမ်းနည်းတဲ့အထိမ်းအမှတ်နဲ့အတူ ဘီယာဆိုင်မှာချည်းပဲ။ နောက်တော့ သူတို့မရောက်လာကြတော့ဘူး။ ဒီတော့ ကျွန်တော် အဖော်မဲ့တစ်ယောက်တည်းပေါ့။ ကျွန်တော့်ဘေးမှာ ကျွန်တော့် မိန်းမရှိတုန်းက မသိခဲ့ မခံစားခဲ့ရဖူးတဲ့ အထီးကျန်ဆန်ခြင်းဟာ သူနဲ့ဝေးမှပဲ တော်တော်ဆိုးဝါးတယ်ဆိုတာ သိခဲ့ရတယ်။

တကယ်တော့ ကျွန်တော် မကောင်းတာပါ။ သူ့ကို ဘယ်လိုမှကို အပြစ်မယူဘူး။ ပိုပြီးတော့တောင် ချစ်လာသလို သူနဲ့ဝေးမှာကို ပိုကြောက်လာတယ်။

အထီးကျန်ဆန်ခြင်းနဲ့အတူ နေ့ရောညပါ အရက်ကို အဖော်ပြုနေခဲ့တာ။ ဖုန်းလည်းမဆက်ရဲသလို ဒီတစ်ကြိမ်တော့ ကျွန်တော့်မျက်နှာပြောင်ကြီးနဲ့ အိမ်မပြန်ရဲတော့ဘူး။

အခုချိန်မှာ ကျွန်တော့်ဇယားတွေထဲက တစ်ယောက်ယောက်နဲ့ ပျော်လို့ရတယ်။ ဒါပေမဲ့ ဇူယန်ဝေကစပြီး တခြားကောင်မလေးတွေ အဆုံး ဘယ်သူ့ကိုမှ သတိမရတော့ဘဲ ကျွန်တော့်မိန်းမကိုပဲ တွေ့ချင်မြင်ချင်နေမိတော့တာ။

အေးလေ… သူ့ခမျာလည်း သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်ဆုံးသွားပြီထင်ရဲ့။ ကျွန်တော် အရှေ့ခန်းဆိုဖာပေါ် ပက်လက်လှန်ရင်း ဟင်းလင်းပွင့်နေတဲ့ တံခါးပေါက်ကို ကြည့်နေမိတယ်။ နဖူးကနာလို့ မှမ်းကြည့်လိုက်တော့ ချုပ်ရိုးဖြေထားပြီး ပတ်တီးမသုံးဘဲ ပလာစတာကပ်ထားတဲ့ ဒဏ်ရာကို စမ်းမိတယ်။

အမှတ်တရ ဒဏ်ရာလို့ တွေးမိပြီးပြုံးတယ်။ မတော်တဆ မှန်ကွဲနဲ့ ခြစ်မိတာပြောပြီး ဆေးခန်းမှာ ငါးချက်ချုပ်လိုက်ရတယ်။ ဒီဒဏ်ရာက နာလေ မိန်းမကို သတိရလေပဲ။ မဖြစ်နိုင်မှန်းသိပေမယ့် ကျွန်တော့်မိန်းမ ပြန်လာမလားရယ် တွေးပြီး အခန်းတံခါးကို အမြဲဖွင့်ထားခဲ့တယ်။ ဒါပေမဲ့ပေါ့ဗျာ…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခက်ခက်ခဲခဲထပြီး ရေစားပွဲပေါ်က ပုလင်းကိုဆွဲမော့လိုက်မိတယ်။ ကိုယ့်မျက်နှာပြန်စမ်းကြည့်တော့ အတော်ချောင်သွားသလို နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေလည်း အတော့်ကို ရှည်နေပြီ။ အိပ်ပျက်ညတွေ များသလို အစားအသောက်လည်း မမှန်ပါ။ ကိုယ့်ဘာသာဒဏ်ခတ်တဲ့သဘော။

ထိုင်နေတုန်း နားထင်တွေထိုးလာလို့ ခေါင်းကိုငုံ့ပြီး နားထင်နှစ်ဘက်ကို ဖိရင်း စုပ်သပ်မိတယ်။ ကျွန်တော့်မိဘတွေကို မဆက်သွယ်ရဲသလို ကျွန်တော့်ကိုလည်း ဘယ်သူမှ မဆက်သွယ်ကြပါ။ ကြည့်ရတာ စိတ်နာသွားကြပြီထင်တယ်။ အဖေကတော့ အမွေဖြတ်မယ့်ပုံ။ ဒါဆို ကျွန်တော် ဘဝကြီးဟာ စုတ်ပြတ်သွားပြီ။ ဒါပေမဲ့ ဂရုမစိုက်ပါ။ ခုချိန်မှာ အရေးကြီးဆုံးက ကျွန်တော့်မိန်းမပဲ။ မိန်းမကပွဲပြီး တခြားဘာမှစိတ်ထဲမရှိဘူး။

'ဟင်'

ခေါင်းငုံ့နေတုန်း ခြေသံကြားလို့ စောင်းကြည့်တော့ ခြေတစ်စုံကို တွေ့ရတယ်။ ခွာမြင့်လေးစီးထားလို့ ကျွန်တော့်မိန်းမထင်ပြီး အားရဝမ်းသာ မော့ကြည့်တော့…

'ဘယ်လိုလဲရှင့်၊ ရှင့်ပုံစံက မယုံနိုင်လောက်အောင် စုတ်ပြတ်နေပါလား… အပင်း…'

'နူပန်ဝေ'

ကျွန်တော် စိတ်ပျက်ပြီး ပြန်ထိုင်ကျသွားတယ်။ အခုချိန်မှာ သူ့ကိုလည်း မမြင်ချင်ပါ။ သူက ကျွန်တော့်ဘေးကပ်ထိုင်ရင်း မျက်နှာကိုပြုံးကြည့်ကာ…

'ကဲ… ပြောပါဦး၊ အရင်လို ကျွန်မကို ဘယ်လောက်ချစ်ကြောင်း၊ ပြီးတော့…'

'တော်ပါတော့ကွာ၊ ငါ တောင်းပန်ပါတယ်၊ ငါ မင်းကိုမချစ်ဘဲ အပျော်ကြံခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခတတ်အတော်ကျနေတာနဲ့ အမှန်အတိုင်း ဝန်ခံတယ်။ အခုချိန် သူ မကျေနပ်လို့ သတ်သွားလည်း နားအေးတာပဲ။ သူက ပြုံးနေတော့ ကျွန်တော် အခန်းဝကို တစ်ချက်အကြည့်ရောက်သွားတဲ့အချိန်မှာ မိန်းမဖြစ် သူကို ဖျတ်ခနဲတွေ့ပြီး ဖျတ်ခနဲ ပြန်ပျောက်သွားတယ်။

ကျွန်တော် အမူးလွန်လို့ အမြင်မှားတာပဲဖြစ်မှာပါ။

'သိတယ်၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို အဖြေပေးပြီးမှ ကိုမြင့်မိုးပြော ပြလို့ ရှင်ဟာ လူပွေဆိုတာ သိခဲ့ရတာ'

'ဩော်... မြင့်မိုး ပြောပြတာကိုး၊ ကောင်းပါတယ်၊ ဒါဆို မင်းက သူ့ခယ်မ ဆရာဝန်မပေါ့'

ကျွန်တော့်အတွက် အခုချိန်ဟာ ဟန်ဆောင်အံ့သြပြနေစရာ မရှိပါ။

'ဟုတ်တယ်၊ အစ်မဆီ မနေချင်လို့ အဒေါ်အိမ်မှာ နေတာ၊ တကယ်ပြောရရင် ရှင့်ကို ကျွန်မ ချစ်မိခဲ့တယ်၊ ရှင့်မှာ မိန်းမရှိတာ သိပြီးတဲ့ နောက် တော်တော်ခံပြင်းသွားခဲ့တယ်၊ ဒါနဲ့ ရှင့်ကို ရှင့်မိန်းမနဲ့ မရရအောင် ခွဲပြီး'

'အဟဲ... ဘာလဲ၊ မင်း ယူမယ်ပေါ့'

ကျွန်တော်က ရွဲ့မေးတော့ သူက ပိုပြုံးလိုက်တယ်။

'ကျွန်မက သူများယောက်ျားကို လုရလောက်အောင် အဆင့်မရှိတဲ့ မိန်းမမဟုတ်ဘူး၊ ရှင် သားကွဲမယားကွဲဖြစ်ပြီး ရှင့်ဘဝကြီး စုတ်ပြတ်သတ် သွားအောင် လုပ်ဖို့ ကျွန်မ ရှင့်ကို လှည့်စားခဲ့တာ၊ ကိုမြင့်မိုးကလည်း ရှင့်ရဲ့မကောင်းတဲ့အကျင့်တွေကို ချုတ်ချင်လို့ ကျွန်မတို့နှစ်ယောက်ပေါင်းပြီး ရှင့်ကို ချောက်ချခဲ့တာ'

'ဩော်... အခု မင်း ကျေနပ်ပြီလား'

သူက အံကြိတ်ရင်း ကျွန်တော့်ကို ကြည့်တယ်။ နာကြည်းချင်ပေ မယ့် ဒီအထိ သူ့စိတ်က မာကျောပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



'မကျောဘူး၊ ရှင်ဟာ ကျွန်မအချစ်ကို ညာယူသွားတာ လူလိမ်၊ ရှင့်ကို တစ်သက်လုံး မမေ့ဘူး၊ ဒီထက်မက ဆိုးဝါးအောင် ကျွန်မ ကြံစည်ထားခဲ့တယ်၊ ဒါပေမဲ့ ကိုမြင့်မိုးကလည်း တားလို့၊ ပြီးတော့ကျွန်မကိုယ်တိုင်ကလည်း သနားလို့၊ ဒီလောက်နဲ့ပဲ...'

'အဟား... မင်းက ငါ့ကို သနားသေးတာ'

'ဇေးသေး၊ ရှင့်မိန်းမကို သနားတာ'

ဩော်... ပဲခူးသူမ အနုအအလေးဆိုပြီး သူ့အပေါ် လှည့်လို့ရခဲ့တယ်ထင်တာ။ အံ့မယ် သူက လည်လား မလည်လား ကိုယ်ပါမူးပြီးလဲတာတောင် သူကဓာတ်တိုင်ကို ထပ်ပတ်လို့ကောင်းတုန်းပဲ။ လည်ပုံပြောပါတယ်။ သူက သက်ပြင်းကိုချရင်း...

'ဒါလောက်ဆို ရှင် မှတ်လောက်ပြီတော့ ထင်တာပဲ၊ ကျွန်မလည်း မနက်ဖြန် ပြန်တော့မယ်'

'ဟုတ်ပါတယ်ကွာ၊ ငါ အမြင်မှန်ရနေပါပြီ၊ မင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ အမြင်မှန်ရတာ နောက်ကျသွားပြီထင်တယ်'

'မကျသေးပါဘူး၊ ငါ့ကောင်ရဲ့ အဟဲ'

'မြင့်မိုး'

တံခါးဝမှာ မြင့်မိုးကို စပ်ဖြဲဖြဲနဲ့ တွေ့ရတယ်။ သူက ကျွန်တော့်ကိုကြည့်ပြီး ပြုံးတယ်။

'ဘယ်လိုလဲကွ၊ မင်းပုံစံက ဝမ်းလှချည်လား'

'မလောင်ပါနဲ့ကွာ၊ ငါထင်တော့ အထင်သား၊ ငါ့မိန်းမကို တစ်ယောက်ယောက်ထောင်ပြီဆိုတာ မင်းပဲကိုး'

'ဟုတ်တယ်၊ ငါနဲ့ငါ့ညီမ တိုင်ပင်ပြီးတဲ့နောက် မင်းမိန်းမဆီ ဖုန်းဆက်ပြီး နေ့တိုင်းချွန်ခဲ့တာ ဟဲ... ဟဲ၊ မှတ်ပြီလား၊ ငါ ဒီအဆေးတော မလာခင်အထိ မင်းမိန်းမကို တောင်းပန်ရင် မင်းမီသေးတယ်၊ ဒါပေမဲ့ ငါ ဒီအခန်းဝရောက်တော့ မမီတော့ဘူးဆိုတာ သိလိုက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဘာလို့လဲ'

ကျွန်တော်က မေးတော့ ငနဲက ပခုံးတွန့်တယ်။ ရုပ်ဆေက ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး အခန်းထဲက ထွက်သွားတယ်။

'ဘာလို့လဲဆိုတော့ ငါ့အပေါ်တက်လာတော့ မင်းမိန်းမငိုပြီး ဆင်းပြေးသွားတယ်၊ အဟဲ… ကြည့်ရတာ မင်းတို့နှစ်ယောက်ကို အတူတွေ့သွားပြီ ထင်တယ်'

'ဟာ… သေပြီ၊ ဒါကြောင့် ငါ သူ့ကိုမြင်မိပါတယ်မှတ်တာ၊ ကြည့်စမ်း၊ သူ တကယ်လိုက်လာတာပဲ'

မြင့်မိုးက သက်ပြင်းကိုချရင်း…

'ဒါပေမဲ့ မင်းသေသေချာချာ ရှင်းပြရင် ရနိုင်ပါသေးတယ်ကွ၊ ငါ မင်းဘက်က လိုက်ပြောပေးပါ့မယ်'

ကျွန်တော်က ခေါင်းကိုရမ်းလိုက်ပြီး…

'မထင်ပါဘူးကွာ၊ ငါ အိမ်ပေါ်ကို ပြန်တက်ဖို့ အကြောင်းပြချက်က မရှိဘူးကွ'

'ဒါကတော့ မင်းကိစ္စပဲ၊ ဒါမျိုးဆို မင်းက ပညာရှင်အဆင့်ပဲ၊ မင်းဘာသာမင်း ကြံစည်ပေါ့၊ ကဲ… ငါ သွားတော့မယ်'

သူက သွားဖို့ ခြေလှမ်းပြင်ပြီးမှ ပြုံးရင်း…

'ငါတို့ ဝမ်းသာခြင်းအထိမ်းအမှတ်တစ်ခု၊ အဲ… မင်းနဲ့မင်းမိန်းမ မြန်အဆင်ပြေသွားရင်တော့ နှစ်ခုဖြစ်သွားပြီ'

'တစ်ခုက ငါ့အတွက် ဟုတ်ပါပြီ၊ နောက်တစ်ခုက ဘာအတွက်လဲ'

ငနဲက မိန့်မိန့်ကြီးပြုံးပြီး…

'အဟဲ… ငါ့အတွက် အိုကွာ ငါ့မိန်းမအတွက် ငါ့သားအတွက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဒါ… ဒါဆို… မင်း…'

'ဟုတ်တယ်၊ ငါ့မိန်းမ အခု မနက်ပဲမွေးတယ်၊ ဒီတော့… ဒီနေ့ည တစ်ညလုံး ကုန်အောင် နှစ်ပိုင်းဖြစ်မှ အဆင်ပြေမယ်၊ မင်းကြိုးစားကွာ၊ ငါနဲ့ သိန်းဝေ စောင့်နေမယ်'

'အိုကေ… သူငယ်ချင်း၊ ငါ ကြိုးစားမယ်'

သူက လက်မကို ထောင်ပြပြီး အခန်းထဲက ထွက်သွားတယ်။

'မြင့်မိုး'

ကျွန်တော်က လှမ်းခေါ်တော့ လှည့်ကြည့်တယ်။

'မင်း ကလေးအဖေဘွဲ့ပါ ထပ်တိုးပြီပေါ့'

သူက ဘာမှမပြောဘဲ အပြုံးနဲ့အတူ လှေကားကနေ ဆင်းသွားလေရဲ့။ ကျွန်တော် ပြန်ထိုင်ကျသွားရင်း အိမ်ကို ဘယ်လိုပြန်ရမလဲ စဉ်းစားတယ်။ ဒီတုန်းမှာပဲ အပေါ့သွားချင်လာလို့ ထမယ်ကြံမှ တစ်ခုခုကို သတိရသွားတယ်။

'ဟာ… ဆီးပုလင်း၊ ဟုတ်တယ်၊ ဟား… ဟား… ဒါ ငါ့မျှော်လင့်ချက်ပဲ၊ အဲ… ဘယ်နားမှာလဲ'

ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ မိန်းမရဲ့ ဆီးကိုစစ်ဖို့ ညာတာပါတောနဲ့ တောင်းထားတဲ့ ဆီးပုလင်းကို မေ့နေတာလေ။ ဘယ်နားထားမိလဲကို မေ့နေတယ်။ ကားထဲထားခဲ့မိလို့ကတော့ နာပြီ။ အတော်ကြာကြာစဉ်းစားပြီးမှ…

'အနွေးအင်္ကျီ… ဟုတ်ပြီ'

ကျွန်တော် ဝမ်းသာအားရနဲ့ အိပ်ခန်းထဲ ယိုင်တိုင်တိုင်နဲ့ ဝင်ပြေးတယ်။ စောင်တွေနဲ့လုံးထွေးနေတဲ့ အနွေးအင်္ကျီကို တယုတယလေးကိုင်ရင်း လိုက်စမ်းတယ်။

'တွေ့ပြီ၊ ဟား… ဟား… မင်း ဘယ်ပြေးမလဲ'

ဇစ်ပါတဲ့အိတ်ကပ်ထဲမှာဆီးပုလင်းလေးကို တွေ့တော့ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ မျှော်လင့်ချက်ရဲ့ တစ်ဝက်ကတော့ အရောင်တောက်ခဲ့ပြီလေ။ အရှုံးတစ်ယောက်လို ဆီးပုလင်းလေးကို တယုတယကိုင်ရင်း ပွေ့ထားမိတယ်။

မှန်ထဲက ကိုယ့်ပုံပြန်ကြည့်ပြီး ကြောက်သွားတယ်။ ပုလင်းလေးကို အံဆွဲထဲအသေအချာထည့်ပြီး ရေချိုးခန်းထဲ ဝင်ခဲ့တယ်။ အတွေးထဲမှာ မိန်းမရဲ့ မျက်နှာက ပြုံးနေတယ်ဗျာ။

❖ ❖ ❖

'ဟင်… ဟွန်း… ထင်တဲ့အတိုင်းပဲ… ငိုပြန်လာပြီ'

ခြံတံခါးဖွင့်ပေးတယ်ဆိုရင်ပဲ ငယ်ငယ်စိုးက မျက်ရည်တရွှဲရွှဲနဲ့ အိမ်ထဲဝင်သွားတာကိုကြည့်ပြီး မိငြိမ်း ခေါင်းရမ်းလိုက်ပြန်တယ်။ အိမ်ထဲရောက်တော့ ငိုမဲ့မဲ့ထိုင်နေတဲ့ ယောက်မကို…

'ဘယ်လိုလဲ မမ၊ တွေ့ခဲ့ရဲ့လား'

'အေး… တွေ့ခဲ့တယ်ဟေ့၊ သူ့မယားငယ်နဲ့ ပလူးနေတာ တွေ့ခဲ့တယ်၊ ဩော်… ငါ့မှာတော့ သူနေကောင်းရဲ့လားဆို စိတ်ပူပြီး တစ်ယောက်တည်း လဲနေတော့မယ်ထင်တာ၊ သင်းက ထတဲ့အပြင် ငါမပြောလိုက်ချင်ဘူး၊ မယားငယ်ပါ ခေါ်ထားသေးတာ'

'ဟုတ်လို့လား မမရာ'

'ဟဲ့… ဟုတ်လို့ပေါ့၊ ငါလည်း အခန်းရှေ့ရောက်ရော တံခါးကြီးဖွင့်ပြီး အထဲမှာ နှစ်ယောက်တည်းဟဲ့၊ မှားတာ… ငါလိုက်သွားမိတာကို အ ငါ့အမှား… တောက်… တတ်လည်းတတ်နိုင်တဲ့လူ… ဟွန်း…'

ဒေါ်ခွီးနေတာကို ကြည့်ပြီး မိငြိမ်း တိတ်နေတယ်။ ငယ်ငယ်စိုး မီးဖိုခန်းထဲဝင်ပြီး ခဏကြာတော့ ဓားမကြီးကိုင်လို့ ပြန်ထွက်လာတယ်။

'ဟင်… မမ ဘာလုပ်ဖို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်ရမှာလဲ၊ သွားပြန်ခုတ်မလို့လေ'

'ဟာ… မမ တကယ်လည်း ခုတ်တာမှမဟုတ်ဘဲ၊ ပြီးတော့ အဲဒီမှာ မမကို ဆွဲမယ့်လူမရှိဘူးနော်'

'အင်'

ဒါနဲ့ပဲ ဓားမကြီးကို ကိုင်ရင်း ယောင်ချာချာနဲ့ ပြန်ထိုင်တယ်။ ပြီးမှ ဓားမကြီးသေးချရင်း စဉ်းစားနေတယ်။ နှုတ်ခမ်းကိုက်လိုက် အံကြိတ်လိုက်နဲ့ အတော်ကြာတော့မှ သက်ပြင်းကို ဟင်းခနဲချရင်း…

'တော်ပါပြီ၊ အကောင်းဆုံးကတော့ သူ့ကိုကွာပေးလိုက်တာပဲ အေးတယ်၊ အခုတိုင်းလည်း ဘာမှမထူးတော့၊ ငါသူ့ဘောထားကြီးပေးရမှာ ပေါ့'

'မမ ဆုံးဖြတ်လိုက်ပြီလား'

'အင်းဟယ်… ငါ့ထိုက်နဲ့ငါ့ကံပဲ ရှိပါစေတော့၊ ငါကွာပေးလိုက်မှ သူလွတ်လပ်သွားမှာ၊ ဒီတော့ သူ့ကိုဖုန်းဆက်ခေါ်မယ်၊ ပြီးမှ သူ့မိဘတွေရယ်၊ ငါ့မိဘတွေရယ်ကို ဖုန်းဆက်ခေါ်ပြီး ကွာရှင်းဖို့လုပ်ရမယ်'

'မမ… အဲလိုပဲ အရှုံးပေးတော့မှာလားဟင်'

မေးတော့ တွေတွေလေး စဉ်းစားနေတယ်။

'မမပဲ ကိုကို့ကို ချစ်လှချည်ရဲ့ဆို'

မေးတော့ သက်ပြင်းကို အရှည်ကြီးဆွဲကာ…

'အေး… ချစ်လို့ ချစ်လွန်းလို့ ဒီလိုဆုံးဖြတ်လိုက်ရတာ၊ မဟုတ်ရင် သူရော ငါရာ စိတ်ဆင်းရဲနေရမှာ၊ ငါကွာပေးလိုက်ရင် သူစိတ်ချမ်းသာမှာပါ'

ပြောရင်း ဟမ်းဖုန်းနဲ့ လှမ်းခေါ်ဖို့ပြင်တယ်။ အဲ… ပြီးမှ ထိုင်ရာက ထရင်း အတော်ကြာတဲ့အထိ စဉ်းစားနေပြန်တယ်။ နောက်ဆုံးအံကြိတ်ပြီး ပြန်ထိုင်ကျသွားကာ ဖုန်းဆက်လိုက်တယ်။ ဖုန်းဝင်သွားပြီး မကြာပါဘူး မိုးလွင်ရဲ့ ဝမ်းသာအားရအသံကြီး ကြားလိုက်ရတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မိန်းမ… မောင့်ကိုဖုန်းဆက်တယ်၊ အဟား… ဝမ်းသာလိုက်တာ ဟား… ဟား'

ဒီအသံကိုကြားတော့မှပဲ ထားခဲ့တဲ့ မေတ္တာစိတ်လေး ပြန်ပျောက်သွားပြီး…

'ရှင့်အသံကို မကြားချင်ဘူး၊ တိတ်…'

'ဟင်… ဒါဆို ဘာလို့ဖုန်းဆက်လဲ၊ အဟဲ… မင်း မောင့်ကိုမမုန်းပါဘူးကွာ၊ ဟုတ်တယ်မဟုတ်လား၊ လွမ်းနေတာနော်'

'တော်… ရှင့်ဆီကို ဆက်ချင်လွန်းလို့ မထင်နဲ့၊ မဖြစ်မနေမို့ဆက်ရတာ၊ ရှင် အိမ်ပြန်ခဲ့'

'ဟာ… ဝမ်းသာလိုက်တာကွာ၊ မောင်လည်း ပြန်လာချင်နေပြီ၊ အဟီး… ဒါပေမဲ့ ကိစ္စလေးတွေ မပြတ်သေးလို့'

ဟိုက ဘာကိစ္စဆိုတာ မသိပေမယ့် သူ့မယားငယ်နဲ့ပလူးတဲ့ကိစ္စထင်ပြီး စိတ်တိုသွားပြန်တယ်။

'ဒီမှာ ရှင့်အငယ်နဲ့ ပလူးတဲ့ကိစ္စထားပြီး အိမ်ကိုအမြန်ပြန်ခဲ့၊ ရှင်နဲ့တွာရှင်းမလို့လေ၊ အဲဒါ အမေတို့ကိုလည်း ခေါ်ထားတယ်'

'ဟာ… မိန်းမရယ်… မင်း အမြင်လွဲတာပါ၊ ငါ ဘယ်မယားငယ်နဲ့မှ မပလူးဘူး၊ တကယ်ပါ၊ ယုံပါကွာ'

မျက်စိနဲ့တွေ့ခဲ့တာတောင် သင်းက ငှက်ပျောသီးကို မုံလာဥလုပ်ချင်သေးတာ။

'ရှင့်ဘာသာ ဘာဖြစ်ဖြစ် ကျွန်မ မသိချင်ဘူး၊ ရှင် မြန်မြန်ပြန်လာရင် ကျွန်မ ကိုယ့်ဘာသာ လက်မှတ်ထိုးမှာနော်၊ ပြီးတော့ ရှင့်လက်မှတ်ကိုလည်း တုထိုးတတ်တယ်ဆိုတာ ရှင်မမေ့နဲ့'

'ဟာ… မိန်းမရာ… မင်း အဲလိုတစ်ဘက်သတ်တော့ မဆုံးဖြတ်ပါနဲ့၊ မောင်လာတဲ့အထိစောင့်ပါဦး'



www.burmeseclassic.com

www.burmeseclassic.com


'ဘာ မောင်လဲ၊ နားခါးတယ်၊ အချိန်တစ်နာရီရမယ်၊ တစ်နာရီအတွင်း မရောက်ရင်တော့…'

ပြောပြီး ဖုန်းကိုပိတ်လိုက်တယ်။ ယောက်ျားရဲ့ အသံကိုကြားတာနဲ့ စိတ်ပြန်လည်ချင်သွားပြန်တယ်။ ဒီတုန်းမှာပဲ ဖုန်းပြန်မြည်လာလို့ ကြည့်လိုက်တော့ မိုးလွင်ဖုန်း ဖြစ်နေတာနဲ့ မျက်နှာလေးစူပုပ်ပြီး…

'ဟဲလို… ဘာလဲ'

'မင်း အဲလိုအပြတ်ကြီးတော့ မလုပ်ပါနဲ့ကွာ၊ မောင် တောင်းပန်ပါတယ်၊ မင်းစားနဲ့ခုတ်ချင်ခုတ် ထုချင်ထု မောင်ပြန်လာတဲ့အထိတော့ စောင့်ပါ'

'မသိဘူး'

ပြောပြီး ဖုန်းကို ပိတ်လိုက်ပြန်တယ်။ မိဘတွေဆီ ဖုန်းဆက်ရင်ကောင်းမလား စဉ်းစားတုန်း ကားသံကြားရပြီး မိငြိမ်းက ခြံဝကို ပြေးကြည့်တယ်။

'ဟယ်… မမအဖေနဲ့ ကိုကို့အဖေ လိုက်လာကြပြီ'

'ဟင်… ဒုက္ခပဲ၊ မောင်တောင် ပြန်မရောက်သေးဘူး'

ဖုန်းမဆက်ရသေးဘဲ ရောက်လာကြတယ်ဆိုတော့ အခြေအနေက မကောင်းပါ။ ဒီအချိန်မှာပဲ မိငြိမ်း ခြံတံခါးဖွင့်ပေးလိုက်လို့ ကားနှစ်စီး ခြံထဲဝင်လာပြီး ကားထဲကနေ နှစ်ဘက်မိဘတွေ မျက်နှာမာကြီးတွေနဲ့ ဆင်းလာတာကို တွေ့လိုက်ရတော့တယ်။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျွန်တော့်မိန်းမရဲ့ 'မသိဘူး'ဆိုတဲ့ စကားသံကို ကြားလိုက်ရတဲ့အတွက် မျှော်လင့်ချက်ရှိသေးတယ်လို့ တွေးလိုက်တယ်။ အခုဆို ရေချိုးပြီးဆီးစစ်ဖို့အတွက် ကျွန်တော့်နဖူးကွဲတုန်းက ကုခဲ့တဲ့ ဆေးခန်းကိုသွားတုန်းဖုန်းဝင်လာတာ။

ဆေးခန်းရှေ့ရောက်တော့ နေ့လယ်မို့ထင်တယ်။ လူတစ်ယောက်မှ မရှိဘူး။ အားရဝမ်းသာနဲ့ ပြေးဝင်သွားတော့ မျက်မှန်းမိနေတဲ့ ဆရာဝန်က…

'ဟာ… ဖောက်သည်ကြီး အဟဲ… ဒီတစ်ခါ ဘာပြဲလာပြန်ပြီလဲ၊ ခင်ဗျား နေ့တိုင်းခေါင်းကွဲပြီး ကျုပ်ဆေးခန်းလာရင် ကောင်းမှာ'

'ဟာဗျာ'

ဆရာဝန်ရဲ့ စကားကို ကြားတာနဲ့ စိတ်ပျက်သွားတယ်။ ကြည့်လေ သူပိုက်ဆံရဖို့ပဲ ကျွန်တော်က အလကားနေရင်း ခေါင်းအရိုက်ခံရမယ့်ပုံ။ သူက အသေအချာခြေဆုံးခေါင်းဆုံး ကြည့်ပြီး…

'ဟင်… ခင်ဗျား ဘာမှလဲ ဖြစ်မလာပါလားဗျ'

'ဟာဗျာ… ကျုပ်က ဘာဖြစ်ရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သိဘူးလေ၊ ရေးကြီးသုတ်ပျာနဲ့ဆိုတော့ ဟိုတစ်ခါလို ကွဲလာတာလားလို့… အဟဲ…'

'ဟာ… နိမိတ်မရှိ နမာမရှိဗျာ၊ ကျုပ်ဆီးလာစစ်တာဗျ၊ ရော့… ဒီမှာ ဆီးပုလင်း'

သူက ဆီးပုလင်းကို စိတ်မပါစွာနဲ့ ယူလို့ ခေါင်းခါတယ်။ ပြီးမှ ခိုလိုညည်းတယ်။

'အင်း… လူနာက ပါးတယ်ဗျ၊ ဆေးခန်းတွေကများတာကိုး၊ လူတွေ အစုလိုက်အပြုံလိုက်ကျလာရင် ကောင်းမယ်'

'အင်… မကြုံကောင်း မစည်ရာဗျာ'

ကြည့်… ပြောပုံက သူ့ဆေးခန်းလူစည်အောင်ပဲ အမြဲထိခိုက်မှုများမှာ ဖြစ်ပေးရမယ့်ပုံ ပေါက်နေတယ်။

'ဩော်… ဒါနဲ့ ကျုပ်ဆေးခန်းရဲ့ တစ်လမ်းကျော်မှာ ခရီးသည်တင် ဘတ်စ်ကားကြီးမှောက်လို့ဆို၊ အဲဒါ ကျုပ်ဆေးခန်းလည်း တစ်ယောက်မှမလာပါလား'

'ဟာဗျာ… မကြားမိပါဘူး'

'တောက်… ဘယ်ကောင်ပါးစပ်ကမြင်းသွားလဲ မသိဘူး၊ ကျုပ်ကတော့ အဟုတ်ထင်ပြီး စောင့်နေတာ'

ဩော်… ခက်ပြီ။ ဆေးခန်းဖွင့်တဲ့လူတွေများ တစ်နေ့တစ်နေ့ ကားတိုက်မှုတွေများဖြစ်အောင် ဆုတောင်းနေကြတာ မှတ်တယ်။ ကျွန်တော်ကလည်း အရေးတကြီးဆိုတော့…

'ကဲပါဗျာ၊ ဘယ်နားမှာ အက်ဆီးဒင့်ဖြစ်ဖြစ် ကျုပ်ပြောပါ့မယ်၊ လောလောဆယ် ကျုပ်ဆီးလေး စစ်ပေးပါ၊ လုပ်ပါဗျာ၊ လူရှင်းတုန်း'

အတင်းကာရော တောင်းပန်တော့မှ ဆီးပုလင်းယူပြီး ဒုတ်ခွဲခန်းထဲ ဝင်သွားတယ်။ ကျွန်တော်လည်း နာရီတကြည့်ကြည့်နဲ့ ထိုင်စောင့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အတော်ကိုကြာပါတယ်ဗျာ။ ဆီးလေးတစ်ခါစစ်တာကို နာရီဝက်နီးပါး ကြာလာတာနဲ့ ကျွန်တော် လည်တဆန့်ဆန့်နဲ့ မျှော်နေတယ်။

အတော်ကြာမှ နဖူးကချွေးတွေကိုသုတ်ရင်း ခေါင်းတရမ်းရမ်းနဲ့ ထွက်လာတယ်။ ပါးစပ်ကလည်း…

'ထူးဆန်းတယ်၊ ထူးဆန်းတယ်၊ အံ့သြဖို့ကောင်းလိုက်တာ တကယ် ဝါပဲ'

ပွစိပွစိနဲ့ ပြောရင်း ကျွန်တော့်ကို ခေါင်းစခြေဆုံးကြည့်တော့တာ။ အဲ… ကြာလာတော့ ကျွန်တော်လည်း သူကြည့်တာကို ကြောက်လာတာ နဲ့…

'ဟာ… ဟေ့လူ ဘာကြည့်တာလဲဗျ'

'ဒါနဲ့ ခင်ဗျား ယောကျ်ားအစစ်ပါနော်'

'ဗျာ'

သူစိမ်းစိမ်းကြီး စိုက်ကြည့်တာနဲ့ ကျွန်တော်ပါ နွဲ့ချင်သွားတယ်။ ဒါနဲ့ ကျွန်တော်လည်း ဝတ်ထားတဲ့အင်္ကျီကို ဆွဲချွတ်ပြလိုက်တာပေါ့။

'ဟွန်း… ခင်ဗျားက ကျုပ်ကို ဘာထင်လဲ၊ ဒီမှာကြည့် ကျားဆို မှ ယောကျ်ားကြီးဗျ'

'ဟင်… အဟင့်'

သူက ကျွန်တော့်ရဲ့ ဗလာကျင်းတဲ့ အပေါ်ပိုင်းကိုကြည့်ပြီး ဘာ ရယ်မသိ ကိုယ်လုံးကြီးလိမ်နေတယ်။ ဆီးပုလင်းကို ကိုင်ကာ ကျွန်တော့်ကို ကောင်မလေးတွေလို မခို့တရို့ကြည့်နေတာနဲ့ ကြက်သီးထသွားတယ်။

'ဟာ… ဟေ့လူ… လုပ်ပါဗျ၊ ဘာတွေ့လဲ'

'အင်း… သူများ အဲလေ ထူးဆန်းတယ်ဗျာ၊ ကျုပ် ဆရာဝန် သက်တမ်းမှာ ဒါမျိုးကြုံဖူးဘူး'

'ဘာ… ဘာတွေ့လို့လဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဆီးထဲမှာ ဘာရောဂါဆန်းများပါလဲပေါ့။ ကြောက်လန့်တကြား မျက်လုံးပြူးနဲ့ မေးတော့…

'တခြား ဘာပိုးညာပိုး ဘာမှမတွေ့ဘူး၊ ဒါပေမဲ့ အရမ်းအံ့သြစရာကောင်းတယ်၊ ကျုပ် မယုံကြည်နိုင်တာနဲ့ အခါခါပြန်စစ်တော့လည်း ဒီအဖြေပဲ၊ အင်း… ထူးဆန်းတယ်'

'ဘာ… ဘာများလဲဗျာ'

ကျွန်တော်က ရင်အခုန်သားနဲ့မေးတော့ သက်ပြင်းကိုချရင်း စိတ်မကောင်းတဲ့ပုံစံနဲ့…

'ကျုပ် ပြောရမှာ စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျား စိတ်ခိုင်ခိုင်ထားစေချင်တယ်၊ ခင်ဗျားမှာ ကိုယ်ဝန်ရှိနေတယ်ဗျ၊ တကယ်ပဲ ထူးဆန်းတယ်၊ ယောကျ်ားကိုယ်ဝန်ရှိတာ ကြုံဖူးပေါင်ဗျာ၊ ခုမှပဲ တွေ့ရဖူးတော့တယ်'

'ဗျာ… ဟာ… ဝမ်းသာလိုက်တာ၊ ပေး… ပေး… ထင်တယ်၊ ကျွန်တော် ထင်တယ်၊ ရဟူး… အိမ်ပြန်လို့ရပြီကွ'

ကျွန်တော်က အားရဝမ်းသာနဲ့ ဆီးပုလင်းကို လှမ်းယူပြီးသိမ်းလိုက်တော့ သူက မျက်ပြူးကြီးနဲ့…

'ဟင်… ခင်ဗျား ဝမ်းသာတယ် ဟုတ်လား'

မေးတော့ ကျွန်တော်က မိန့်မိန့်ကြီးပြုံးတယ်။

'ဟုတ်တယ်၊ ကျုပ်လိုချင်တဲ့အဖြေရလို့ ကျုပ်ဝမ်းသာတယ်၊ ဒါနဲ့ ခင်ဗျား သေချာတယ်နော်'

'သေချာပါတယ်ဗျ၊ ကျုပ် ယုံတောင်မယုံနိုင်ဘူး၊ ခင်ဗျားက ယောကျ်ားပါ၊ ပြီးတော့ ကိုယ်ဝန်ရှိနေတယ်၊ ဒါကိုခင်ဗျားပျော်နေတယ်၊ ထူးဆန်းတယ်၊ ထူးဆန်းတယ်၊ ကျုပ် ရူးချင်လာပြီ'

ဆရာဝန်က ကျွန်တော့်ဆီးတွေထင်ပြီး ကျွန်တော့်ကိုထူးဆန်းတယ်လို့ ကြည့်နေတာနဲ့ ပြုံးလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ဒီအဖြေကို လိုချင်တာ၊ ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ် အိမ်ပြန်ပြီး မိန်းမနဲ့ ပြန်ပေါင်းလို့ရပြီ'

ပြောတော့ ငနဲက မျက်ပြူးကြီးနဲ့…

'ဟင်… ခင်ဗျားမှာ မိန်းမရှိတယ် ဟုတ်လား၊ ဒါနဲ့တောင် သူ့မှာ ကိုယ်ဝန်မရှိဘဲ ခင်ဗျားမှာ ရှိတယ်ဆိုတော့ ကျုပ် ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး၊ တစ်ခုခုတော့ မှားပြီထင်တယ်'

သူ့ကိုရှင်းပြမနေတော့ဘဲ ကျွန်တော်လည်း ဆေးခန်းရဲ့အပြင်ကို အပြေးတစ်ပိုင်းနဲ့ သွားတော့…

'ဟာ… ဟေ့လူ စမ်းသပ်ခပေးသွားဦးလေဗျာ'

ကျွန်တော် ပျော်လည်းပျော် နောက်လည်းနောက်ချင်တာနဲ့ ခဏရပ်ပြီး…

'ဟုတ်သား၊ ဒါပေမဲ့ အခုမယူနဲ့တော့ဗျာ၊ ကျုပ် ခင်ဗျားဆီ ကလေးလာမွေးမှပဲ ယူတော့'

'ဟင်… ကောင်းတယ်၊ လာခဲ့၊ အင်း… ဆန်းတယ်၊ ဆန်းတယ်၊ မိန်းမမှာကိုယ်ဝန်မရှိဘဲ…'

ကျွန်တော်လည်း သူ့စကားတွေ နားမထောင်တော့ဘဲ လမ်းမပေါ်က ကားတစ်စီးကို အမြန်ငှားပြီး ပြန်ပြေးခဲ့ရတယ်။ ဒါပေမဲ့ အောင့်သက်သက်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ တက္ကစီသမားက တက္ကစီကို ပြန်ငှားစီးရလို့လေ။

အတော်ကြာကြာကြီး လည်တဆန့်ဆန့်စီးလိုက်မှ ကျွန်တော့်အိမ်ရှေ့ရောက်တယ်။ ဈေးဆစ်မနေဘဲ အတင်းပေးပြီး မျက်နှာကို ခေါင်းကနေ အနွေးအင်္ကျီနဲ့ အုပ်လိုက်တယ်။ ဒီနားပတ်ဝန်းကျင်က လူတွေ မျက်နှာအမြင်မခံချင်လောက်အောင် ရှက်နေမိတယ်။

ငြိမ်းငြိမ်းက တံခါးလာဖွင့်ပေးရင်း တိုးတိုးပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



'အထဲမှာ လူကြီးတွေအချင်းချင်း ရန်ဖြစ်နေကြတယ် ကိုကိုတော့ မလွယ်ဘူး၊ မမကို ကွာရှင်းလက်မှတ်ထိုးခိုင်းနေတာ အတင်းပဲ၊ မမက ကိုကိုလာမှ ထိုးမယ်ဆိုပြီး ပေကပ်နေတယ်'

'ဟင်… ဟုတ်လား၊ နေပါဦး၊ မိဘတွေကို နင့်မမခေါ်လိုက်တာ မဟုတ်ဘူးလား'

'ဟင့်အင်း… သူက ကြံရုံပဲ ရှိသေးတာ၊ သူတို့ရောက်လာကြတယ်၊ ကိုကိုရယ် မမ သနားပါတယ်၊ ညညဆို မအိပ်ဘူး၊ ပြီးတော့ သူ့မှာ ကလေးရှိနေပြီလို့ ပြောတာပဲ၊ ကိုကို သူ့ကိုကွာမပေးနဲ့နော်'

ကျွန်တော် အတော့်ကို စိတ်မကောင်းဖြစ်သွားတယ်။ မိငြိမ်းရဲ့ ခေါင်းလေးကို ပုတ်ရင်း…

'စိတ်ချ သူအတင်းကွာခိုင်းတာတောင် ကိုကို ကွာမပေးဘူး နောက်ဆုံး သူမားနဲ့ခုတ်ရင်တောင်ခံမယ်'

'ကောင်းတယ်၊ မမက အရမ်းသဘောကောင်းတာ၊ ဒီလိုအစ်မမျိုးပဲ လိုချင်တယ်'

ကျွန်တော်က သူ့ကိုပြုံးပြပြီး အိမ်တံခါးဘေး ပြေးကပ်ရင်း အသံတွေကို နားထောင်မိလိုက်တော့…

'သမီးရယ်… ထိုးလိုက်ပါ၊ ဒီလိုကောင်စားမျိုးနဲ့ ပေးစားမိတာကိုက မေမေ့အမှား'

ယောက္ခမဖြစ်သူရဲ့အသံနဲ့အတူ မိန်းမရဲ့…

'ထိုးဘူး'

ယတိပြတ်အသံကို ကြားရပြန်တယ်။ တစ်ခါ…

'တောက်… ဟော့ကောင် မင်းလွှင် မင်း မဆုံးမလို့မိန်းသား ဒီလိုဖြစ်ရတာ၊ မင်းမှာ တာဝန်ရှိတယ်၊ ဟွန်း… ဟဲ့… သမီး ဒီ



www.burmeseclassic.com

www.burmeseclassic.com



အလေနတောကောင်နဲ့ ဆက်မပေါင်းနဲ့၊ ထိုးလိုက် လက်မှတ်၊ ပြီးရင် အဖေနဲ့အတူ အိမ်ပြန်လိုက်ခဲ့'

'ထိုးပါဘူးဆို'

ယောက္ခထီးအသံနဲ့အတူ မိန်းမရဲ့ ပေတူးတူး ဂျစ်ကန်ကန်အသံကို ကြားရတော့ ကျွန်တော် အားတက်သွားတယ်။

'ဟုတ်ပါတယ် သမီးရယ်၊ ကွာပေးလိုက်ပါ၊ ဦးရဲ့သား မကောင်းဆိုးဝါးကိုလည်း အမွေဖြတ်ပြီး ပစ်ထားလိုက်မယ်၊ သမီးအတွက် ပြောတာပါ'

'ဟင့်အင်း… မထိုးဘူး'

'ထိုးလိုက်ပါ သမီးရယ်၊ အမေလည်း သမီးဘက်က နာတယ်၊ ဒီအကောင် ဒီအကျင့်ကို သူ့အဖေဆီက ရတာနေမှာ၊ အကျင့်ဆိုးတွေလေ၊ ဒီတော့ သမီးဘဝသာယာလာအောင် ကွာပေးလိုက်ပါကွာ'

'ဟင့်အင်း… သူလာမှ'

ကျွန်တော့်ရင်ထဲ နင့်သွားတယ်။ ဒါလောက်ဆိုးပေနေတာတောင် သူ့ ချစ်တုန်းပဲ။ အများနဲ့တစ်ယောက်တောင် သူဟာ ကျွန်တော့်ဘက်က ရှိနေခဲ့တယ်လေ။ ကျွန်တော့်စိတ်ကိုတင်းပြီး အိမ်ထဲလှမ်းဝင်လိုက်တော့…

'ဟင်… မောင်လာပြီ'

❖ ❖ ❖

ကျွန်တော့်မိန်းမက အားရဝမ်းသာ ပြုံးနေပေမယ့် ကျန်လူကြီးလေးယောက်ကတော့ အေးစက်စက်နဲ့ ကြည့်နေကြတယ်။ ကြည့်ရတာ ဥပဒေသာမရှိရင် ထသတ်မယ့်ပုံ။

'မင်း… လာပြီကိုး၊ မြန်မြန် ငါ့သမီးကို ကွာပေးစမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဟော့ကောင်၊ ဖွတ်မထွက်လည်း မင်းကို သစ်ခေါင်းကြီးမှန်း သိသွားပြီကွ လူယုတ်မာရဲ့'

သူ့မိဘတွေက ဝိုင်းပြောကြပေမယ့် ကျွန်တော် ဂရုမစိုက်ဘဲ မိန်းမ ဆောနားမှာ ခားမရှိလား ဝေ့ရှာတယ်။ ဘာဖြစ်ဖြစ် အန္တရာယ်ကင်းအောင်တော့ ကြည့်ထားရသေးတာ။ စိတ်ချရတော့မှ မိန်းမဆောကို ဝင်ထိုင်လိုက်ပြီး အားလုံးကို ပြုံးပြတယ်။

'ကဲ… ဟော့ကောင်… ခွေးသူခိုး… မင်းကိစ္စကို ပြတ်အောင်ရှင်း၊ မင်းကို မွေးရတာ ဝမ်းရေစပ်တယ်ကွ၊ စပ်တယ်'

အဖေကပြောတော့ အမေကမျက်စောင်းထိုးရင်း…

'ကိုမင်းလွင်… ဒါ ကျုပ်ပြောရမယ့်စကားလေ'

'သြော်… အေး… မင်းအစား ငါပြောလိုက်တာ၊ ကဲ… ဟော့ကောင် ကြားတယ်၊ ဒီမှာ စာချုပ် ထိုးစမ်းလက်မှတ်၊ မင်းကြောင့် ငါတို့လူကြီးတွေ မျက်နှာပူတယ်'

ကျွန်တော်က စာချုပ်ကိုတစ်ချက်ကြည့်ပြီး မိန်းမကို ငုံ့ကြည့်လိုက်တော့ ကျွန်တော့်ကို အားကိုးတကြီးလေး မော့ကြည့်နေတယ်လေ။ ကျွန်တော်က ပြုံးရင်း…

'ဒီစာချုပ်ကိစ္စက ကျွန်တော်နဲ့မှ ပြတ်မှာလား'

'ဟုတ်တယ်၊ မင်းကို စောင့်နေတာ'

'ကောင်းပြီ'

ကျွန်တော့်လက်က စာချုပ်ဆီ လှမ်းလိုက်တော့ မိန်းမဖြစ်သူက မျက်နှာလေးငယ်သွားတယ်။ ကျွန်တော်က စာချုပ်ကို နှစ်ခုစလုံးယူပြီး သေသေချာချာညီအောင်ထပ်ပြီးမှ လေးစိတ်ဖြစ်အောင် ဆွဲဖြဲပစ်လိုက်တယ်။ အားလုံး… ခဏတော့ တိတ်သွားကြတယ်။ မျက်နှာလေးဝင်းသွားတဲ့ ကျွန်တော့်မိန်းမကို မြတ်မြတ်နိုးနိုးလေးကြည့်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ဒါလည်းပြတ်တာပဲ မဟုတ်လား၊ ကွာရှင်းဖို့ကိစ္စကတော့ ကျွန်တော် လက်မခံသလို ကျွန်တော့်မိန်းမကလည်း လက်မခံဘူး'

'ဟော့ကောင်… ဒီလိုလုပ်လို့ရမလား'

'မင်း… ငါ့သမီးကို ဒုက္ခဆက်မပေးပါနဲ့တော့ဟယ်'

မိန်းမက သူ့မိဘတွေကို တစ်ချက်ကြည့်ပြီး…

'ဟုတ်ပါတယ် အမေရယ်၊ သမီး မကွာနိုင်ပါဘူး'

'ဘာ… အမိုက်မ… နင်'

သူ့အဖေက မျက်နှာမာကြီးနဲ့ ပြောမယ်ကြံပေမယ့်…

'သမီး မိုက်ပါတယ်၊ ဟွန်း… အမေတို့ပဲ ပေးစားထားတာလေ၊ မိဘစကားနားထောင်တာနဲ့ မိုက်ရောလား'

ပေတူးတူး မျက်နှာလေးနဲ့ နှုတ်သီးကောင်းပြတယ်လေ။ အသွားကြီးရော အသိုးကြီးပါ ကိုယ့်အပြစ်နဲ့ကိုယ် တိတ်သွားကြတော့ ကျွန်တော့်အဖေက တစ်စခန်းထလာပြန်တယ်။ ကျွန်တော့်ကို စိုက်ကြည့်ရင်း…

'မိုးလွင်'

'ဗျာ… အဖေ'

ရိုရိုသေသေလေးထူးတော့ အဖေက စိုက်ကြည့်ရင်း လေးလေးနက်နက်ပြောပြတယ်။

'မင်း ကွာပေးလိုက်ပါ၊ မဟုတ်ရင် မင်းလုပ်ပုံနဲ့ ငါတို့သူငယ်ချင်းတွေ ရန်သူဖြစ်ကုန်လိမ့်မယ်'

'ဟုတ်တယ်၊ အခုတောင် မင်းမျက်နှာ သိပ်မမြင်ချင်တော့ဘူး၊ ဒီတော့ မင်း ငါ့သမီးကို ကွာပေးပါ'

ယောက္ခထီးကြီးကလည်း ဝင်ပြောတယ်။ ကျွန်တော့်အမေကတော့ ကျွဲရေးကွာရေး သိပ်ပြောချင်ပုံမရဘူး။ မျက်နှာကို လွှဲထားတယ်။ ကျွန်တော် က မိန်းမကို ကပ်မေးတယ်။

www.burmeseclassic.com



''ငယ်… ဘယ်လိုလုပ်မလဲ၊ မင်း ငါ့ကိုကွာချင်လား'

'ဟင့်အင်း… ဟင့်အင်း… မောင်ကရောဟင်'

သူက အတင်းငြင်းပြီး မျက်နှာငယ်လေးနဲ့ မငိုမရဲမေးတော့ ကျွန်တော်က ပြုံးလိုက်တယ်။

'ဘာလဲ အဖေတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရဖို့ အတွက် ကျွန်တော်တို့က စိတ်ဆင်းရဲခံပြီး ကွာပေးရမယ်ပေါ့၊ မတရားလိုက် တာဗျာ'

'ဘာကွ၊ မင်း'

အဖေနှစ်ယောက် ရှူးရှူးရှားရှားနဲ့ ဒေါသထွက်ပြီး လက်သီးတွေ တပြင်ပြင်နေကြတယ်။

ယောက္ခမကြီးက မျက်စောင်းထိုးရင်း…

'နင်လုပ်ပုံ ဟုတ်မှမဟုတ်တာဘဲ၊ ငါ့သမီးလေးဆို ကြည့်စမ်း၊ ပိန်လိန်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် နင်ကွာပေး'

'အဲဒါပဲ ပေးစားတုန်းကလည်း အမေတို့ပဲ၊ ကျွန်တော်တို့ သဘော တောင် မဟုတ်ဘူး၊ အခု ခွဲကြမယ်ပေါ့လေ၊ မရဘူး၊ ကွာမပေးဘူး၊ မိန်းမ မင်းရောကွာချင်လား'

'ဟင့်အင်း'

တစ်လက်စတည်း သူ့အမေကို…

'ဟုတ်ပါတယ် အမေရယ်၊ သမီးက မိဘစကားနားထောင်တဲ့ သူပဲဖြစ်ချင်တာ'

'ဒါဆို အခု အမေ့စကားကို သမီးနားထောင်လေ'

'အဲ… ဟင့်အင်း… အရင်ပြောတဲ့စကားကိုပဲ နားထောင်ချင် တာ'

'တိတ်ကြ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေ အကျယ်ကြီးအော်လိုက်မှ အခန်းထဲခဏတိတ်သွားကြတယ်။ အဖေက ကျွန်တော့်ကို ချိုချိုသာသာပြောတယ်။ ဒီလိုလေသံမျိုးက ကြားရခဲလေခြင်း…

'သား… မင်းကွာပေးလိုက်ပါကွာ၊ မင်း… သူများသားသမီးကို မနှိပ်စက်ချင်ပါနဲ့'

'ဟုတ်ပါတယ် သားရယ်၊ သူတို့ကလည်း သားကို အကောင်းမမြင်ဘူးကွဲ့'

အမေကပြောတော့ ယောက္ခမက ထအော်တယ်။

'ဘာ… ရှင်တို့သားကရော အကောင်းမြင်အောင် ဘာများလုပ်ခဲ့လို့လဲ၊ အလကား အလေဏာတောကောင်'

'ဘာ'

အမေကလည်း ကျွန်တော့်ကိုထိတော့ မခံဘူး။ ဒါနဲ့ ရန်ဖြစ်စကားများကြဖို့ တာစူနေကြတယ်။ မိန်းမက ကျွန်တော့်လက်မောင်းကို လှမ်းကိုင်ပြီး…

'မောင်… ဘယ်လိုလုပ်ကြမလဲဟင်'

'ဘာမှမပူနဲ့၊ မောင် ရှင်းမယ်၊ အဟဲ… ကြည့်နေ'

ရန်စောင်နေကြတဲ့ လူကြီးတွေရှေ့မှာ ကျွန်တော်က ကြမ်းပေါ်ဆင်းပြီး ဦးသုံးကြိမ်ချတယ်။ အဲ… ငါးကြိမ်ဆို ကြာလို့လေ။

'မင်း ဘာလုပ်တာလဲကွ ဟေ'

'ခဏနားထောင်ကြပါ၊ ကျွန်တော့်ကြောင့်လူကြီးတွေ အချွင်ပွန်းမပျက်ကြပါနဲ့ ကျွန်တော်တို့မှာ ခွဲလို့မရတဲ့ အကြောင်းပြချက် ရှိနေပါတယ်'

'ဘာလဲ'

'ဟွန်း… မင်းကလည်မယ်တော့မကြုံနဲ့နော်'

ဒါပဲ အရင်ကလိမ်ခဲ့တာကို အကြောင်းပြပြီး တကယ်မှန်လုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါ မယုံကြတော့ဘူးလေ။ ကျွန်တော်က အိတ်ကပ်ထဲထည့်ထားတဲ့ ပုလင်းလေးကို စားပွဲပေါ်တင်လိုက်ပြီး…

'ကျွန်တော်တို့ကို ခွဲမရတာ၊ အဲဒါပဲ'

ပြောတော့ ပုလင်းလေးကို ဝိုင်းကြည့်ကြတယ်။ ယောက္ခမကြီးက ခနဲ့တဲ့တဲ့နဲ့…

'ဘာလဲ၊ ဟင်း… ဟင်း… မင်းတို့က အဆိပ်သောက်ကြမယ်ပေါ့၊ ဒါမျိုးက ဓာတ်ထဲမှာပဲရှိတာ၊ မင်းဘာသာ သောက်ချင်သောက်၊ ငါ့သမီးကိုတော့ မတိုက်နဲ့'

'သားရယ်… အဖနင်းရာငါးကမ္ဘာကွဲ့၊ မလုပ်ပါနဲ့'

ကျွန်တော့်အမေက ချော့ပြောတော့ ကျွန်တော်က ယောင်တောင်တောင်နဲ့ ပုလင်းအဖုံးကို ကောက်ဖွင့်ပြီး ရှိမီယိုလေသံနဲ့…

'ဟင့်အင်း… ရဘူး၊ တားနဲ့၊ သောက်မှာပဲ၊ အဲ… မသောက်ပါဘူး၊ ဘာလို့သောက်ရမှာလဲ၊ အဲဒါ အဆိပ်မဟုတ်ဘူး၊ ငါးဆယ်၊ အဲလေ… ဆီးတွေဗျ'

'ဘာကွ'

'မင်း… မင်း… ဟော့ကောင် မင်းလူကြီးတွေကို စော်ကားလှချည်လား၊ ငါ…'

အမေက ဒေါကန်သွားပြီး ယောက္ခထီးကြီးက လက်တပြင်ပြင်နဲ့၊ အမေက ခေါင်းရမ်းပြီး ယောက္ခမက မျက်တောင့်နီကြီးနဲ့ ကြည့်နေတာလေ။ အတင်းရှင်းရတော့တာ။

'ကန်တော့ပါ၊ ကျွန်တော် မရိုမသေ လုပ်တာ မဟုတ်ပါဘူး၊ ဒါက ကျွန်တော်တို့အတွက် ရေးသရေးရှင်ရေးရှိလို့ ထုတ်ပြရတာပါ၊ ဒီပုလင်းထဲမှာ အားလုံးမြင်တဲ့အတိုင်း ဆီးတွေပါ၊ အမေတို့အတွက် ရွံစရာလို့ပေမယ့် ကျွန်တော့်အတွက်တော့ ဒါဟာ အသက်ကယ်ဆေးပါပဲ၊ ကယ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း မင်း သောက်လိုက်လေ'

လိုရင်းမရောက်တော့ ယောက္ခမဖြစ်သူက ရွဲ့ပြောတယ်။

'အဟဲ… သောက်လို့မဖြစ်ဘူး၊ ဒါ ကျွန်တော့်မိန်းမရဲ့ဆီးတွေပါ၊ ကျွန်တော် သွားစစ်လိုက်တော့ နက်ကတစ်ပြတယ်တဲ့'

'ဟင်'

အမေနဲ့ ယောက္ခမက သဘောပေါက်ပြီး ဝမ်းသာပုံပေါက်သွားပေမယ့် အဖေနဲ့ ယောက္ခထီးက ဘာမှန်းမသိတော့။

'ဘာလဲကွ၊ နက်ကတစ်'

'အေး… ရှင်းရှင်းပြော'

'ဩော်… အဖေ့သမီးမှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတာ၊ အ,ပါ့ဗျာ'

'ဟင်… တကယ်'

'မြေး… မြေးချီရပြီပေါ့၊ ဟဲ… ဟဲ'

လူကြီးတွေ စောစောက အငြိုးတွေ ပျောက်ပြီး ပြုံးကုန်ကြတယ်။ ကျွန်တော်က ရှက်သလို ဖြစ်နေတဲ့ မိန်းမကို ပြုံးပြရင်း…

'ဒါကြောင့် ကျွန်တော် ကွာမပေးတာပါ၊ ပြီးတော့ ကျွန်တော့်အမှားတွေအတွက်လည်း တောင်းပန်ပါတယ်ဗျာ၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး'

မမြင်ရသေးတဲ့ မြေးမျက်နှာနဲ့ လူကြီးတွေ နှစ်ဦးနှစ်ဘက် ပြုံးကြည့်ကြရင်း ပြန်သင့်မြတ်သွားကြတယ်။

ယောက္ခမက…

'မင်းကတိကို လွယ်လွယ်မပေးနဲ့၊ ဟွန်း… လောလောဆယ်တော့ ကလေးမျက်နှာနဲ့ ခွင့်လွှတ်လိုက်မယ်'

'ဟုတ်တယ် သား၊ မင်း ကတိကို တန်ဖိုးထားမှ ဖြစ်မှာနော်… သမီးလေး လာစမ်းပါဦးကွဲ့'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ အမေနဲ့အတူ ယောက္ခမရော မိန်းမပါ အိပ်ခန်းထဲဝင်သွားကြတော့ အဖေက ကျွန်တော့်ကို ဇဝေဇဝါမေးတယ်။

'ဟေ့ကောင်… မင်းပြောတော့ ကိုယ်ဝန်ရှိပြီဆို၊ ဗိုက်လည်းမကြီးပါလားကွ ဟေ'

'ဟုတ်တယ်၊ မင်း မကလည်းနဲ့ကွနော်'

'ဟာ… ဟုတ်ပါတယ်၊ ဗိုက်ကချက်ချင်းကြီး ဖောင်းတတ်လို့လားဟင်၊ လကြာမှ ထွက်တာဟုတ်ဘူးလား'

'ငါတို့လည်း သိဘူးဟ'

'ဟာ… ညံ့ပါ့ဗျာ၊ မှတ်ထား ကိုယ်ဝန်ရှိတယ်ဆိုတာနဲ့ ဗိုက်မဖောင်းဘူးဗျ'

'ဩော်'

လူကြီးနှစ်ယောက်ကို ဆရာပြန်လုပ်တော့ ငြိမ်သွားကြတယ်။ ခဏကြာမှ ယောက္ခမဖြစ်သူက ပြုံးပြုံး ပြုံးပြုံးနဲ့ ပြန်ထွက်လာပြီး…

'အင်း… သေချာပြီ၊ ဟိုကောင် မင်းအကြောင်း ဘာဘာညာညာကြားလို့ကတော့ ငါ့သမီးကို ပြန်အခေါ်ပဲ၊ အဖေကြီးရေ ပြန်ကြမယ်'

သူ့ယောကျ်ားကလည်း တစ်ခွန်းပဲ။ နှစ်ယောက်သား အပေါက်ဝနားရောက်မှ…

'ဟာ… အဖေနဲ့ အမေ ပြန်တော့မလို့လား၊ နေပါဦးဗျ၊ စကားတောင် ပြောမဝသေးဘူး၊ အဟဲ'

'မင်းနော်… ဟွန်း'

'အေးဗျာ… အိမ်ပြန်ရောက်မှ ပြောပါလားကွဟေ'

နှစ်ယောက်သား မကြည်မသာနဲ့ပြောကာ ပေစောင်းစောင်းနဲ့ ကားပေါ်တက်ပြီး မောင်းထွက်သွားကြတယ်။

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ ပြုံးနေတယ်။ ခဏကြာတော့ မိန်းမနဲ့ အခမ်းအခန်းထဲက ပြန်ထွက်လာကြတယ်။

အမေက…

'သေချာပြီ၊ အဖေကြီးရေ… မြေးချီဖို့သာပြင်၊ သမီးကိုယ်ဝန်သုံးလကျော်ပြီ၊ မကြာခင် ဗိုက်ဖုံးအင်္ကျီဝတ်ရတော့မယ်… အဟင်း'

'ဟုတ်လား၊ သမီးလေးက ဘာလို့အခုမှပြောလဲ၊ အစောကြီးကတည်းက ပြောရောပေါ့'

အဖေကပြောတော့ မိန်းမက ဘာမှမပြောဘဲ ပြုံးနေတယ်။ ကျွန်တော့်ကိုတော့ မျက်စောင်းထိုးတယ်ဗျ။

'ကဲ… မင်းတို့ကိစ္စနဲ့ အလုပ်တွေပျက်တယ်ကွာ၊ အဖေတို့ပြန်တော့မယ် သမီး'

'ဟုတ်ကဲ့'

တစ်လက်စတည်း ကျွန်တော့်ကို မှာန်တယ်။

'မင်း အချိုးကို ပြင်ပါ၊ မဟုတ်ရင် မလွယ်ဘူးနော်၊ ငါ့အကြောင်းမင်းသိပါတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် အဖေ့ဆီ အလုပ်လာလုပ်ပါတော့မယ်၊ ကားမမောင်းတော့ဘူး'

'ကောင်းတယ် သား၊ အမေလည်း ကားမောင်းတာ သဘောမကျဘူး'

အမေက သူ့ချွေးမကို ဟိုဟာရှောင် ဒါရှောင် ဟိုဟာစား ဒါစားမှာပြီးတော့ ပြန်မလို့ ပြင်တယ်။ အဲ… တံခါးဝရောက်တော့မှ ကျွန်တော်က…

'အဖေ'

'ဘာလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အလုပ်စားပွဲကို အဖေ့အတွင်းရေးမှူးမလေးဘေးမှာ ထားနော်'

'ဘာကွ'

သူက ဒေါသတကြီး ထအော်ပြီး အမေ့ကို မလုံမလဲကြည့်တယ်။ အမေကလည်း ဇဝေဇဝါနဲ့ စောင်းကြည့်တော့မှ ကျွန်တော်က ချွန်တယ်။

'အေးလေ… အဖေလည်း အလှတော့ ကြိုက်မပေါ့၊ ရပါတယ် ဗျာ၊ အဖေက ဒါမျိုးဆို ကပ်စေးနည်းတတ်မှန်း သားသိပါတယ်'

'ဘာကွ… ဟော့ကောင်… မင်း'

'ကိုမင်းလွင်…'

'အား… ပြတ်ပြီ'

အဖေက မျက်ပြူးကြီးနဲ့ မာန်မယ်ကြဲတော့ အမေက ဗိုက်ပူကြီးကို ဆွဲရင်း…

'လာခဲ့… ရှင်နဲ့အိမ်ရောက်မှ ဒီကိစ္စ ရှင်းရမယ်၊ မရှင်းနိုင်ရင် ပြတ်ပြီမှတ်၊ ဗိုက်ကြော'

'ဘာမှမဟုတ်ပါဘူးကွ၊ ဒီကောင် သက်သက်ချွန်'

'တော်… ဘာမှမကြားချင်ဘူး၊ လာခဲ့'

အမေ့နောက်ကို အဖေ ယက်ကန်ယက်ကန်နဲ့ ပါသွားတယ်။ အဲ… အကွယ်ရောက်မှ အဖေ့ရဲ့ မခံချိမခံသာနဲ့…

'ဟော့ကောင်… မင်းကို ငါအလုပ်မခန့်တော့ဘူးကွ ခွေးသူခိုးရ'

ပြောတဲ့အသံကိုကြားပြီး ကျွန်တော်တို့လင်မယား ရယ်လိုက်ကြ တယ်။ ခဏကြာတော့ ကားသံနဲ့အတူ အဖေတို့ရဲ့ ကားလေး ခြံထဲက မောင်းထွက်သွားတယ်။

မိန်းမက ကျွန်တော့်ကို မော့ကြည့်ရင်း နဖူးက ပလာစတာကိုတွေ့ သွားပြီး စိုးရိမ်တဲ့ လေသံနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'မောင်… သက်သာရဲ့လား၊ အတော်များသွားလားဟင်၊ ကျွန်မ တမင်လုပ်တာ မဟုတ်ပါဘူး၊ တကယ်လုပ်လိုက်တာ… အဲ…'

'ကိစ္စမရှိပါဘူး၊ မင်း နောက်ထပ် ဘယ်နှယ်ချက်ခုတ်ခုတ် မောင် ထွက်မပြေးတော့ဘူး၊ မင်းအနားမှာ တစ်သက်လုံး ရှိနေမှာ'

'ဒီတစ်ခါတော့ ယုံရသေးတာပေါ့'

ကျွန်တော်က သူ့ကို မြတ်မြတ်နိုးနိုး ကြည့်လိုက်တော့ သူက ပြုံးနေတယ်။ နှစ်ယောက်သား အကြည့်ဆိုက်နေတုန်း မိငြိမ်းကလက်နောက် ပစ်ရင်း အနားလာရပ်တယ်။ ကျွန်တော်က ဂရုမစိုက်ဘဲ…

'စိတ်ချ၊ မောင် မင်းကို တကယ်ချစ်သွားပြီ၊ ဒီစကားကို ပြော ချင်ပေမယ့် မင်း မယုံမှာစိုးလို့၊ အိုကွာ… မင်း မောင့်အပေါ် ဘယ်လောက် ဆိုးဆိုး မင်းအနားကထွက်မသွားဘူး၊ နောက်ဆုံးဓားမနဲ့ပဲလိုက်ပါစေ၊ မပြေး တော့ဘူး'

မိန်းမက ကျေနပ်ပြီးပြုံးနေပေမယ့် မိငြိမ်းက ရပ်တည်နဲ့…

'တကယ်လား'

'ဟာ… တကယ်ပေါ့၊ နင် ဘာလာရှုပ်တာလဲ'

ကျွန်တော့်စကားကို ဂရုမစိုက်ဘဲ လက်ကိုရှေ့ထုတ်လိုက်ပြီး…

'ဒါဘာလဲ သိလား'

BURMESE CLASSIC

'ဟင်… ဓား… ဓားမကြီး'

ကျွန်တော် ခေါင်းပါကြီးပြီး နဖူးပါ ယားသွားတယ်။ မိန်းမနဲ့ သီမကတော့ ရယ်နေကြတယ်။

'မိန်းမ မင်း အဲဒီဓားမကြီးကို သူများပေးပစ်ပါကွာ၊ အိမ်မှာ ရှိတယ်၊ မတော်တဆ ထိမိခိုက်မိရင်လည်း အန္တရာယ်များတယ်… နော်… နော်…'

အလန့်တကြားပြောတော့ သူက ရယ်ချင်ပက်ကျိနဲ့…



www.burmeseclassic.com

www.burmeseclassic.com



'အော်… ရှင်က ကျေးဇူးရှင်ကို ကျေးဇူးဆပ်တယ်ပေါ့၊ ဒီလိုပြေလည်ဖို့ သူ့ကျေးဇူးတွေ အများကြီးပါတယ်၊ ဒီတော့… သူ့ကိုအနားမှာ အမြဲထားရမယ်လေ၊ ဒါမှ… ရှင်… ကျွန်မနားရှိမှာ'

'ဟင်'

ကျွန်တော်က စတီးလ်ရောင်တောက်နေတဲ့ ဓားမကြီးကို ပြုံးပြုံးလေး ကြည့်နေမိတော့တယ်။

ချစ်မျှားရှင်

BURMESE CLASSIC



www.burmeseclassic.com